ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဂျာနယ်

Environmental Conservation and Forestry Journal

၂၀၁၄ ခုနှစ်၊ ဧပြီလ

ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာမြို့ ၌ကျင်းပသော Forest Asia Summit ၂၀၁၄ သို့ တက်ရောက်

Forests Asia Summit ၂၀၁၄ ကို အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာမြို့ Yangri-la Hotel တွင် (၅-၅-၂၀၁၄)ရက်နေ့မှ (၆-၅-၂၀၁၄)ရက်နေ့အထိ ၂ ရက်ကြာ ကျင်းပခဲ့ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ H.E. Dr. Susilo Bambang Yudhoyono တက်ရောက်၍ အဖွင့်မိန့်ခွန်း ပြောကြားခဲ့သည်။ ထို့နောက် ထိပ်သီးအစည်းအဝေး ပထမနေ့အစီအစဉ်ကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းနှင့် စင်ကာပူသမ္မတနိုင်ငံ၊ ပတ်ဝန်းကျင်နှင့် ရေအရင်းအမြစ် ဝန်ကြီး H.E. Mr. Vivian Balakrishnan တို့က အစည်းအဝေး အဖွင့်အမှာစကားပြောကြား ခဲ့ကြသည်။

စာမျက်နှာ - ၄ သို့

မှန်နေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု ။

သစ်တောသယံဇာတ ပွဲပြိုးရေး ပြည်သူအားလုံးပါဝင်ပေး

လက်ရှိခေတ်အနေအထားအရ ပြုပြင်ပြောင်းလဲမှုများ ဖေါ်ဆောင်ကြရာတွင် အကျိုးရှိထိရောက်သော ပြုပြင်ပြောင်းလဲမှုများဖြစ်ရန် လိုအပ်ပါသည်။ နိုင်ငံတော်အစိုးရ၏ ပြုပြင်ပြောင်းလဲမှု တည်ဆောက်ရေးတွင် ဌာနဆိုင်ရာ အားလုံးမှလည်း အခြေအနေအားလျော် စွာ လိုက်ပါပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ပြုပြင်ပြောင်းလဲရေးမဟာဗျူဟာကို ကဏ္ဍအလိုက် လုပ်ငန်းစဉ်များ ချမှတ်၍ ဖေါ်ဆောင်ကြရမည်ဖြစ်ပါသည်။

ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ဖေါ်ဆောင်ရာတွင် နိုင်ငံ၏မြေသယံဇာတ၊ ရေသယံဇာတ၊ သစ်တောသယံဇာတ၊ သတ္တုသယံဇာတ စသည့် သဘာဝသယံဇာတအရင်းအမြစ်များကို ရေရှည်စဉ်ဆက်မပြတ် အပြည့်အဝ အကျိုးရှိရှိ အသုံးပြုနိုင်ရေးအတွက် တွက်ချက်စီမံရမည်ဖြစ်ပါသည်။ တစ်ချိန်တည်းတွင် ယိုယွင်းပျက်စီးမှုအနည်းဆုံးနှင့် ရေရှည်စဉ်ဆက်မပြတ် တည်တံ့စေရေးအတွက်လည်း ကြိုတင်တွက်ချက် မျှော်မှန်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

မြန်မာ့သစ်တောသယံဇာတများကို ပြုစုထိန်းသိမ်းကာကွယ်ခြင်းများ စီမံဆောင်ရွက်ကြရာတွင် ပြောင်းလဲလာသည့် ခေတ်စနစ်နှင့်အညီ လိုအပ်ချက်များအရ ပြုပြင်ပြောင်းလဲကြရမည်ဖြစ်ပါသည်။ ရေလုပ်ငန်းစဉ်များ ချမှတ်ခြင်း။ နည်းလမ်းသစ်များဖေါ်ထုတ်ခြင်း။ လုပ်ထုံးလုပ်နည်းဟောင်းများ ပြန်လည်သုံးသပ်ပြင်ဆင်ခြင်း စသည်ဖြင့် ခေတ်စနစ်နှင့်အညီ လိုက်ပါပြုပြင်တည်ဆောက်ကြရမည်ဖြစ်ပါသည်။

ယခင်ကာလများ၌ အခြေအနေအလျောက် နိုင်ငံတော်အတွက် လိုအပ်သည့် ပြည်တွင်းပြည်ပငွေကြေးရရှိစေရန် ဖြည့်ဆည်းပေးရခြင်း၊ တရားမဝင် ခုတ်လှဲထုတ်လုပ်မှုများရှိခဲ့ခြင်း။ လူဦးရေတိုးတက်မှုနှင့်အညီ လိုအပ်ချက်များ ဖြည့်ဆည်းနေရခြင်း။ မြို့ ပြဖွံ့ ဖြိုးရေးများ ဆောင်ရွက်ခဲ့ရခြင်း စသည့်မလွဲမရှောင်သာသောဖြစ်စဉ်များကြောင့် မြန်မာ့သစ်တောများမှာ များစွာထိခိုက်ပျက်စီးခဲ့ရပါသည်။ အတန်းအစားကျဆင်းလာခြင်း၊ တန်ဖိုးကျဆင်းခြင်းများ ကြုံတွေ့ခဲ့ရပါသည်။ အကျိုးဆက်အားဖြင့် ပြင်းထန်သောရာသီဥတု ဖေါက်ပြန်မှုများနှင့်အတူ လူမှုစီးပွားရေးဘဝများ၊ ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေးများပါ များစွာထိခိုက်ခဲ့ရပါသည်။

ယင်းပို့ယွင်းပျက်စီးမှုများကို ပြည်သူအားလုံးက ရင်ဆိုင်ကြရမည်ဖြစ်ပါသည်။ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အချိန်ယှဉ်၍ ပြန်လည်တည်ဆောက်ရမည်ဖြစ်ပါသည်။ နိုင်ငံတကာအရင်းအနှီးများ၊ အတတ်ပညာများ၊ နည်းပညာများ။ ပြည်သူလူထုအားများဖြင့် စနစ်တကျရင်းနှီးမြှုပ်နှံ၍ ရေတို ရေရှည် ဝိုင်းဝန်းတာဝန်ယူ တည်ဆောက်ကြရမည်ဖြစ်ပါသည်။ သို့မှသာ ပြည်သူတစ်ရပ်လုံးက မိမိတို့နိုင်ငံ၏ သယံဇာတများကို ထိခိုက်မှုအနည်းဆုံးဖြင့် အထိရောက်ဆုံး၊ အကျိုးအရှိဆုံး အသုံးချနိုင်ကြမည်ဖြစ်ပါသည်။

ပြည်သူတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်မှုကို ခေတ်မီထိရောက်သော နည်းစနစ်များဖြင့် ပေါင်းစပ်ဆောင်ရွက်သွားပါက မြန်မာ့သဘာဝပတ်ဝန်းကျင်နှင့် သစ်တောသယံဇာတများ တစ်စတစ်စပြန်လည်ဖွံ့ ဖြိုးစေရည်လာမည်ဖြစ်ပါသည်။ လက်ရှိအခြေအနေများမှ အစပြု၍ အားလုံးက တက်ညီလက်ညီဖြင့် ကျရာနေရာများမှ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

ခို့တာဝန်အစေး (၃) ပါး

- ❑ ပြည်ထောင်စုမပြိုကွဲရေး တို့.အရေး
- ❑ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး တို့.အရေး
- ❑ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး တို့.အရေး

သစ်တောမူဝါဒ

မြန်မာနိုင်ငံသစ်တောကဏ္ဍကို အမျိုးသားလူမှုစီးပွား ပွဲပြိုးတိုးတက်မှု၊ သဘာဝဝန်းကျင်ဆာဝစဉ် တည်ငြိမ်ရေးနှင့် ဂေဟစနစ်များ မျှတခရေးတို့အတွက် ဦးတည်၍ မူဝါဒများချမှတ်ပြီး စီမံခန့်ခွဲလုပ်ကိုင်လျက်ရှိပါသည်။ ၁၉၉၅ခုနှစ် မြန်မာ့သစ်တော မူဝါဒသဘောထား ကြေညာချက်တွင် အမျိုးသားရည်မှန်းချက် ပန်းတိုင်များအား ပြည့်မီစွာ ဖော်ဆောင်နိုင်ရန်အတွက် ဝဘနကျသော အချက်များကို ဒဿက်ပါအတိုင်းဖော်ပြထားပါသည်-

(၁) ကာကွယ်ခြင်း

ရေ၊ မြေ၊ တောရိုင်းတိရစ္ဆာန်၊ ဇီဝမျိုးစုံနှင့် သဘာဝဝန်းကျင်ကို ကာကွယ်ရမည်။

(၂) ထာဝစဉ်တည်တံ့ခြင်း

သစ်တောများမှ ရရှိနိုင်သည့် တိုက်ရိုက်နှင့် သွယ်ဝိုက်သောအကျိုးများကို စဉ်ဆက်မပြတ် ခံစားနိုင်ကြစေရန်၊ သစ်တောသယံဇာတအရင်းအမြစ်များကို ထာဝစဉ်တည်တံ့နေစေရေးအတွက် ထိန်းသိမ်းရမည်။

(၃) အခြေခံစားဝတ်နေရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း

ပြည်သူလူထုအတွက် လောင်စာ၊ နေအိမ်၊ အဆောက်အအုံ၊ အစားအစာနှင့် အပန်းဖြေနားနေမှု အစရှိသည့် အခြေခံစားဝတ်နေရေး လိုအပ်ချက်များ ဖြည့်ဆည်းပေးရမည်။

(၄) နွမ်းစောင်းညှိုးတိုးတက်ခြင့်မားစေခြင်း

သစ်တောသယံဇာတများမှ ရရှိနိုင်သည့်စီးပွားရေးအကျိုး အမြတ်တို့အား လူမှုရေးနှင့် သဘာဝဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာတို့ကို မထိခိုက်စေဘဲ အပြည့်အဝအသုံးချရန် စီမံရမည်။

(၅) ပြည်သူတို့က ပူးပေါင်းပါဝင်ဆောင်ရွက်လာစေခြင်း

သစ်တောများပြုစု ထိန်းသိမ်းရေးနှင့်သစ်တော သယံဇာတများ အသုံးချရေးလုပ်ငန်းတို့တွင် ပြည်သူတို့က ပူးပေါင်းပါဝင်ဆောင်ရွက်သွားရမည်။

(၆) ပြည်သူအတွင်း နိုးကြားတက်ကြွသည့် အသိဉာဏ်သန်စေခြင်း

နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ ဖြိုးတိုးတက်မှု ဖော်ဆောင်ရာတွင် သစ်တောများသည် အဓိက အခန်းမှ ပါဝင်နေကြောင်းကို ပြည်သူတို့အတွင်း အသိဉာဏ်သန်စေရန် လှုံ့ဆော်သွားရမည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကို ၂၀၁၂ခုနှစ်၊ မတ်လ(၃၀)ရက်နေ့၌ ပြဋ္ဌာန်းခဲ့သည်။

ရည်ရွယ်ချက်များ

ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

(က) မြန်မာနိုင်ငံအမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊

(ခ) စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များ စနစ်တကျ ပေါင်းစပ် ဆောင်ရွက်ရန်အလို့ငှာ အခြေခံမူများ ချမှတ်နိုင်ရန်နှင့် လမ်းညွှန်မှုများပြုနိုင်ရန်၊

(ဂ) ပစ္စုပ္ပန်နှင့် အနာဂတ်မျိုးဆက်များ၏ အကျိုးအတွက် ကောင်းမွန်ပြီး သန့်ရှင်းသည့်ပတ်ဝန်းကျင် ဖြစ်ပေါ်လာစေရန်နှင့် သဘာဝနှင့်ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်၊

(ဃ) ဆုတ်ယုတ်ပျောက်ကွယ်စဖြစ်နေသော ဂေဟစနစ်များကို ဖြစ်နိုင်သမျှ ပြန်လည်ဖော်ထုတ်ရန်၊

(င) သဘာဝသယံဇာတအရင်းမြစ်များ လျော့နည်းဆုံးရှုံးမှုကို ထားဆီးရေးနှင့် စဉ်ဆက်မပြတ် အကျိုးခံရွာအသုံးပြုနိုင်ရေးအတွက် စီမံဆောင်ရွက်နိုင်ရန်၊

(စ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိအမြင် မြန့်ပွားရေးအတွက် ပညာပေးရေးနှင့် ပညာသင်ကြားရေးအစီအစဉ်များကို အများပြည်သူတို့ သိရှိပြီး ပူးပေါင်းပါဝင်မှုဝိုမိုတိုးတက်လာစေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊

(ဆ) ပတ်ဝန်းကျင်ရေးရာကိစ္စရပ်များတွင် အပြည်ပြည်ဆိုင်ရာ ဒေသဆိုင်ရာနှင့် နိုင်ငံအချင်းချင်း ပူးပေါင်း ဆောင်ရွက်မှုကို မြှင့်တင်နိုင်ရန်၊

(ဇ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များကို အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းနှင့် ပုဂ္ဂလိကတို့ ပူးပေါင်း ဆောင်ရွက်နိုင်ရန်။

စာတည်းအဖွဲ့

စာတည်းချုပ်နှင့် ထုတ်ဝေသူ
ဦးခင်လှိုင်
ညွှန်ကြားရေးမှူး၊ တိုးချဲ့ပညာပေးရေးဌာန
ရုံးအမှတ်(၃၉)၊ သစ်တောဦးစီးဌာန
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
ထုတ်ဝေခွင့်အမှတ် (မြ-၀၄၀၀၉)

စာတည်း
ဦးမြင့်လွင် ၊ ဒုတိယညွှန်ကြားရေးမှူး

စာတည်းအဖွဲ့ဝင်များ
ဦးထွန်းညွှန့်လှိုင် လ/ထညွှန်ကြားရေးမှူး
ဦးဟောင်ဟောင်စိုး လ/ထညွှန်ကြားရေးမှူး
ညီညီပြိုး တောအုပ်ကြီး

ပုံနှိပ်သူ
ဦးမြင့်ထွန်း (မြ- ၀၆၇၉၈)
(၂၉၁-ဘီ)၊ လမ်း(၄၀)၊ ကျောက်တံတားပြိုနယ်
ရန်ကုန်တိုင်းဒေသကြီး

ဆက်သွယ်ရန် - ၀၆၇-၄၀၅၁၁၃၃ ၊ (Fax) ၀၆၇-၄၀၅၁၃၄၄
fdextension39@ gmail.com

မာတိကာ

- ပြည်ထောင်စုဝန်ကြီးအင်ဒိုနီးရှားနိုင်ငံ ကျာကာတာမြို့၌ ကျင်းပသော Forest Asia Summit ၂၀၁၄သို့ တက်ရောက် ၁-၄
- သစ်တောသယံဇာတ ဖွံ့ဖြိုးရေး ပြည်သူအားလုံးပါဝင်ပေး ၂
- သတင်းများကဏ္ဍ ၄-၁၀
- ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုဟု ဆိုရာ၀ယ် ၁၁-၁၂
- အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေဦးစီးဌာန နယ်မြေအတွင်း မိုးရွာသွန်းမှု ၁၃-၁၅
- မိမိတာဝန်ယူတည်ဆောက်ခဲ့သောသစ်သားတံတားများ ၁၆-၁၈
- သဘာဝဘေးအန္တရာယ်လျော့ပါးသက်သာစေဖို့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကြပါစို့ ၁၉-၂၁
- မြန်မာ့သစ်တောများ ထိန်းသိမ်းကာကွယ်ရန် လိုအပ်သည့်အကြောင်းရင်း ၂၂-၂၃
- ကဗျာကဏ္ဍ ၂၄
- စာတိုပုံသတင်းကဏ္ဍ ၂၅-၂၇
- ဇွေ Jedon's Babbler *Chrysommaalbirostre* အားပြန်လည်တွေ့ရှိခြင်း ၂၈-၂၉
- ကာတွန်းကဏ္ဍ ၃၀
- မျောက်လွဲကျော်(လက်ဖြူ) ၃၁
- ဇီဝလောင်စာစီမံကိန်းအတွက် ကွင်းဆင်းလေ့လာခြင်း ခရီးစဉ် မှတ်တမ်း(၂) ၃၂-၃၄
- အေဝမ်းမီးဖိုလေး ပြောင်းသုံးကြည့်ရအောင် ၃၅-၃၆
- ကျွန်တော်နဲ့ဂျီသားဟင်း ၃၇-၃၈
- ပတ်ဝန်းကျင်ရေးရာကမ္ဘာ . . ၃၉-၄၄
- Porduction to African Ebony- *Diospyros crassiflora* Hiern ၄၅-၄၇
- REDD-Plus INFORMATION - 10 ၄၇-၄၉
- MTE တင်ဒါစျေးနှုန်း ၅၀
- မြန်မာ့ရွှေသမင် ၅၁-၅၂

သတင်း
ကဏ္ဍ

မျက်နှာဖုံးမှအဆက်

ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ ၌ ကျင်းပသော Forest Asia Summit ၂၀၁၄သို့ တက်ရောက်

ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းကရန်ပုံငွေရရှိရေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ နိုင်ငံအလိုက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးတို့သည် အရေးပါသည့်အချက်များ ဖြစ်ပါကြောင်း၊ ဆင်းရဲနွမ်းပါးမှု၊ မိုးခေါင်ရေရှားမှု၊ ငတ်မွတ်ခေါင်းပါးမှု၊ ဆင်းရဲချမ်းသာကွာဟမှု၊ စီးပွားရေး မတည်ငြိမ်မှု၊ လူမှုရေးမညီမျှမှုနှင့် ပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုတို့သည် တစ်ခုနှင့်တစ်ခု ဒွန်တွဲနေခြင်းကြောင့် တစ်နိုင်ငံတည်း ဖြေရှင်း၍ မရနိုင်ပါကြောင်း၊ နိုင်ငံများ အကြားပူးပေါင်းလက်တွဲ ဖြေရှင်းသွားရန် လိုအပ်ပါကြောင်း၊ များစွာသော ဂေဟစနစ် ဝန်ဆောင်မှုများကို သစ်တောများက ဖြည့်ဆည်းပံ့ပိုးပေးနေခြင်းကြောင့် သစ်တောများ ထိန်းသိမ်းကာကွယ်ရေးသည် မိမိတို့အားလုံး၏ အဓိက ဦးစားပေး ဖော်ဆောင်သွားရမည့် လုပ်ငန်းရပ်ပင် ဖြစ်ပါကြောင်း၊ ကာဗွန်စုပ်ယူ သိုလှောင်ခြင်း၊ ရာသီဥတုပြောင်းလဲမှု လျော့နည်းစေခြင်းနှင့် လိုက်လျောညီထွေ ဖြစ်စေခြင်း၊ လေထု၊ ရေထုညစ်ညမ်းမှုများ လျော့ချခြင်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များ အသုံးချခြင်း၊ သစ်တောများ ထိန်းသိမ်းခြင်းကဲ့သို့သော ပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရန် ဆောင်ရွက်သည့် လုပ်ငန်းစဉ်များသည် စီးပွားရေးယှဉ်ပြိုင်မှု အားကောင်းပြီး ဂေဟစနစ် အမျိုးမျိုးရှိသည့် အာရှဒေသ၏ ပတ်ဝန်းကျင်ရေရှည်တည်တံ့ ခိုင်မြဲမှုနှင့် ညီညွတ်မျှတသည့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အလွန်ပင် အရေးပါ ပါကြောင်း၊ အဆိုပါ လုပ်ငန်းစဉ်များအား ဒေသတွင်း နိုင်ငံများနည်းတူ မြန်မာနိုင်ငံကလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါကြောင်း၊ အာရှဒေသအတွင်း အစိမ်းရောင်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စိန်ခေါ်မှုများအပေါ် ပူးပေါင်းဖြေရှင်းသွားနိုင်ရေးအတွက် ဤအစည်းအဝေးမှ ရလဒ်ကောင်းများ ထွက်ပေါ်လာလိမ့်မည်ဟု မျှော်လင့်ပါကြောင်းပြောကြားသည်။

အဆိုပါ ထိပ်သီးအစည်းအဝေးဒုတိယနေ့ကို မေလ ၆ ရက်နေ့တွင် ဆက်လက် ကျင်းပရာ အရှေ့တောင်အာရှနိုင်ငံများမှ ဝန်ကြီးများ၊ အစိုးရနှင့်အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ နိုင်ငံတကာစီးပွားရေးလုပ်ငန်းများမှ အမှုဆောင်အရာရှိများ၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကျွမ်းကျင်သူပုဂ္ဂိုလ်များ၊ စုစုပေါင်း ၁၇၀၀ ခန့်တက်ရောက် ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးဦးဝင်းထွန်းသည် မေလ ၆ ရက်နေ့တွင် Shangri-la Hotel Sulawesi Room ၌ ပီရူးနိုင်ငံ၊ ပတ်ဝန်းကျင်ရေးရာဝန်ကြီး H.E. Mr. Manuel Pulgar-Vidal က တည်ခင်းဧည့်ခံသည့် အလုပ်သဘော နေ့လယ်စာစားပွဲသို့ အရှေ့တောင်အာရှနိုင်ငံများ မှ ဝန်ကြီးများနှင့်အတူ တက်ရောက်၍ အကြိမ်(၂၀)မြောက် ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများ အစည်းအဝေးနှင့်ပတ်သက်သည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းသည် ထိပ်သီးအစည်းအဝေးကာလအတွင်း အင်ဒိုနီးရှားနိုင်ငံ သစ်တောရေးရာဝန်ကြီး H.E. Mr. Zufliki Hasan နှင့် နှစ်နိုင်ငံ သစ်တောကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးကိုလည်းကောင်း၊ ပီရူးနိုင်ငံ ပတ်ဝန်းကျင်ရေးရာဝန်ကြီး H.E. Mr. Manuel Pulgar-Vidal နှင့် အကြိမ် (၂၀) မြောက် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများ အစည်းအဝေးတွင် မြန်မာနိုင်ငံ၏ အခန်းကဏ္ဍနှင့်ပတ်သက်၍ လည်းကောင်း၊ အိန္ဒိယနိုင်ငံ The Energy and Research Institute - TERI မှ ညွှန်ကြားရေးမှူးချုပ်နှင့် Intergovernmental Panel on Climate Change -IPCC Chairperson ဖြစ်သူ Dr. Rajendra K. Pachauri နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း သီးခြားစီ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

သစ်တောနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆွေးနွေး

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား Oxford Business Groupမှ Country Director Ms.Stephanie Harl နှင့် အဖွဲ့သည် (၁၅-၅-၂၀၁၄)ရက် နံနက်(၁၀)နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌လာရောက်တွေ့ဆုံပြီး Oxford Business Group အနေဖြင့် မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးအခွင့်အလမ်းများ ပွင့်လင်းလာမှုနှင့်ပတ်သက်၍ Report of Myanmar 2014 ကို ပြုစုထုတ်ဝေခဲ့မှု၊ အဆိုပါ အစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုနှင့်ပတ်သက်၍ အရေးပါသော ပုဂ္ဂိုလ်များနှင့်တွေ့ဆုံမေးမြန်းမှုများ၊ နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းနယ်ပယ်များ၏ သတင်းအချက်အလက်များ၊ ရှေ့လုပ်ငန်းအစီအစဉ်များ၊ အခွင့်အလမ်းများနှင့် ပတ်သက်၍ဆောင်းပါးများ၊ မြန်မာနိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော နိုင်ငံတကာအမြင်များ၊ နိုင်ငံ့ခေါင်းဆောင်များ၏ အမြင်များကို သုတေသနပြုလေ့လာရေးသားပြုစုထားမှု၊ Report of Myanmar 2015 အတွက် ပြုစုထားရှိမှုများ၊ မြန်မာနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲရေးများ ဆောင်ရွက်ရာတွင် အရေးပါသော သစ်တောထိန်းသိမ်းရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့နှင့် ပတ်သက်၍ အဆိုပါ Oxford Business Group မှ ဆက်လက်ထုတ်ဝေမည့် မြန်မာနိုင်ငံဆိုင်ရာ အစီရင်ခံစာတွင် ရေးသားပြုစုထည့်သွင်းဖော်ပြနိုင်ရန် ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

Oxford Business Group မှာ လွန်ခဲ့သောနှစ်(၂၀)ခန့်မှစ၍ ကမ္ဘာ့နိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ရင်းနှီးမြှုပ်နှံမှု အခြေအနေများနှင့်ပတ်သက်၍ လေ့လာသုတေသနပြုပြီး အစီရင်ခံစာများကို နှစ်စဉ်ထုတ်ပြန်ပေးလျက်ရှိသော အဖွဲ့အစည်းဖြစ်သည်။

ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂကိုယ်စားလှယ်ရုံး၏ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ခေါင်းဆောင်နှင့်အဖွဲ့လာရောက်တွေ့ဆုံ

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂကိုယ်စားလှယ်ရုံး၏ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ခေါင်းဆောင်(Head of Cooperation of the European Union Delegation to Myanmar)Mrs. Isabel Faria de Almeida နှင့် အဖွဲ့သည် (၂၈-၅-၂၀၁၄)ရက် နံနက်(၁၁း၃၀) နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ဥရောပသမဂ္ဂအကူအညီဖြင့် ဆောင်ရွက်နေသည့် မြန်မာ့ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှု အစီအစဉ်(Myanmar Climate Change Alliance-MCCA Programme)၊ သစ်တောဥပဒေသက်ရောက်မှု၊ အုပ်ချုပ်မှုနှင့် သစ်ကုန်သွယ်မှုဆိုင်ရာ လုပ်ငန်းအစီအစဉ်များ Forest Law Enforcement , Governance and Trade-FLEG-T ၊ မြန်မာနိုင်ငံ မြေအသုံးချမှုမူဝါဒနှင့် စီမံချက်ရေးဆွဲချမှတ်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ တိုးတက်မှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းကိစ္စရပ်များနှင့် ပတ်သက်၍ဆွေးနွေးကြသည်။

မြန်မာနိုင်ငံ၏ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ လုပ်ငန်းစီမံချက်များနှင့် အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေးအစီအစဉ်များ အကောင်အထည်ဖော်ရန်၊ မြန်မာနိုင်ငံမှသစ်အခြောထည်ပစ္စည်းများ၊ ဥရောပသမဂ္ဂနိုင်ငံများသို့ တရားဝင်တင်ပို့ရောင်းချနိုင်ရန်အတွက် ဥရောပသမဂ္ဂ FLEG- Voluntary Partnership Agreement -VPA ကုန်သွယ်မှုပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်ဖြင့် ဆောင်ရွက်မည့်အစီအစဉ်တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ဆောင်ရွက်ရာ၌ ကြိုတင်ညှိနှိုင်းဆဲကာလအတွင်း သင်တန်းပို့ချပေးရန်နှင့် နည်းပညာအကူအညီပေးရန်၊ မြန်မာနိုင်ငံ၏ မြေအသုံးချမှု မူဝါဒရေးဆွဲခြင်းနှင့် မြေအသုံးချမှုလုပ်ငန်းစီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ခြင်းအတွက် အဆင့်မြင့်ဂြိုဟ်တုဓာတ်ပုံများ၊ နည်းပညာအကူအညီများ ဆက်လက်ထောက်ပံ့ရန်ကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးညှိနှိုင်းခဲ့သည်။

ဆက်လက်၍ ပြည်သူ့ဗဟိုပြုလုပ်ငန်းရပ်များဖြစ်သော ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများ (Community Forestry)၊သစ်တောပြုန်းတီးခြင်းနှင့်သစ်တောအတန်းအစားကျဆင်းခြင်းမှ ကာဗွန်ထုတ်လွှတ်မှုလျော့ချခြင်း (Reducing Emissions from Deforestation and Forest Degradation-REDD+) ဒီရေတော ပြန်လည်ထူထောင်ရေးလုပ်ငန်းများ (Mangrove Rehablitation)တွင် ပူးပေါင်းဆောင်ရွက်သွားရေးနှင့် ပတ်သက်၍ဆွေးနွေးကြကြောင်း သိရှိရသည်။

ကလောမြို့နယ်အား ထင်းရှူးမြို့တော်အဖြစ်ရေရှည်တည်တံ့စေရေးကြိုးပမ်းဆောင်ရွက်

မြန်မာနိုင်ငံသည်မြောက်ဘက်စွန်းရေခဲဖုံးတောင်တန်းများမှအစပြု၍ တောင်ဘက်စွန်း ပင်လယ်ကမ်းရိုးတန်းအထိ သဘာဝ ပထဝီအနေအထားခြားမှု၊ ရာသီဥတုကွဲပြားခြားနားမှုတို့ကြောင့် အဖိုးတန်သစ်တောကြီးများသာမက ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်မျိုးစုံလည်း ပိုင်ဆိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ကလောမြို့နယ်သည် ပင်လယ်ရေ မျက်နှာပြင်အထက် ပေ(၄၃၁၅) တွင်တည်ရှိသည့် တောင်စခန်းမြို့ တစ်မြို့ဖြစ်သည့်အားလျော်စွာ တောင်ပေါ်ဒေသအထိမ်းအမှတ်သင်္ကေတဖြစ်သည့် ထင်းရှူးပင်များ သဘာဝအလျောက် ဖြစ်ထွန်းရာ ထင်းရှူးမြို့တော်အဖြစ် ရေရှည်တည်တံ့စေရေးအတွက် ဒေသခံ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထင်းရှူးမြို့တော်အဖြစ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို (၂၈-၅-၂၀၁၄) ရက် နံနက်ပိုင်းက ရှမ်းပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစစ်အောင်မြတ်က ကလောမြို့နယ်ကို ထင်းရှူးမြို့တော်ဖြစ်ရေးအတွက် ၁၉၉၆ ခုနှစ်မှစ၍ စီမံချက်များရေးဆွဲ ဆောင်ရွက်ခဲ့ကြောင်း၊ လူဦးရေတိုးတက်မှု၊ ဒေသဖွံ့ဖြိုးတိုးတက်လာမှုစသည့် အကြောင်းအမျိုးမျိုးကြောင့် ထင်းရှူးတောများ လျော့နည်းလာရကြောင်း၊ ကလောမြို့နှင့် ပတ်ဝန်းကျင်တွင် ထင်းရှူးတောများ ပြန်လည်ထိန်းသိမ်းရေး၊ ထင်းရှူးစိုက်ခင်းများ ပြန်လည်တည်ထောင်ရေး လုပ်ငန်းများကိုအရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်က ရှမ်းပြည်နယ်တွင် ထင်းရှူးစိုက်ခင်း စုစုပေါင်း ၄၈၇၂၅ ကေ စိုက်ပျိုးတည်ထောင်ပြီးဖြစ်ကြောင်း၊ ကလောမြို့နယ်တွင် ၁၆၈၇၈ကေ ရှိကြောင်း၊ ထင်းရှူးသစ်မျိုးအပါအဝင် သစ်မျိုး ၂၀ကို ထိန်းသိမ်းကာကွယ်ရမည့် တားမြစ်သစ်ပင်များအဖြစ် အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ကာကွယ်ထားပါကြောင်း၊ ထင်းရှူးမြို့တော်ဖြစ်ပေါ်လာစေရေးအတွက် ကလောမြို့နှင့် (၅)မိုင် ပတ်လည်တွင် ထင်းရှူးစိုက်ခင်းများ တည်ထောင်ခြင်းနှင့် သဘာဝထင်းရှူးတောများ ထိန်းသိမ်းခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အားနည်းချက်၊ အားသာချက်များကိုဖော်ထုတ်ပြီး ဆက်စပ်ဌာနများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းအဆင့်ဆင့်နှင့်ဒေသခံပြည်သူများက ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ဆွေးနွေးခဲ့သည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးများ၊ပြည်နယ်ဝန်ကြီးများသည် ကလောမြို့နယ်၊ သာမိုင်းခမ်းဒေသ မြေအသုံးချမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေး၍ကလောမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ရှမ်းပြည်နယ် လွတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အဆင့်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ၊ စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့တို့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံဆွေးနွေးခဲ့သည်။

လယ်ယာ၊သားငါး၊သစ်တောကဏ္ဍဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်သည် ကလောမြို့သို့ရောက်ရှိစဉ် အင်းပြင်သစ်တောပျိုးဥယျာဉ်၊ တောင်လေးလုံးသစ်တောသုတေသနစခန်းနှင့် စီးပွားရေးထင်းရှူးစိုက်ခင်း၁/၂၀၁၀ရှင်သန်အောင်မြင်မှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။

ဝမ်းတွင်းမြို့နယ်ရှိ စက်ယက္ကန်းလုပ်ငန်းများမှ စွန့်ပစ်ရေများကြောင့် ဖြစ်ပေါ်လာသော ပတ်ဝန်းကျင် ညစ်ညမ်းမှုအား ကာကွယ်တားဆီးနိုင်ရေး နည်းပညာလက်တွေ့သရုပ်ပြ ရှင်းလင်းပွဲကျင်းပ

ဝမ်းတွင်းမြို့နယ်ရှိ စက်ယက္ကန်းလုပ်ငန်းများမှ စွန့်ပစ်ရေများကြောင့် ဖြစ်ပေါ်လာသော ပတ်ဝန်းကျင်ညစ်ညမ်းမှုအား ကာကွယ်တားဆီးနိုင်ရေးအတွက် စက်ယက္ကန်းလုပ်ငန်းများမှ စွန့်ပစ်ဆိုးဆေးရေများအား သန့်စင်သည့် နည်းပညာလက်တွေ့သရုပ်ပြ ရှင်းလင်းပွဲကို ဝမ်းတွင်းမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ (၂-၅-၂၀၁၄)ရက် နံနက် ၉ နာရီ ၃၀ မိနစ်တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ နည်းပညာ လက်တွေ့သရုပ်ပြ ရှင်းလင်းပွဲသို့ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သက်သက်ဇင်၊ စွန့်ပစ်ရေများကြောင့် ဖြစ်ပေါ်လာသော ပတ်ဝန်းကျင် ညစ်ညမ်းမှုအား ကာကွယ်တားဆီးနိုင်ရေး နည်းပညာပေးရေးနှင့် စောင့်ကြပ်ကြည့်ရှုရေးအဖွဲ့အဖွဲ့ခေါင်းဆောင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေအေးနှင့် အဖွဲ့ဝင်များ၊ ဝမ်းတွင်းမြို့နယ်ရှိ

သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဝမ်းတွင်းမြို့နယ် စက်ယက္ကန်းလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ စွန့်ပစ်ရေသန့်စင်မှုနှင့်သက်ဆိုင်သည့် ကျွမ်းကျင်ပညာရှင်များ၊ ဝမ်းတွင်းမြို့နယ်ရှိ စက်ယက္ကန်း လုပ်ငန်းရှင်များ တက်ရောက်ကြပါသည်။

နည်းပညာ လက်တွေ့သရုပ်ပြ ရှင်းလင်းပွဲတွင် ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သက်သက်ဇင်မှ အမှာစကား ပြောကြားရာတွင် ဝမ်းတွင်းမြို့နယ်ရှိ စက်ယက္ကန်းလုပ်ငန်းများမှ စွန့်ပစ်ရေများကြောင့် ဖြစ်ပေါ်လာသော ပတ်ဝန်းကျင်ညစ်ညမ်းမှုအား ကာကွယ်တားဆီးနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့ချုပ်မှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် အဖွဲ့ခေါင်းဆောင်အဖြစ် ပါဝင်သော နည်းပညာပေးရေးနှင့် စောင့်ကြပ်ကြည့်ရှုရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်း၊ လုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနည်းဥပဒေများအရ ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေရေးအတွက် မဖြစ်မနေ လေးစားလိုက်နာ ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ စွန့်ပစ်ရေ သန့်စင်ရန်အတွက် ဆောင်ရွက်သင့်သည့် နည်းပညာအား လက်တွေ့ သရုပ်ပြ ရှင်းလင်းမှုအပေါ် ပွင့်ပွင့်လင်းလင်း မေးမြန်းဆွေးနွေး ကြရန် တိုက်တွန်းမှာကြားပါသည်။ ဆက်လက်၍ နည်းပညာပေးရေးနှင့် စောင့်ကြပ်ကြည့်ရှုရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေအေးမှ နည်းပညာလက်တွေ့သရုပ်ပြမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ကျွမ်းကျင်သူပညာရှင်များမှ စွန့်ပစ်ရေအား သန့်စင်သည့် နည်းပညာအား လက်တွေ့သရုပ်ပြ ရှင်းလင်းပြသခဲ့ပါသည်။ ၎င်းနောက် တက်ရောက်လာသူများမှ သိလိုသည်များကို တာဝန်ရှိသူများမှ ရှင်းလင်းဖြေကြားခဲ့ပါသည်။

လက်တွေ့သရုပ်ပြ ရှင်းလင်းပွဲပြီးနောက် ဒုတိယဝန်ကြီးနှင့် နည်းပညာပေးရေးနှင့် စောင့်ကြပ်ကြည့်ရှုရေးအဖွဲ့ အဖွဲ့ဝင်များသည် ဝမ်းတွင်းဆည်အတွင်း စွန့်ပစ်ဆိုးဆေးရည်များ စွန့်ပစ်မှုအခြေနေကိုလည်းကောင်း၊ ဝမ်းတွင်းမြို့ပေါ်ရှိ မြသဇင်ယက္ကန်းရုံနှင့် ဝိမဟာယက္ကန်းရုံတို့တွင် ချည်ဆေးဆိုးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေနှင့် ဆေးဆိုးရေများအား စွန့်ပစ်မှုအခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။

မြေဆီလွှာ အကြောင်း အသိပညာပေးစကားဝိုင်းနှင့် ဟောပြောပွဲ

နေပြည်တော်၊ပုဗ္ဗသီရိမြို့နယ်၊ ကျည်တောင်ကန်ကျေးရွာ၊ ဈေးကုန်းကျောင်းတိုက်၊ ဗုဒ္ဓနုဂ္ဂဟသာသနာ့ဝီမာန်တော်၌(၂၉-၅-၂၀၁၄)ရက် နေ့ နံနက်(စာ၃၀)နာရီအချိန်တွင် မြေဆီလွှာအကြောင်း အသိပညာပေးစကားဝိုင်းနှင့် ဟောပြောပွဲကို ကျင်းပခဲ့ရာ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ဆွေဆွေချစ်နှင့် အဖွဲ့ဝင်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သက်သက်ဇင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

စကားဝိုင်းဆွေးနွေးပွဲတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးရာလုပ်ငန်းအဖွဲ့များ၊ ကျည်တောင်ကန်ကျေးရွာအမျိုးသမီးရေးရာအဖွဲ့မှ အဖွဲ့ဝင်များနှင့် တောင်သူအမျိုးသမီးများ၊ စုစုပေါင်းအင်အား အယောက်(၅၀)ခန့် တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။ စကားဝိုင်းဆွေးနွေးပွဲသို့ သစ်တောဦးစီးဌာန၊ သစ်တောသုတေသနဌာနပညာရှင်များမှ မြေဆီလွှာအကြောင်းသိကောင်းစရာနှင့် သဘာဝမြေဩဇာပြုလုပ်ခြင်းနှင့်ပတ်သက်၍ ဦးဆောင်ပြီး သဘာဝမြေဩဇာ (ဒေါ်ချစ်ကင်)နှင့် အီးအမ်ဘိုကာရှီ ပြုလုပ်နည်းများ ဆွေးနွေးခဲ့ကြကြောင်း သိရှိရပါသည်။

တရားမဝင်သစ်တောထွက်ပစ္စည်းများဖမ်းဆီးရမိခြင်း

မန္တလေးတိုင်း၊ စဉ့်ကူးမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိဦးဆောင်သော သစ်တောဝန်ထမ်းများသည် (၂၈-၅-၂၀၁၄) ရက်နေ့တွင် စဉ့်ကူးမြို့နယ်အတွင်း နယ်မြေရှင်းလင်းစဉ် ဝင်လယ်ကြီးဘိနယ်အတွင်းမှ လက်ပံလှကျေးရွာမန္တလေး- မိုးကုတ်ကားလမ်းဘေးမှ ထော်လာဂျီအမှတ် **၁၄/ ၂၄၃၈** ပေါ်မှ တရားမဝင် အင်ကြင်းခွဲသား ၁၇၀ချောင်း (၂. ၃၈၃၂)တန်အား တရားခံ(၁)ဦးနှင့်အတူဖမ်းဆီးရမိခဲ့ကြောင်း၊ ရွာတော်လေးရွာ၊ မန္တလေးမိုးကုတ်ကားလမ်းမောင်းတံဂိတ်အနီးမှ ယာဉ်အမှတ် **စ/ ၁၂၉၆** ပေါ်မှ တရားမဝင် အင်သစ် (၁၂)လုံး (၅. ၉၈၈)တန်အား တရားခံ(၂)ဦးနှင့် အတူဖမ်းဆီးရမိခဲ့ကြောင်း၊ ရွာတော်လေးကျေးရွာမောင်းတံဂိတ်အနီးမှ ယာဉ်အမှတ် ၅၈/၁၆၈၅ ယမ်းဖောင်(ခေါင်းနီ)အပေါ်မှ တရားမဝင် အင်သစ်(၁၄)လုံး (၅. ၇၁၄)တန်အားတရားခံ(၂)ဦးနှင့် အတူဖမ်းဆီးရမိခဲ့သည်။

ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဆောင်သော သစ်တောဝန်ထမ်းများသည် (၁၅-၅-၂၀၁၄)ရက်နေ့တွင် မြို့နယ်အတွင်း တရားမဝင် သစ်ဖမ်းဆီးခြင်းလုပ်ငန်းများကို စစ်ကြောင်းအသွင် ဆောင်ရွက်ခဲ့ရာ လေးတိုင်ရွာ အရှေ့ဘက် (၁)မိုင်ခန့်အကွာ၊ အင်းကြီး-လေးတိုင်-ရသေ့တောင် ကားလမ်းဘေးနေရာမှ တရားမဝင် ကညင်သစ်(၄၅)ချောင်း၊ (၀. ၆၂၅)တန်အား ပိုင်ရှင်မဲ့အဖြစ် ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

မွန်ပြည်နယ်၊ ပေါင်မြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ်ကြီးဦးဆောင်သောသစ်တောဝန်ထမ်းများ၊ ပေါင် မြို့နယ်ရဲတပ်ဖွဲ့မှ ဒုရဲအုပ်ဦးဆောင်သောရဲတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့သည် (၁၆-၅-၂၀၁၄) ရက်နေ့တွင် သတင်းအရ ပေါင်မြို့နယ်အတွင်း စစ်ကြောင်းဖွဲ့စစ်ဆေးခဲ့ရာ တရားမဝင် သစ်စက်(၃)လုံး တရားမဝင် အခြားသစ်ခွဲသား(၄၈)ချောင်း (၃. ၆၁၆၂)တန်အားပိုင်ရှင်(၄)ဦးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး တရားခံများအား သစ်တောဥပဒေပုဒ်မ ၄၂(ဂ)၊ ၄၁(က) အရ အရေးယူဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်းသိရှိရပါသည်။

အလားတူ(၁၆-၅-၂၀၁၄) ရက်နေ့တွင် မွန်ပြည်နယ် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဆောင်သည့် သစ်တောဝန်ထမ်းများ၊ မော်ဘီကျေးရွာအုပ်ချုပ်ရေးမှူးတို့ပါဝင်သောပူးပေါင်းအဖွဲ့သည် ပေါင်မြို့နယ်အတွင်း စစ်ကြောင်းဖွဲ့ ထပ်မံဖမ်းဆီးခဲ့ရာ တရားမဝင် သစ်စက်(၃)လုံး၊ တရားမဝင် ကျွန်းသစ်(၁၀)လုံး (၀. ၆၈၅၈)တန်၊ ကျွန်းခွဲသား(၂၄)ချောင်း (၀. ၆၂၇၄)တန်၊ ကျွန်း (တိုင်) (၁၈) လုံး (၁. ၀၁၆၄)တန်၊ ကျွန်းဘီဒိုကြမ်း(၂)လုံး (၀. ၁၉၀၄) တန်အားပိုင်ရှင်မဲ့ ဖမ်းဆီးရမိခဲ့ကြောင်းသိရှိရပါသည်။

နေပြည်တော်ကောင်စီနယ်မြေ၊ လယ်ဝေးမြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ်ကြီးဦးဆောင်သောသစ်တောဝန်ထမ်းများ၊ အမြန်လမ်းရဲတပ်ဖွဲ့မှ ရဲအုပ်ဦးဆောင်သောရဲတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့သည် (၂၄-၅-၂၀၁၄) ရက်နေ့တွင် ရန်ကုန်-မန္တလေးအမြန်လမ်းတစ်လျှောက် ကင်းလှည့်စစ်ဆေးခဲ့ရာ မိုင်တိုင်အမှတ် (၁၉၄/၀) နှင့် (၁၉၄/၁) အကြားတွင် ယာဉ်မောင်းဦးချစ်မင်းထွန်း မောင်းနှင်လာသော ယာဉ်အမှတ် ၈/ ၄၂၄၃ TE ၁၁ (ဟီးနိုး) (၆)ဘီး (အစိမ်းရောင်)ပေါ်မှ တရားမဝင် ကျွန်းသစ်(၁)လုံး (၀. ၀၉၂၄)တန်၊ ကျွန်းခွဲသား(၆၁)ချောင်း (၅. ၂၄၈၄) တန်၊ စုစုပေါင်း (၅. ၃၄၀၈)တန်အား ယာဉ်အနီးလိုက်ပါ မောင်းနှင်လာသော ဆိုင်ကယ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိပြီး ယာဉ်မောင်း၊ ဆိုင်ကယ်မောင်းနှင်သူနှင့် သစ်ပိုင်ရှင် တရားခံ(၃)ဦးတို့အား သစ်တောဥပဒေဖြင့်အရေးယူရန် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ကလေးဝမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဒုတိယရဲမှူးကြီး မင်းဇော်ဦးဦးဆောင်သော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့သည် (၅-၅-၂၀၁၄) ရက်နေ့တွင် ကလေးဝမြို့နယ်အတွင်း သစ်တောမှုမှားရှာဖွေဖမ်းဆီးရာ တရားမဝင်တမလန်းခွဲသား(၂၅. ၃၃၆၄)တန်အား ပိုင်ရှင်မဲ့အဖြစ် ဖမ်းဆီးရမိခဲ့ကြောင်းသိရှိရပါသည်။ အလားတူ(၆-၅-၂၀၁၄)ရက်နေ့တွင် ကလေးခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးဆောင်သော သစ်တောဝန်ထမ်းများနှင့် ဒုတိယရဲမှူးကြီးမင်းဇော်ဦး ဦးဆောင်သော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလေးဝမြို့နယ်တွင် သစ်တောမှုမှား ရှာဖွေဖမ်းဆီးရာ တရားမဝင် တမလန်းခွဲသား(၂၈. ၆၇၁၄) တန်အား ပိုင်ရှင်မဲ့အဖြစ် ထပ်မံဖမ်းဆီးရမိခဲ့ပါကြောင်း၊ (၇-၅-၂၀၁၄)ရက်နေ့တွင်လည်း ကလေးဝမြို့နယ်အတွင်းမှ တရားမဝင် သစ်/ခွဲသား/တိုင် (၁၉. ၃၀၈)တန်အား ပိုင်ရှင်မဲ့အဖြစ် ဖမ်းဆီးရမိကြောင်းနှင့် (၈-၅-၂၀၁၄) ရက်နေ့တွင် ကလေးဝမြို့နယ်မှ တရားမဝင် တမလန်း သစ်/ခွဲသား/တိုင် (၂၆. ၇၂၂၂)တန်အား ပိုင်ရှင်မဲ့အဖြစ် အသီးသီးထပ်မံ ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရပါသည်။

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင် အတွင်း(၂၀-၅-၂၀၁၄)ရက်နေ့တွင် အမှတ် (၂၆၂) ခြေမြန်တပ်ရင်းမှ အရာရှိတစ်ဦး ဦးဆောင်သောအဖွဲ့သည် တရားမဝင် အခြားသစ်ခွဲသား (၃၈) ချောင်း(၅. ၄၇၉၆)တန်အား တင်ဆောင်လာသော ပိုင်ရှင်မဲ့သစ်ခိုးလှေတစ်စီးအား ဖမ်းဆီးရမိပြီး ဖမ်းဆီးရမိလှေအား ကော့သောင်းမြို့နယ်(၂)မိုင် သစ်တောရုံးအောက်ဘက်ကမ်းခြေတွင် ထိန်းသိမ်းထားရှိကြောင်း သိရပါသည်။

မန္တလေးတိုင်းဒေသကြီး ၊မိုးကုတ်မြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဆောင်သော သစ်တောဝန်ထမ်းများ၊ ရဲတပ်ကြပ် ဦးဆောင်သော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့သည် (၁၉-၅-၂၀၁၄)ရက်နေ့တွင် ပြင်ဦးလွင်ခရိုင် မိုးကုတ်မြို့နယ်၊ မန္တလေး-မိုးကုတ်ကားလမ်းပေါ်မှ မူဆယ်မြို့ (၃)ရပ်ကွက်နေ ဦးစိုင်းအိုက်လူမောင်းနှင်လာသော ယာဉ်အမှတ် SHN/5C-6225 PAJERO ခဲပြာရောင်ပေါ်မှ တရားမဝင် တမလန်းသစ် (ဝ. ၅၆၆၄) တန်အား လည်းကောင်း၊ ကွတ်ခိုင်မြို့(၈)ရပ်ကွက်နေ ဦးမြတ်ထွတ်ကျော် မောင်းနှင်လာသော ယာဉ်အမှတ်(YGN/9C-2178) PAJERO (နီဖြူရောင်)ပေါ်မှ တရားမဝင် တမလန်းသစ် (ဝ. ၅၄၉၀)တန်အားလည်းကောင်း၊ မူဆယ်မြို့ မြောက်ပိုင်းရပ်ကွက်နေ ဦးစိုင်းခမ်းစမ် မောင်းနှင်လာသော ယာဉ်အမှတ် (YGN/5E-4675) PAJERO (အဖြူရောင်)ပေါ်မှ တရားမဝင် တမလန်းသစ် (ဝ. ၄၁၆၈)တန်အားလည်းကောင်း၊ သိန္နီမြို့၊ မုံပါးရွာနေ ဦးစိုင်းခမ်းပန် မောင်းနှင်လာသောယာဉ်အမှတ်(MDY/4D-5860) ISUZU BIGHON (ခဲ/စိမ်းရောင်)ပေါ်မှ တရားမဝင် တမလန်းသစ် (ဝ. ၅၅၃၆)တန်နှင့် နမ္မတူမြို့နယ် အ(၃)ရပ်ကွက်နေ ဦးစိုင်းသန်းအောင် မောင်းနှင်လာသော ယာဉ်အမှတ် (YGN/ 5E-6108) PAJERO (ခဲ/ဖြူရောင်)ပေါ်မှ တရားမဝင် တမလန်းသစ် (ဝ. ၇၁၂၂)တန်၊ စုစုပေါင်း (၂. ၈၀၈၂)တန်အား ဖမ်းဆီးရမိခဲ့ပြီး ဖမ်းဆီးရမိယာဉ်နှင့် သစ်များအား မိုးကုတ်မြို့ သစ်တောရိပ်သာဝင်းအတွင်း သိမ်းဆည်းထားရှိပြီး တရားခံ (၅)ဦးအား သစ်တောဥပဒေပုဒ်မ-၄၂(ခ)အရ တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

မန္တလေးတိုင်းဒေသကြီး၊ပုသိမ်ကြီးမြို့နယ်၊ သစ်တောဦးစီးဌာနမှဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အုန်းချောကျေးရွာယာဉ်ထိန်းရဲတပ်ဖွဲ့တို့ ပါဝင်သော ပူးပေါင်းအဖွဲ့သည် (၁၇-၅-၂၀၁၄)ရက်နေ့တွင် သတင်းအရ ပုသိမ်ကြီးမြို့နယ်၊ အုန်းချောကျေးရွာအိမ်အမှတ်(၆)၊ ဦးငယ်(ခ) ဝွက်ဝွက်၏ နေအိမ်ခြံဝင်းအတွင်းဦးသက်နိုင်ထွန်း မောင်းနှင်သော ယာဉ်အမှတ်-၇၀/၂၀၇၅ နံပါတ်ပြား တပ်ဆင်ထားသော လိုင်စင်မဲ့ Mark II ပေါ်မှ တရားမဝင် တမလန်းခွဲသား (ဝ. ၂၃၁၇)တန် အားဖမ်းဆီးရမိခဲ့ပြီး တရားခံအား သစ်တောဥပဒေပုဒ်မ-၄၂(ခ)ဖြင့် ဖမ်းဆီးအရေးယူထားကြောင်းနှင့် လိုင်စင်မဲ့ယာဉ်အား အုန်းချောရဲစခန်းမှ ပို့ကုန်သွင်းကုန် ပုဒ်မ(၈)ဖြင့် အရေးယူထားကြောင်းသိရှိရသည်။

ကယားပြည်နယ် သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဆောင်သည့် ပြည်နယ်/ခရိုင်/မြို့နယ်တို့မှ သစ်တောဝန်ထမ်းများသည် (၁-၅-၂၀၁၄) ရက်နေ့တွင် နယ်မြေသတင်းတင်ပြချက်အရ ကွင်းဆင်း စစ်ဆေးဆောင်ရွက်ခဲ့ရာ ဘောလခဲမြို့နယ် ရွာသစ်ရွာ၊ တောင်ဘက် ခရစ်ယာန်သခ္ဓိုင်းအရှေ့ဘက် တောခြုံများအတွင်းမှ တရားမဝင် ပိတောက်တုံး(၁၇၃)တုံး (၂၉. ၂၃၃၂)တန်အား လည်းကောင်း၊ (၂-၅-၂၀၁၄) ရက်နေ့တွင် အဆိုပါအဖွဲ့သည် ဘောလခဲမြို့နယ်ခွဲ လွယ်ဝိုင်းရွာရှောင်တောင်ဘက် ညောင်ပင်အောက်တွင် တရားမဝင် ပိတောက်တုံး(၃၀)တုံး (၃. ၄၈၁၄) တန်အား လည်းကောင်း ပိုင်ရှင်မဲ့ဖမ်းဆီးရမိခဲ့သဖြင့် တရားခံအား စုံစမ်းဖော်ထုတ်ဆဲ ဖြစ်ကြောင်း သိရှိရသည်။

ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုဟု ဆိုရာဝယ် -၂

ဒေါက်တာ မောင်မောင်သန်း

ယခင်လက ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောနဲ့ပတ်သက်တဲ့ အဓိပ္ပါယ်ဖွင့်ဆိုချက်အမျိုးမျိုးကို ရှင်းလင်းရေးသားခဲ့ပါတယ်။ ယခုလမှာတော့ ဒေသခံပြည်သူအစုအဖွဲ့သစ်တောများ အောင်မြင်အောင်ဆောင်ရွက်ရာမှာ လိုအပ်တဲ့အဓိကအကြောင်းတရားများကို ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။

နိုင်ငံတော်တော်များများရဲ့ အမျိုးသားသစ်တောအုပ်ချုပ်လုပ်ကိုင်မှု အစီအစဉ်များမှာ အသေးစားစီမံကိန်းများမှသည် ဌာနကြီးတစ်ခုအတိုင်းအတာဖြင့် ကိုင်တွယ်ဆောင်ရွက်လာရတဲ့ အနေအထားသို့ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများဟာ တစ်စတစ်စတိုးတက်ဖွံ့ဖြိုးလာနေတာကို တွေ့ရပါတယ်။ လွန်ခဲ့တဲ့အနှစ်(၂၀) ကာလအတွင်းမှာ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများ အခုလိုတိုးတက်လာတာတွေဟာ ဘာကိုပြဆိုနေသလဲဆိုတော့ ကမ္ဘာ့အဆင်းရဲဆုံး လူသန်း(၈၀၀) အနက် အများစုဟာ ၎င်းတို့ရဲ့စားဝတ်နေရေးအတွက် သစ်တောတွေကို မှီခိုနေရတယ်ဆိုတဲ့ အဓိကအကြောင်းကြောင့်ပါပဲ။ အဲဒီအကြောင်းအချက်အပေါ်မှာ အခြေပြုပြီးတော့ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများဟာ ရေရှည်တည်တံ့တဲ့ အသက်မွေးဝမ်းကျောင်းဘဝနှင့် သစ်တောစီမံအုပ်ချုပ်မှုတို့ကို ခိုင်မာစေခဲ့ပါတယ်။ သစ်တောရဲ့အကျိုးကျေးဇူးခံစားမှုမှာလည်း ကျေးလက်နေပြည်သူများအတွက် မျှတမှုနှင့်အချိုးကျညီမျှမှုတို့ကိုလည်း ဖြစ်စေခဲ့ပါတယ်။

ဒါပေမယ့် အခြားတစ်ဖက်မှာလည်း ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများအပေါ် စိန်ခေါ်မှုတွေကလည်း ရှိနေဆဲပါပဲ။ အချို့နိုင်ငံများဟာ ဒေသခံပြည်သူ အခြေပြုသစ်တောစီမံခန့်ခွဲမှုအတွက် အခွင့်အလမ်းများကို ရှာဖွေလျက်ရှိနေပါတယ်။ နိုင်ငံအချို့ကတော့ ဒုတိယမျိုးဆက်ပြဿနာလို့ဆိုရမယ့် သစ်တောများနဲ့ပတ်သက်တဲ့အကျိုးကျေးဇူးခွဲဝေရာတွင် ညီမျှမှု၊ ထက်မြက်တဲ့ စီမံခန့်ခွဲမှုနှင့် ရေရှည်တည်တံ့တဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေဖြစ်နေဖို့အတွက် ရုန်းကန်နေကြရပါတယ်။ ဒါပေမယ့်လည်း သစ်တောလုပ်ငန်းအစီအစဉ်များကို ပိုမိုပြီးတာဝန်သိ/ယူတတ်တဲ့စိတ်နဲ့ ဒေသခံပြည်သူများရဲ့ လိုအပ်ချက်နဲ့ အကျိုးစီးပွားများကို ဖော်ဆောင်ဖို့အတွက် ရှုပ်ထွေးပွေလီတဲ့စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်မယ့် တီထွင်ကြံဆမှု၊ လိုက်လျောညီထွေစီမံခန့်ခွဲမှုနဲ့ တိုးတက်မှုတို့ကို ဆောင်ရွက်နိုင်မယ့် အခင်းအကျင်းကတော့ ရှိနေဆဲပဲလို့ပြောနိုင်ပါတယ်။

တကယ်တော့ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း(Community Forestry)ဆိုတာကတော့ အသစ်အဆန်း လုပ်ငန်းတစ်ခုတော့မဟုတ်ပါဘူး။ နိုင်ငံအတော်များများမှာ မိရိုးဖလာဆောင်ရွက်လာခဲ့ကြတဲ့ လုပ်ငန်းဖြစ်ပါတယ်။ အစိုးရအနေဖြင့် မြေအသုံးချမှုဆိုင်ရာ အခွင့်လက်မှတ်ပေးသည့် အစုအဖွဲ့ပိုင်တောများကို အခွင့်လက်မှတ်ရသည့် အစုအဖွဲ့ပိုင်တော(Certified Community Forests)နဲ့ အစိုးရမှပေးသော အခွင့်လက်မှတ်မရှိသည့် အစဉ်အလာမိရိုးဖလာဆောင်ရွက်နေသည့် အစုအဖွဲ့ပိုင်တောများကို (Non Certified Forests)ဟုဆိုကြပါတယ်။ ဒါပေမယ့်လည်း ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းအောင်မြင်ဖို့အတွက် အောက်ပါအချက်အလက်များကို အလေးထားစဉ်းစားဖို့ လိုအပ်ပါတယ်။

၁။ အရည်အသွေးရှိတဲ့ ရင်းမြစ်များရရှိနိုင်မှု (Availability and Quality of Resources)

ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများဆောင်ရွက်ဖို့အတွက် လိုအပ်တဲ့ အရင်းအမြစ်များရှိဖို့ လိုအပ်ပါတယ်။ ဥပမာ-မြေ၊ သစ်တော၊ လူသားနှင့် ငွေ

ကြေးအရင်းအမြစ်များ လိုအပ်ပါတယ်။ မြေမရှိရင် ဘယ်လိုသစ်တောတည်ထောင်မလဲ။ အချို့နိုင်ငံများမှာ ရွာနားမှာမြေတော့ရှိနေတယ်။ ဒါပေမယ့် ရွာသားကိုမပေးဘူး။ ပုဂ္ဂလိကတစ်ဦးချင်း သို့မဟုတ် ကုမ္ပဏီတွေစိုက်ဖို့ မြေနေရာပေးထားပြီးသား ဖြစ်နေတယ်။ ဒါ့အပြင် အခြားမြေအသုံးချမှုအတွက် ရာထား ထားလို့ဆိုပြီး မပေးဘူး။ အဲဒီတော့ရွာသားဟာ သူ့ရဲ့သစ်ထင်းလိုအပ်ချက်ကို ဖြေရှင်းဖို့ သစ်တောထိန်းဖို့၊ သစ်တောပြန်လည်တည်ထောင်ဖို့ အခွင့်အလမ်းမရှိတော့ဘူး။ လိုအပ်ချက်အတွက် နိုင်ငံပိုင်ကာကွယ်တော တွေ၊ ပုဂ္ဂလိကပိုင်တောတွေကို ဝင်ခုတ်တော့ ပဋိပက္ခဖြစ်လာပြီ။ ဖြေရှင်းလို့မပြီးနိုင်တဲ့ ဇာတ်လမ်းတွေနဲ့ လုံးချာလိုက်လာပါတယ်။ အဲဒီတော့ ဒေသခံတွေအစုအဖွဲ့ပိုင် တောတွေတည်ထောင်နိုင်ဖို့ မြေအရင်းအမြစ်ရဖို့ကလည်း အရေးကြီးတဲ့အချက်တစ်ချက် ဖြစ်လာပါတယ်။

သိပ်ဆင်းရဲတဲ့ တစ်နေ့လုပ်တစ်နေ့စား ရွာသားတွေအတွက်ကတော့ စိုက်ဖို့ပျိုးဖို့ မျိုးစေ့၊ မျိုးပင်တွေလိုပါမယ်။ ချဉ်နယ်ပိတ်ပေါင်းတွေရှင်းရလို့၊ သစ်ပင်သွားစိုက်ရလို့ အလုပ်ပျက်မယ့်ရက်တွေမှာ စားဝတ်နေရေးအတွက် အထိုက်အလျောက် ငွေ(Financial Resource)လိုပါမယ်။ ဒါကြောင့်မို့ အရပ်ဖက်လူမှုအဖွဲ့အစည်း အတော်များများက (Cash for Work)ဆိုတဲ့အလုပ်တွက် ငွေကြေးထောက်ပံ့ပေးဆိုတဲ့ အစီအစဉ်တွေ လုပ်ပေးနေတာဖြစ်ပါတယ်။ တချို့အဖွဲ့အစည်းများ/ ပုဂ္ဂိုလ်များကတော့ ပိုက်ဆံသို့မဟုတ် ပစ္စည်းပစ္စယ ထောက်ပံ့ပေးဖို့မလိုဘူးလို့ သီအိုရီဆန်ဆန်ပြောကြပါတယ်။ ပြောတဲ့အတိုင်းလည်း အချို့အဖွဲ့အစည်းတွေက အကောင်အထည်ဖော်ခဲ့ကြပါတယ်။ အဲဒီစီမံကိန်းတွေကို သွားကြည့်မယ်ဆိုရင် သိပ်ဆင်းရဲတဲ့လူတွေ မပါဝင်နိုင်တာကို တွေ့ရပါတယ်။ ကျေးရွာမှာအလယ်အလတ်တန်းစားတွေနဲ့ ကြေးရတတ်တွေသာ ပါဝင်နိုင်ကြပြီး တန်းတူညီမျှပါဝင်နိုင်မှု(Equity)ပျောက်သွားတာကို တွေ့ရပါတယ်။ (Equity)ပျောက်သွားတော့ ထာဝစဉ်တည်တံ့မှုဆိုတဲ့(Sustainability)ပျောက်သွားတော့တာပါပဲ။

အရည်အသွေးလို့ဆိုရာမှာ မြေဆီဩဇာရှိတဲ့မြေကောင်းများ၊ သစ်တောလို့ဆိုရာမှာလည်း တောပျက်တောညံ့မဟုတ်တဲ့ တောတွေဖြစ်ဖို့လိုပါတယ်။ အထူးသဖြင့် အချို့နိုင်ငံတွေမှာ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများ ဆောင်ရွက်ဖို့အတွက် ဒေသခံပြည်သူများကို တောပျက်တောညံ့မဟုတ်တဲ့ တောတွေ၊ ကျောက်စရစ်မာခေါင်ခေါင်လို့ပြောရမယ့် မြေညံ့မြေဖျင်းတွေကို ပေးလေ့ရှိပါတယ်။ ဒေသခံပြည်သူများဟာ တောကောင်းတောမြင့်တွေကို အုပ်ချုပ်စီမံဖို့ အရည်အချင်းမရှိဖူးဆိုတဲ့ အထင်သေးအမြင်သေးတဲ့ ဗျူရိုကရက်/တက်နိုကရက် အတွေးအခေါ်မျိုးတွေကို လက်ကိုင်ထားပြီး ဆုံးဖြတ်ဆောင်ရွက်ခဲ့ကြပါတယ်။ ဒါကို လူမှုသစ်တောပညာရှင်များက (Small People, Small Trees)၊ တနည်းအားဖြင့် ဆင်းရဲသားများအဖို့ တောညံ့ပဲဗျို့ လို့ခပ်ထေ့ထေ့ဝေဖန်ခဲ့ကြပါတယ်။ အဲဒီဗျူရိုကရက်/တက်နိုကရက် အတွေးအခေါ်ရှိသူတွေကပဲ မြေညံ့ညံ့မှာ သစ်တောစိုက်ခင်းတွေ တည်ထောင်ရတဲ့ ဆင်းရဲတဲ့ဒေသခံရွာသားများကို အောင်မြင်အောင်တောင်မလုပ်နိုင်ကြဘူးလို့ ပြစ်တင်ကြပြန်တယ်။

အကယ်၍ ဒေသခံပြည်သူများကိုသာ မြေကောင်းများ/တောကောင်းတောမြင့်များသာ ပေးနိုင်ခဲ့ပါလျှင် အစုအဖွဲ့ပိုင်သစ်တောများ အောင်မြင်စွာတည်ထောင်နိုင်မယ့် အကြောင်းတရားတစ်ခု ဖြစ်လာနိုင်ပါတယ်။ အစုအဖွဲ့ပိုင်သစ်တောများ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် လိုအပ်တဲ့အခြားအကြောင်းတရားများကိုလည်း ဆက်လက်ရေးသားဖော်ပြသွားပါမယ်။

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေဘဲစီးဌာန နယ်မြေအတွင်း မိုးရွာသွန်းမှုသဘာဝ တစ်စိတ်တစ်ပိုင်းအား ဇလေဗာခြင်း

လူမင်း (ဂ၁)

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေဘဲစီးဌာနကို ၁၉၉၇ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ ပုသိမ်ကြီးမြို့နယ်တွင် အခြေစိုက်ပါသည်။ စိုက်ခင်းတည်ထောင်ခြင်း(စ)၊ သဘာဝတောကျန်များ ထိန်းသိမ်းခြင်း(ထ)၊ ထင်းအစားအခြားလောင်စာများသုံးစွဲခြင်း(ထ)၊ ရေရရှိရေး ဆောင်ရွက်ခြင်း(ရ) စသည့်(စ. ထ. ထ. ရ) လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

တိုင်း(၇)တိုင်းဖြစ်သည့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့အတွင်း မိုးရေချိန် လက်မ ၄၀ အောက်ရွာသော ဒေသများကို အခြေခံပြီးဆောင်ရွက်ခြင်းဖြစ်၍ စစ်ကိုင်းတိုင်းဒေသကြီးမှ (၃) ခရိုင်၊ မန္တလေးတိုင်းဒေသကြီးမှ (၅)ခရိုင်နှင့် မကွေးတိုင်းဒေသကြီးမှ (၄)ခရိုင်၊ စုစုပေါင်း ခရိုင်(၁၂)ခရိုင်တို့မှ မြို့နယ်စုစုပေါင်း (၅၄)မြို့နယ်တို့အတွင်း လုပ်ငန်းများ စီမံဆောင်ရွက်လျက်ရှိပါသည်။

(စထထရ) လုပ်ငန်း(၄)ရပ်အနက် စိုက်ခင်းတည်ထောင်ခြင်းလုပ်ငန်းများမှာ အထူးသတိပြုဆောင်ရွက်ရသော လုပ်ငန်း တစ်ခုဖြစ်ပါသည်။ မိုးရွာသွန်းမှုကို အခြေပြုပြီးအချိန်တိုကာလအတွင်း စနစ်တကျ သေချာစွာစိုက်ပျိုးပြီးမီးနိုင်ရေး သတိပြုဆောင်ရွက်ရ၍ဖြစ်ပါသည်။

အပူပိုင်းဒေသ၏ မိုးရွာသွန်းမှုစနစ်မှာ အခြားဒေသများနှင့်မတူ တမူကွဲပြား၍ ရွာသွန်းတတ်လေ့ရှိသည့်အပြင် ရွာသွန်းမှုပမာဏမှာလည်းအလွန်နည်းပါးသဖြင့် ဒေသအလိုက် မိုးရွာသွန်းသည်နှင့် မြေအစိုဓာတ်ရရှိမှုကို စိစစ်ပြီး လုံလောက်သည့် အခြေအနေပေးပါက အသင့်သယ်ပိုးပြုစုထားပြီးထားသော ပျိုးပင်များကို စနစ်တကျနှင့် အမြန်ဆုံး၊ အများဆုံးမြေချ စိုက်ပျိုးရန် စီမံဆောင်ရွက်ရပါသည်။ ဤသည်ကို မိုးဦး သို့မဟုတ် ပထမမိုးအမီစိုက်ပျိုးခြင်းဟုခေါ်ကြပါသည်။ အချိန်ကိုက် စိုက်ပျိုးနိုင်သော စိုက်ပင်များမှာ မိုးပြတ်လေ့ရှိသော ဇူလိုင်ကာလကို ဖြတ်သန်းရသော်လည်း နောက်ပိုင်းထပ်မံရွာတတ်သည့် မိုးဖြင့် ဆက်လက်ရှင်သန်ကာ နောက်နှစ်နွေရာသီကို ကျော်နိုင်မည်ဖြစ်ပါသည်။ အောင်မြင်သည့် စိုက်ခင်းတစ်ခုရရှိမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ခရိုင်အလိုက်၊ မြို့နယ်အလိုက် မိုးရွာသွန်းတတ်မှုမတူနိုင်သော်လည်း သက်ဆိုင်ရာခရိုင်နှင့် မြို့နယ်အသီးသီး၏ နှစ်စဉ်ရွာသွန်းလေ့ရှိသည့် မှတ်တမ်းများကိုအခြေပြု၍ စိုက်ပျိုးမည့် နှစ်အတွက် ဖြစ်နိုင်ခြေရှိသည့်ကာလကို ခန့်မှန်းရပါမည်။ မြို့နယ်အသီးသီး၏ မိုးရွာသွန်းမှုမှတ်တမ်းများကို မိုးဇလနှင့် စိုက်ခင်းဟူ၍ မှတ်တမ်းထားရှိကြောင်း သိရှိရပါသည်။ မိုးဇလမှာ မိုးလေဝသနှင့် ဇလဗေဒဌာနမှ ရရှိသည့်အချက်အလက်များ မှတ်တမ်းဖြစ်ပြီး သက်ဆိုင်ရာဌာန၏ နည်းစနစ်ဖြင့် စုဆောင်းရရှိသော ကိန်းဂဏန်းများဖြစ်ပါသည်။ စိုက်ခင်းမှာ တည်ထောင်ဆဲ စိုက်ခင်းဧရိယာအတွင်း စိုက်ခင်းတာဝန်ခံများမှ စီစဉ်ထားရှိသည့် မိုးရေတိုင်းကိရိယာမှရရှိသည့် ကိန်းဂဏန်းများ ဖြစ်ပါသည်။

မိုးဇလ ကိန်းဂဏန်းများမှာ ဆိုင်ရာမြို့နယ်တစ်ခုလုံးကို လွှမ်းခြုံသည့် အချက်အလက်များဖြစ်ပြီး စိုက်ခင်းကိန်းဂဏန်းများမှာ ဆိုင်ရာစိုက်ခင်းဧရိယာ၏ အချက်အလက်များသာဖြစ်သဖြင့် ရရှိ မိုးဇလနှင့် စိုက်ခင်းကိန်းဂဏန်းများ အမြဲမတူနိုင်ပါ။ ကွဲလွဲမှုရှိနိုင်ပါသည်။ ထို့ကြောင့် ခန့်မှန်းဆောင်ရွက်နိုင်ရန်အတွက် တစ်ခုခုအပေါ် အခြေပြုသုံးသပ်ဆုံးဖြတ်ရန် လိုအပ်မည်ဖြစ်ပါ သည်။

ဤစာရေးသူအနေဖြင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေဘဲစီးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့စဉ်က ကျောက်ဆည်ခရိုင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေဘဲစီးဌာနနယ်မြေအတွင်းရှိ မြို့နယ်များဖြစ်သည့် ကျောက်ဆည်၊မြစ်သား၊တံတားဦးမြို့နယ်များ၏ မိုးရွာသွန်းမှု မှတ်တမ်းများကို (၁၂)နှစ်စာ ဆက်စပ်လေ့လာခဲ့ပါသည်။ ယင်းသို့လေ့လာခဲ့ရာတွင် မိုးလေဝသနှင့် ဇလဗေဒဘဲစီးဌာန၏ ကိန်းဂဏန်းများအပေါ် အခြေပြုစာရင်းပြုစုလေ့လာခဲ့ပါသည်။ မြို့နယ်(၃)ခု၏ (မေလ)မှ (အောက် တိုဘာလ)အထိ (၆)လတာကာလကို နှိုင်းယှဉ်လေ့လာခဲ့ပါသည်။ တစ်လစီအတွက် မြို့နယ်အလိုက်

မိုးရွာသွန်းရက်၊ လအလိုက် ရရှိသည့်မိုးရေချိန်လက်မတို့ကို မှတ်တမ်းတင်နိုင်းယှဉ်လေ့လာခဲ့ပါသည်။

မှတ်တမ်းများအရ ကျောက်ဆည်ခရိုင်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေဒီးစီးဌာန နယ်မြေအတွင်း မိုးရွာသွန်းတတ်မှုကို အခြေပြု၍ အကြမ်းအားဖြင့် ဖြစ်တန်စွမ်းရှိသည့် အခြေအနေများကို အောက်ဖော်ပြပါများအတိုင်း ထုတ်နုတ်ရပါသည်။

(၂၀၀၂) ခုနှစ်မှ (၂၀၁၃) ခုနှစ်အထိ (၁၂)နှစ်တာကာလအတွင်း မေလအသီးသီး၏ မှတ်တမ်းများအရ (၂၀၀၅) နှင့် (၂၀၁၂)ခုနှစ်များမှအပ ကျန်(၁၀)နှစ်၏ မေလမိုးရေချိန်မှတ်တမ်းများကောင်းမွန်သည်ကို တွေ့ရပါသည်။ ဖော်ပြပါ (၂)နှစ်၏ မေလတစ်လလုံးတွင် ရရှိမိုးရေချိန်လက်မမှာ ပျမ်းမျှ(၃)လက်မအောက်သာရရှိသည်ကို တွေ့ရပါသည်။ တစ်လလျှင် ရက် (၃၀)အခြေခံဖြင့် တွက်ချက်ပါက တစ်လလုံးမှ မိုးရေချိန်(၃)လက်မပင်မရသော မိုးရွာသွန်းမှုကို သစ်ပင်စိုက်ပျိုးရေးအတွက် ထည့်သွင်းတွက်ချက်၍မရသော အဆင့်အဖြစ်သဘောထား၍ ပျမ်းမျှ(၃)လက်မ ရွာသွန်းမှု ရရှိသည့် အခြေအနေကိုသာ မူတည်သုံးသပ်ထားခြင်းဖြစ်ပါသည်။

(၁၂)နှစ်တာ မေလအသီးသီး၏ ပထမပတ်တွင် မိုးရွာသွန်းလေ့ရှိသော်လည်း (၁၀)ရက်မှ (၂၀)ရက်အတွင်း ပိုမိုအားကောင်းလေ့ရှိတတ်သည်ကို တွေ့ရှိရပါသည်။ မိုးဦး(သို့မဟုတ်) ပထမမိုးကာလဖြစ်၍ ၄င်းရက်များမတိုင်မီ စနစ်တကျတူးဖို့ ပြင်ဆင်ထားပြီးသော စိုက်ခင်းနေရာများသို့ ပျိုးပင်များစနစ်တကျစီစဉ်ပေးပို့ထားပြီးဖြစ်ရန် လိုအပ်ပါသည်။ ထို့ကြောင့် ကျောက်ဆည်ခရိုင်ရှိ မြို့နယ်များအနေဖြင့် မေလပထမအပတ်အတွင်း ပျိုးပင်သယ်ပို့မှုစီစဉ်ပြီး (၁၀)ရက်ကျော်ကာလအတွင်း အချိန်မီ စိုက်ပျိုးနိုင်ရန်လိုအပ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

ဇွန်လမှတ်တမ်းများအရ (၁၂)နှစ်တာကာလအတွင်း မိုးရေချိန်လက်မပျမ်းမျှ (၃)လက်မအောက်သာရသော နှစ်များမှာ (၉)နှစ်ရှိကြောင်းတွေ့၍ စိတ်မချရသော မိုးဦးကာလဟု အကြမ်းဖျဉ်း သတ်မှတ်ရမည်ဖြစ်ပါသည်။ ဇွန်လအတွင်းမှ သစ်ပင် စတင်စိုက်ပျိုးရန်မသင့်ကြောင်း သုံးသပ်ရပါသည်။ ဆက်လက်၍ ဇူလိုင်လမှတ်တမ်းများအပေါ် လေ့လာခဲ့ရာ (၂၀၀၂)မှ (၂၀၁၃) ခုနှစ် အထိ (၁၂)နှစ်တာကာလအတွင်း သက်ဆိုင်ရာ ဇူလိုင်လအသီးသီး၏ မိုးရွာသွန်းမှု မှတ်တမ်းများအရ (၂၀၀၆) ခုနှစ်မှအပ ကျန်(၁၁)နှစ်၏ ဇူလိုင်လတစ်လလုံး၏ မိုးရေချိန်မှာ ပျမ်းမျှ (၃)လက်မအောက်သာရရှိသည်ကိုတွေ့ရသဖြင့် မစွန့်စားသင့်သော လအဖြစ်သုံးသပ်သတ်မှတ်ရပါသည်။

ထိုနည်းတူစွာ ဩဂုတ်လမှတ်တမ်းများအရ (၁၂)နှစ်တာကာလတွင် (၇)နှစ်မှာ ပျမ်းမျှ (၃)လက်မအောက် မိုးနည်းသည်ကို တွေ့ရပါသည်။ သို့ဖြစ်ပါ၍ ကျောက်ဆည်ခရိုင်တွင် သစ်ပင်စိုက်မည်ဆိုပါက ဇူလိုင်နှင့် ဩဂုတ်လတို့အတွင်း မဆောင်ရွက်သင့်ကြောင်း အကြမ်းဖျဉ်းခန့်မှန်းရပါသည်။

စက်တင်ဘာလမှတ်တမ်းအရမူ (၁၂)နှစ်တာကာလအတွင်း (၂)နှစ်သာ စက်တင်ဘာလ မိုးရေချိန် ပျမ်းမျှ (၃)လက်မ အောက်ရှိပြီး ကျန်နှစ်များမှ (၃)လက်မအထက်ရရှိသဖြင့် မိုးပြန်ရွာတတ်ကြောင်း သတိပြုရပါသည်။ အောက်တိုဘာလ၏ မိုးရွာသွန်းမှု မှတ်တမ်းများအရ (၁၂)နှစ်တာကာလအတွင်း (၄)နှစ်မှာ (၃)လက်မအောက်စီသာရရှိပြီး ကျန်(၈)နှစ်တာမှာ ပျမ်းမျှ (၃) လက်မအထက်ရရှိသဖြင့် မိုးအထိုက်အလျောက်ရွာတတ်ကြောင်း တွေ့ရပါသည်။ သို့ဖြစ်ပါ၍ ကျောက်ဆည် ခရိုင်အတွင်း အကြောင်းကြောင်းကြောင့် သေပင်ဖာထေးရပါက သို့မဟုတ် စိုက်ပင်များရှင်သန်ရန် မသေချာပါက မေလတွင် ချက်ချင်းဖာ၍လည်းကောင်း၊ ထပ်မံဖာရန်လိုပါက စက်တင်ဘာလတွင်လည်းကောင်း ဆောင်ရွက်သင့်ကြောင်းတွေ့ရပါသည်။

ညွှန်ကြားရေးမှူးအဆင့်အပါအဝင် သစ်တောဦးစီးဌာနမှ သစ်တောဝန်ထမ်းများ၊ အလှည့်ကျစနစ်ဖြင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေဒီးစီးဌာနသို့ အခါအားလျော်စွာတာဝန်ထမ်းဆောင်ရသည့်အခါ သက်ဆိုင်ရာနယ်မြေ အသီးသီး၏ မိုးရွာသွန်းမှုကိုသတိပြုဆောင်ရွက်ရန်လိုအပ်သည့်အလျောက် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးအတွက် အောင်မြင်သော စိုက်ခင်းများစဉ်ဆက်မပြတ်ပေါ် ပေါက်လာစေရန် ရည်ရွယ်၍ ရာသီဥတုဆိုင်ရာအချက်များအနက် မိုးရွာသွန်း တတ်သည့် သဘာဝကို တင်ပြရခြင်းဖြစ်ပါသည်။ သက်ဆိုင်ရာ ခရိုင်အလိုက်၊ မြို့နယ်အလိုက် ကြိုကြိုတင်တင် ခန့်မှန်းတွက်ချက်ပြီး အသင့်လျော်ဆုံးဖြစ်မည့်အချိန်ကို လျာထားဆောင်ရွက်နိုင်စေရေးနှင့် သတိပြုဆောင်ရွက်နိုင်စေရေးအတွက် တင်ပြလိုက်ရပါသည်။

မှတ်ချက်-
ကျောက်ဆည်ခရိုင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေဦးစီးဌာနနယ်မြေအတွင်း ရှာသွန်းသည် (မေ၊ ဂူလိုင်၊ စက်တင်ဘာလ)အလိုက် မိုးရေချိန် မှတ်တမ်းနမူနာကို ဖော်ပြထားပါသည်။







မိမိတာဝန်ယူတည်ဆောက်ခဲ့သော သစ်သားတံတားများ

ထွန်းရီ (သစ်တော၊ငြိမ်း)

မြန်မာနိုင်ငံသစ်တောတက္ကသိုလ်နှင့် သစ်တောကျောင်းမှ သစ်တောပညာရပ်များသင်ကြားပြီး ကျောင်းဆင်းခဲ့သော သစ်တောဝန်ထမ်းများသည် သစ်တောအင်ဂျင်နီယာပညာရပ်သင်ကြားခဲ့ပြီး သစ်သားတံတားများ တည်ဆောက်ခဲ့ဖူးကြပေလိမ့်မည်။ အားလုံးတော့ တာဝန်ယူတည်ဆောက်ဖူးချင်မှ တည်ဆောက်ဖြစ်ပေလိမ့်မည်။ ယခုအခါ သစ်သားတံတားအစား အာစီကွန်ကရိသဲကျောက်တံတားများ ခေတ်ဖြစ်သော်လည်း ကျေးရွာချင်းဆက်အချို့ ဒေသတို့တွင် သစ်သားတံတားများ တည်ဆောက်သုံးစွဲနေဆဲဖြစ်ပါသည်။ ယခုအခါ တံတား တည်ဆောက်မှုမှာ အချို့ဒေသတွင် နည်းစနစ်မမှန်ကန်၍ ယာဉ်၊ ကားများ ဖြတ်သန်းမောင်းနှင်စဉ် တံတားကျိုးကျပျက်စီးခြင်း၊ တံတားကြမ်းခင်းကွဲကျခြင်းများကို သတင်းစာများတွင်တွေ့မြင်နေရပါသည်။ကွန်ကရိတံတားများလည်း ချောင်းရေစီးမှုပြင်းထန်၍ ပျက်စီးကြောင်းတွေ့နေရ၍ ယင်းသို့မဖြစ်ရန် မည်ကဲ့သို့တည်ဆောက်သွားသင့်ကြောင်း ရေးသားဖော်ပြသွားပါမည်။ သစ်တောရေးရာကျွန်ုပ်များ သည် သက်ဆိုင်ရာမြို့နယ် သစ်တောဝန်ထမ်းများမှတစ်ဆင့် အကယ်၍ ကျေးရွာစာကြည့်တိုက်များသို့ ရောက်ရှိသွားပါက ကျေးရွာတောင်သူဦးကြီးများ သိရှိနိုင်မည်ဟု ယူဆရပါသည်။

စာရေးသူသည် ၁၉၆၈-၇၀ ခုနှစ်တွင် မြန်မာနိုင်ငံသစ်တောကျောင်းမေမြို့၌ အငယ်တန်း တောအုပ်သင်တန်းတက်ရန် ရှမ်းပြည်နယ်တောင်ပိုင်းတောင်ကြီးမြို့ပြည်နယ်သစ်တောရုံးမှ စေလွှတ်ခြင်းခံရပါသည်။ ထိုသို့ သင်တန်းတက် ရောက်နေစဉ် ၁၉၇၀ ခုနှစ်၊ ဖေဖော်ဝါရီလ၌ ကသာမြို့တွင် ကချင်တပ်ရင်းနှင့် ကသာမြို့သို့ ဆက်သွယ်သောကားလမ်းရှိ ချောင်းတစ်ချောင်းကိုဖြတ်၍ တံတားတည်ဆောက်ရန် သစ်တောကျောင်းမှ တာဝန်ယူသဖြင့် ကျွန်တော်တို့ အတန်းငယ်နှင့် အကြီးတန်း ပေါင်း သင်တန်းသား(၄၃)ဦးတို့ တည်ဆောက်ကြပါသည်။ ကျွန်တော်တို့အား တံတားတည်ဆောက်မှု သစ်တောအင်ဂျင်နီယာပညာရပ်ကို လက်တွေ့သင်ပြပေးကြသောဆရာများမှာ ကျောင်းအုပ်ကြီး ဦးတင်ညွှန့်၊ ဆရာ ဦးသိန်းမောင်၊ ဆရာဦးထွန်းမြင့်နှင့် ဆရာဦးညီ(တို့)ဖြစ်ကြပါသည်။ တံတားခန်းဖွင့်အကျယ်မှာ ပေ(၂၀၀)နှစ်ရာဖြစ်၍ သစ်တောကျောင်းရာဇဝင်တွင် အရှည်ဆုံး တံတားဖြစ်ပါသည်။ ကသာမြို့ ဆလက ဝန်ထမ်း(၁)ဦးမှ ဤတံတားတည် ဆောက်မည်ဆိုက ၂ လကြာမည်ဟုပြောပါသည်။ ကျွန်တော်တို့ အားကြီးမာန်တက် နေ့ ည ဆောက်လုပ်ခဲ့ရာ ၂၅ ရက်နှင့်ပြီးစီးခဲ့ပါသည်။ ထိုစဉ်က ညပိုင်း တံတားတိုင် မြေကျင်းတူးရာတွင် မီးစက်မရှိ၍ ရေနံဆီအောက်လင်းဓာတ်မီးဖြင့်ထွန်း၍ မြေကျင်းတူးခဲ့ကြပါသည်။တံတားပြီးစီး၍ စခန်းသိမ်းပွဲညတွင် ကချင်တပ်ရင်းမှူးမှ ဆရာများနှင့် ကျောင်းသားများအား ဂုဏ်ပြုညစာ စားပွဲဖြင့် တည်ခင်းကျေးဇူးခံ မွေးပါသည် ။အလွန်ကောင်းပါသည်။

တံတားတည်ဆောက် ရာတွင် ချောင်းဖြတ်မည့်နေရာရွေး မှန်ကန်ရပါမည်။ နေရာရွေးပြီးပါက အနီးအနားရှိ ကျေးရွာမှ အသက်အကြီးဆုံး အသက် (၈၀)(၉၀) တစ်ဦးဦးကို မေးရပါမည်။ မိုးလယ်ချောင်း ရေကြီးလာလျှင် ရေအမြင့်မည် မျှ အထိတက်သည်ကို မေးရပါသည်။ အမြင့်နေရာရက အမြင့်ဆုံး ရေကြီးမှတ်အပေါ် ၃ပေ မြင့်၍ တံတားတည်ဆောက်ရပါသည်။ တံတားတည်ဆောက်မှုနေရာ ရွေးချယ်ပြီးပါက တံတားတိုင်နေရာပန္နက်ရိုက်မှတ်ရပါသည်။ ဒေသထုံးတမ်းစဉ်လာအရ လက်သမားပွဲတည်ပေးရပါသည်။ ပန္နက်ရိုက်ပြီးသောအခါ ရေချောင်း၏ အောက်ခြေမှက်နှာပြင်မှ မြေအောက်အနက်၉ပေ ကျင်း တူးရပါသည်။တံတားအကျယ် ၁၂ ပေ ဖြစ်၍ ကျင်းအလျား ၁၄ပေ၊အနံ၃ပေဖြစ်ပါသည်။ ကျင်းတူးပြီးက တိုင်များစိုက်ထူတော့မည် ဆိုပါကအလျား၁၄ပေ အနံ၁၄လက်မ၊ ၃ ၄ လက်မရှိသော သစ်မာဟျဉ်ပြားအား တံတားတိုင်စွတ်ရန် စရွေးပေါက် ၄ ပေါက်ဖောက်၍ မြေချရပါသည်။

မြေချပြီးပါက တံတားတိုင်များစရွေး တန်ချွန်၍ စရွေးပေါက်ဖောက်ထားသော တံတားဖိစုပ်တိုင်ပေါက် ၄ ပေါက်တွင် လုံးပတ် ၄ ပေရှိသော တံတားတိုင် ၄ တိုင်စိုက်ရပါသည်။ ချောင်းအကျယ် ပေ ၅၀ ရှိမည်ဆိုပါက တံတားတိုင် ၄ တိုင်၊ စင် ၃ ခုစိုက်ထူရပါမည်။ တိုင်ထူပြီးပါက လိုအပ်သောအမြင့်တွင် တိုင်ကိုတင်၍ အလျား ၁၂ ပေ၊ အကျယ် စလက်မ ၃ ၃ လက်မ တံတားရက်မကပ်၍ သံမူလီဖြင့်ညှပ်ရပါမည်။ ရက်မများကပ်ပြီးပါက တံတားမိကျောင်းတုံး တင်ရပါသည်။ တံတားတစ်ခန်းလျှင် မိကျောင်းတုံး ၄တုံး၊ သစ်မာသစ်လုံးပတ် လေးပေခွဲခန့်သစ်လုံးဖြစ်ရပါမည်။ တံတားအရှည် ပေ ၅၀ ဆိုပါက တံတားတိုင်စင် ၃ စင် မိကျောင်းတုံး ၂၃ ပေ ၈ တုံးဖြစ်ရပါမည်။ မိကျောင်းတုံးအဆက်များတွင် ငါးမူးသံလုံးဖြင့် ပတ်ချည်ထားပါက ပိုကောင်းပါသည်။ တံတားမိကျောင်းတုံးများ ခင်းပြီးပါက မျက်နှာပြင်ညီစေရန် ဓားဖြင့်ရွေ့ ခုတ်ညှပ်ရပါသည်။ ထို့နောက် ကြမ်းခင်းဖြစ်သည့် သစ်မာ ၆ လက်မ ×၃ လက်မ- ၁၂ပေများကို ၁ လက်မစီခြား၍ ခင်းကာ ၆ လက်မသံဖြင့် ရိုက်ခင်းရပါသည်။ ကြမ်းခင်းပြီးပါက ကြမ်းခင်းအဖျားတွင် ကြမ်းဖိကို ၄ လက်မ× ၂ လက်မ သစ်သားဖြင့် ဖိရိုက်ရပါသည်။ တံတားကားဘီးနင်းရန် ဘီးနင်းပျဉ်ကို ၅ လက်မ× ၂ လက်မ သစ်သားခင်းရိုက်ရပါသည်။ တံတားအစွန်တွင် လက်ရန်းတိုင်အား ၄ လက်မ× ၄ လက်မ ပတ်လည်တိုင်ဖြင့်စိုက်၍ ၄ လက်မ × ၂ လက်မဖြင့် ကာတန်းထည့်ပါက တံတားခင်းခြင်းပြီးပါသည်။ တံတားထိပ် ၂ ဘက်တွင် မြေမပြိုစေရန် တံတားတိုင်နှင့် ဘေးပါ ပကာပြားများ ထောင်စီ၍ မြေဖို့ပေးရပါသည်။ တံတားတိုင်ဘေးတွင် မြေကာရန် လုံးပတ် ၃ ပေတိုင်များစိုက်၍ ပကာများကာရန်ပြီး မြေဖို့ရပါသည်။ ၄င်းကို ဘဲတောင်ဟုခေါ်ပါသည်။

စာရေးသူအနေဖြင့် ကလောမြို့နယ်တွင် ၁၉၈၀ ဝန်းကျင်၌ သစ်သားတံတား ၃ စင်းတာဝန်ယူတည်ဆောက်ခဲ့ပါသည်။ ကလောမြို့နယ် ပါတီကောင်စီလူကြီးများ၏ တာဝန်ပေးချက်အရ အမှတ် ၁ တံတားဖြစ်သည့် ကလောမြို့ရပ်ကွက် ၄ တွင်ဖြတ်စီးသော ကလောချောင်းပေါ်တွင် အလျားပေ ၇၀ ခန့် တံတားတစ်လုံး/အမှတ် ၂ တံတားဖြစ်သည့် ကလောမြို့နယ် ပန်းဖယ်ကျေးရွာအနီး ပန်းဖယ်ချောင်းကိုဖြတ်၍ ပေ ၈၀ ရှိ တံတားတစ်လုံး၊ ကလောမြို့နယ် သစ်တောစိုက်ခင်း စီမံကိန်းတာဝန်ခံ ဦးအေးချိုမှ အကူအညီတောင်းသဖြင့် မြင်းမတီကျေးရွာ အရှေ့ဘက် ကလောချောင်းကိုဖြတ်၍ ၃၀ ပေခန့်ရှိ အမှတ် ၃ တံတားများဖြစ်ပါသည်။ ၄င်းတံတားများတွင် သုံးစွဲသောသစ်များသည် သစ်ယာ၊အင်ကြင်း၊ပျဉ်းကတိုးသစ်များဖြစ်၍ ယနေ့တိုင် တံတားများတည်ရှိဆဲဖြစ်ပါသည်။

တံတားတည်ဆောက်မည့်သူသည် အထူးသတိထား၍ တည်ဆောက်ရပါသည်။ အသုံးပြုသောနည်းစနစ်နှင့် သစ်အမျိုးအစားများ မမှန်ကန်ပါက တံတားပေါ်တွင် ယာဉ်၊ ကားများဖြတ်သန်းစဉ် ကျိုးကျပျက်စီး၍ ကားပျက်စီးခြင်း၊လူများထိခိုက်ဒဏ်ရာရခြင်းများဖြစ်ပေါ်တတ်ပါသည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ အင်းတော်မြို့နယ်၊ မော်လူး ဒေသစီပိန်းကျေးရွာအနီး ရွှေဘို- မြစ်ကြီးနား ပြည်ထောင်စုလမ်းပေါ်ရှိ နန့်ဒရန်ချောင်းကူးတံတားပေါ် မှန်လုံယာဉ်ဖြတ်ကူးစဉ် ကားဘီးကျွံကျခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ် ကလေး-နတ်ချောင်းလမ်း မိုင်တိုင်၈၀/၀နှင့် ၈၀/၁ ကြား ကလေးမြို့မှ ၃ မိုင်ကွာရှိသော သာစည်ကျေးရွာအနီး သံစည်ဘေလီတံတားပေါ် သစ်လုပ်ငန်းပိုင်ကားဖြတ်ကူးစဉ် တံတားကျိုးကျခြင်း၊ တံတားမျက်နှာပြင်အမြင့် အသေအချာမတွက်ချက်၍ ရေကြီးလာသောအခါ တံတားများကို အမှိုက်ဒိုက် များတိုက်ချ၍ ရေစီးနှင့်မျောပါသွားသော ဗန်းမော်ဆဝမ်က သောင်စီလူလမ်းတံတားအမှတ် ၃/၁၇ ၊မန်ဝိုင်းလေး တံတားတည်ဆောက်စဉ် သစ်အမျိုးအစားမမှန်ကန်သဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ ချမ်းသာကျေးရွာအနီးရှိ လဲမွန်ချောင်းတံတားပေါ် သစ်မှောင်ခိုကားတစ်စီးဖြတ်မောင်းရာတွင် တံတားကျိုးကျ ယာဉ်တိမ်းမှောက်ခြင်း၊ အခြားဒေသများ၌ တံတားများမကြာခဏ ကျိုးကျပျက်စီးကြောင်း သတင်းစာများ၌ တွေ့ရပါသည်။ အာစီကွန်ကရိကျောက်စီတံတားကြီးများ ရေတိုက်စားကျိုးကျသွားသည်ကိုဖော်ပြရသော် မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ်ရှိ အုန်းတောတံတားနှင့် ရေပြာချောင်းတံတားတို့မှ လွန်ခဲ့သည့် ၂ နှစ်ခန့် ခြင်းတောင်ဒေသ မကွေးတိုင်းဒေသကြီးတို့တွင် မိုးမုန်တိုင်းကျရောက် သည်းထန်စွာရွာသွန်းခဲ့၍ အုန်းတောတံတားများ ယောချောင်းမှ

ရေများ အဟုန်ပြင်းစွာဒိုက်များ၊ လက်ပံပင်အမြစ်မှ ကျွတ်ပြီး မျောပါလာ၍ တံတားကို တိုက်စားသဖြင့် တံတားကျိုးပဲ့ပျက်စီးရခြင်း၊ ကျောချောင်းမှ ရေများအဟုန်ပြင်းစွာ တိုက်စား၍ ရေပြာကွန်ကရိတ်တံတားပျက်စီးရခြင်းဖြစ်ပါသည်။ အထက်ပါ တံတားများအကြောင်းသိရှိရခြင်းမှာ စာရေးသူကိုယ်တိုင် ထိုနေရာသို့ ယခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်တွင် ရောက်ရှိရာတွင် အုန်းတောကျေးရွာဒေသခံ တောင်သူများ ပြောကြားချက်အရ သိရှိရပြီး မိမိရောက်ရှိစဉ်တွင် အုန်းတောတံတားအား မြန်မာ့ဆောက်လုပ်ရေးလုပ်ငန်းမှ ကျပ်သန်းတစ်ထောင် အကုန်အကျခံဆောက်လုပ်နေသည်ကိုတွေ့ရပါသည်။ ရေပြာတံတားလည်း တည်ဆောက်နေသည်ကို တွေ့ရပါသည်။ တံတားတစ်တိုင်နှင့် တစ်တိုင်သည် ပေ ၁၀၀ ဟု ခန့်မှန်းရပါသည်။ ယခင် တံတားဟောင်းအတိုင်း ပြန်လည်၍ တံတားအမြင့် ၂၀ ပေခန့် တည်ဆောက်နေရာ မုန်တိုင်းတစ်ဖန်ပြန်ကျပါက ပြန်လည်ပျက်စီးသွားမည်ဟုယူဆမိပါသည်။ ချောင်းအကျယ်သည် ပေ ၂၄၀၀ ကျော်ရှိရာ ရေများအထက်မှ ကျောက်များသဲများ မျောပါ ယူဆောင်လာ၍ ချောင်းမှက်နှာပြင်မြင့် သွားပါက ရေတိုက်စားမှုတစ်ဖန်ဖြစ်ပေါ်နေဦးမည်။ ဤတံတားကို တည် ဆောက်သင့်သည်မှာ ပခုက္ကူတံတား ဧရာဝတီမှ သံပေါင်အကြိုးစားဖြင့် တံတားအမြင့်ကိုပိုပြီး တပ်ဆင်ဆောက်လုပ်ပါက ရေတိုက်စားမှု လွတ်ကင်းသွားပါမည်။ ၄င်းသံပေါင်မျိုး ၂ ဆက် ၃ ဆက် တပ်ဆင်ရန်ဖြစ်ပါသည်။

ကလောမြို့နယ်၌ မိမိတည်ဆောက်ခဲ့သော သစ်သားတံတားသည် ခံနိုင်ဝန် တန် ၃၀ ဖြစ်ပါသည်။ ကလေးမြို့ရပ်ကွက် ၄တွင် တည်ဆောက်ခဲ့သော သစ်သားတံတားတိုင်ခြေကျင်းများတွင် ၆ လက်မ× ၉ လက်မ ကျောက်တုံးများအား သဲကျောက်စရစ်ဖြင့်ရောပြီး ဘိလပ်မြေနှင့်ဖျော်ကာ လောင်းခဲ့သဖြင့် တံတားတိုင်များ ရေတိုက်စားမှုမှ ကင်းလွတ်လျက်ရှိပါသည်။ တံတားတည်ဆောက်မည့်သူ သို့မဟုတ် အဖွဲ့အစည်းသည် စိတ်ကောင်းထားလျက် ငွေကုန်ကြေးကျများသည်ကို မကြည့်ဘဲ တံတားတာရှည်ခိုင်ခံ့မှုနှင့် ယာဉ်၊ ကားအသွားအလာအန္တရာယ်ကင်းစေရန် မျှော်မှန်းလျက်တည်ဆောက်သင့်ကြောင်း ရေးသားတင်ပြအပ်ပါသည်။

××××××××××

ရာသီဒဿ ကုစားကြ

နွေဂိမာန်
နေရှိန်ထန် ပူပြင်းတော့ ။
ရာသီရယ် ဆိုးဝါးလှ
ညည်းကြလေပေါ့ ။

မိုးဝသန်
ဖြိုးသန်စွာ မှာသွန်းတော့ ။
ရာသီရယ်ဆိုးဝါးလှ
ညည်းကြလေပေါ့ ။

ဆောင်းဟေမာန်
လွန်ကဲဟန် အေးပြန်တော့ ။
ရာသီရယ် ဆိုးဝါးလှ
ညည်းကြလေပေါ့ ။

တွေးဆပါလျှင်
ရာသီတွင် အပြစ်မရှိ ။
ကုစားကာ ပြုပြင်ခြင်း
ဆောင်ကြဉ်းသင့်၏ ။

ဥတုရာသီ
တောကိုမှီဆိုထား ။
တို့ တစ်တွေ သစ်ပင်စိုက်ကာ
တောလည်းသာ တောင်လည်းလှပြီး
သဘာဝရာသီမျှအောင်
စွမ်းဆောင်စို့လား ။ ။

မနောသစ် (ပခုက္ကူ)

သဘာဝဘေးအန္တရာယ်လျော့ပါးသက်သာစေဖို့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကြပါစို့

မျိုးမင်းသိန်း (စတာဇုဝ်ကြီး) ဆိုးရွဲ့

လူသားတို့ အသက်ရှင်နေထိုင်ရန်အတွက် အလိုအပ်ဆုံးသော အရာများမှာ မြေ၊ ရေ၊ လေနှင့် သဘာဝပတ်ဝန်းကျင် ကောင်းပင်ဖြစ်ပါသည်။ ကမ္ဘာပေါ်ရှိ လူသားအပါအဝင်၊ အပင်၊ သတ္တဝါများသည် မြေဆီဩဇာ ပြည့်စုံသော မြေ၊ ကောင်းမွန်သန့်ရှင်းသော ရေနှင့် ရေရှည်တည်တံ့သော သဘာဝပတ်ဝန်းကျင်ကောင်းတစ်ခု အမှန်တကယ်ပင် လိုအပ်လှပေသည်။ သို့သော် လူသားတို့မှီတင်းနေထိုင်သည့် ကမ္ဘာကြီးတွင် ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဖောက်ပြန်ပြောင်းလဲမှုများကို စတင် ကြုံတွေ့နေရပြီ ဖြစ်သည်။

စက်ရုံမှ မီးခိုးငွေ့များအား လေထုထဲသို့ ပမာဏများစွာ ထုတ်လွှင့်မှု၊ စွမ်းအင်များအား လိုအပ်သည်ထက် ပို၍သုံးစွဲမှု၊ သစ်တောများ ပြုန်းတီးစေမှု အစရှိသော လုပ်ဆောင်မှုများသည် ကမ္ဘာကြီး၏ ရာသီဥတုပြောင်းလဲမှု (Climate Change) ကို ပိုမိုဆိုးရွားလာစေပါသည်။ အဆိုပါ ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်အဖြစ် လူသားတို့အတွက် အသက်ပေါင်းများစွာ ဥစ္စာပစ္စည်းပေါင်းများစွာ ဆုံးရှုံးစေနိုင်သော သဘာဝဘေးအန္တရာယ်ဆိုးကြီးများအဖြစ် ပေါ်လာစေပါသည်။

အဆိုပါ သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်လာရခြင်း အကြောင်းအရင်းကို သိရှိရန်လို အပ်ပါသည်။ သဘာဝဘေးအန္တရာယ်များမှ လွတ်မြောက်ရန်နှင့် ထိခိုက်မှုလျော့နည်းသက်သာစေရန် ဝိုင်းဝန်းအားထုတ်သင့်ပါသည်။ သဘာဝဘေးအန္တရာယ်ဖြစ်ပွားလာမှု ဆောင်ရွက်ခြင်းထက် မဖြစ်ပွားမီ ကြိုတင် ကာကွယ်ထားရန် သာ လိုအပ်ပါသည်။

သဘာဝဘေးအန္တရာယ်များဖြစ်ပွားရသည့်အကြောင်းအရင်းနှင့် အမျိုးအစားများ

ကမ္ဘာပေါ်ရှိ ဖြစ်ပွားလျက်ရှိသော သဘာဝဘေးအန္တရာယ် အားလုံးသည် မြေ၊ ရေ၊ လေတို့ပေါ်တွင်သာ မူတည်၍ ဖြစ်ပွားတတ်ကြပါသည်။ သို့သော် အဆိုပါ ဘေးအန္တရာယ်အများစုတို့အား မည်သည့် သိပ္ပံပညာရှင်(သို့) သိပ္ပံပညာရပ်မျှ ကြိုတင်မသိရှိနိုင်သေးပါ။ ဥပမာ မြေငလျင်အား မည်သို့မျှ ကြိုတင်ခန့်မှန်း၍ မည်သည့်နေရာ၊ မည်သည့်အချိန်တွင် မည်သည့် ပြင်းအားဖြင့် လှုပ်ခတ်မည်ကို မပြောဆိုနိုင်ကြပါ။ အလားတူ မြေပြိုခြင်း၊ ရေလွှမ်းခြင်း၊ လေမုန်တိုင်းတိုက်ခတ်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ တောမီးလောင်ခြင်း အစရှိသည်တို့ မဖြစ်ပွားမီ အချိန်အနည်းငယ်မျှအတွင်းသာ သိရှိနိုင်ပြီး လုံလောက်သည့် အချိန်ပမာဏအတွင်း သိရှိထားနိုင်ခြင်းငှာ မစွမ်းနိုင်ကြသေးပါ။

သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားရာ အရင်းအမြစ်များကို သေချာစွာဆန်းစစ်လေ့လာကြည့်ကြရာ အဓိကအားဖြင့် လူသားများကြောင့် ဟုပင် အဖြေထွက်ပေါ်လာမည်ဖြစ်လေသည်။ ဤပြဿနာအား ဖြေရှင်းရာတွင် အရင်းအမြစ်ဖြစ်သော လူသားများ၏ အခန်းကဏ္ဍသည် အလွန်ပင်အရေးကြီးလှပါသည်။ အချို့သော ဘေးအန္တရာယ်များသည် လူသားများ၏ ပြုမူ

လုပ်ဆောင်မှုများနှင့် တိုက်ရိုက်သက်ဆိုင်၍ အချို့သည် သွယ်ဝိုက်သက်ဆိုင်နေပါသည်။ သို့အပြင် အများစုသော သဘာဝဘေးအန္တရာယ်များသည် ရာသီဥတုပြောင်းလဲမှုနှင့်လည်း တိုက်ရိုက်သက်ဆိုင်နေပါသည်။ အထူးသဖြင့် ကမ္ဘာ့လူဦးရေသည် ယခင်ရာစုနှစ်များစွာမှ ယခုအချိန်တိုးပွားလာနှုန်းမှာ ဆပွားနှုန်းဖြင့် တိုးနေသည်ကို တွေ့ရပါသည်။ သို့သော် ကမ္ဘာမြေကြီး၏ ဧရိယာနှင့် သယံဇာတများမှာမူ အကန့်အသတ်ဖြင့်သာ ရှိနေသောကြောင့် တိုးပွားလာသော လူဦးရေများ အသက်ရှင်နေထိုင်ရေးအတွက် သဘာဝသယံဇာတများနှင့် သဘာဝပတ်ဝန်းကျင်အပေါ်တွင် အလွန်အကြူး မှီခိုလာကြရပါတော့သည်။ ထိုသို့ မှီခိုမှုလွန်ကြူးလာသောကြောင့် သဘာဝပတ်ဝန်းကျင်ဂေဟစနစ် (Ecosystem) ပျက်စီးလာကာ သဘာဝဘေးအန္တရာယ်များ ပိုမိုဖြစ်ပေါ်စေပါတော့သည်။ ဆည်/မြောင်း၊ ရေလှောင်တမံနှင့် မြစ်ဖျားဒေသများရှိ သစ်တောသစ်ပင်များ၏ အမြစ်များမှ မြေဆီလွှာများကို ကုတ်တွယ်ထားရှိခြင်း၊ မိုးစက်တိုက်ရိုက်ထိတွေ့ခြင်းမှ ကာကွယ်ပေးခြင်းတို့ကြောင့် ဆည်၊ တာတမံများ သဲနုန်းပို့ခြင်း၊ ကောခြင်းများကို အကာအကွယ်ရစေပါသည်။ လူသားတို့ကြောင့် ရေဝေရေလဲတောများ ပျက်စီးခြင်းမှ တစ်ဆင့် ရေလွှမ်းခြင်းများ၊ ရေကြီးခြင်းများ ဖြစ်ပေါ်လာစေပါသည်။ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ် ဆုံးရှုံးမှုများကိုပါ ပေါ်ပေါက်လာစေပါတော့သည်။

မုန်တိုင်းဖြစ်ပေါ်မှုများသည် ရာသီဥတု စက်ဝန်းများ၏ ဖြစ်ပေါ်နေကျ အဖြစ်အပျက်များသာ ဖြစ်ပါသည်။ သို့သော် ရာသီဥတုဖောက်ပြန် ပြောင်းလဲမှုများနှင့် ကြုံတွေ့ရသောနှစ်များတွင် မုန်တိုင်းများ၏ ဖြစ်ပေါ်မှုအရေအတွက်နှင့်ပြင်းအားများ တိုးလာသည်ကိုတွေ့ရပါသည်။ သဘာဝအတားအဆီးများဖြစ်သော ဒီရေတောများ ပျက်စီးသွားသည့်အခါတွင်မူ ဖြစ်ပေါ်လာသော မုန်တိုင်းများ၏အရှိန်ကို ဟန့်တားနိုင်ခြင်းမရှိတော့ပါ။ လူသားတို့အတွက် ဆုံးရှုံးနစ်နာမှုများကို ကြုံတွေ့လာစေပါသည်။ နာဂစ်မုန်တိုင်းကာလတွင် ဒီရေတောများ ပျက်စီးနေသောဒေသများ၌ လူအသေအပျောက်နှင့် ပျက်စီးဆုံးရှုံးမှုများပြားခဲ့သော်လည်း ကောင်းစွာထိန်းသိမ်းထားသော မိန်းမလှပတ်ဝန်းကျင် ဒီရေတောတစ်ဝှမ်းတွင်မူ အသေအပျောက် လွန်စွာနည်းပါးခဲ့သည်။ မုန်တိုင်းများဖြစ်ပေါ်လေ့ရှိသော ပင်လယ်ကမ်းခြေဒေသများတွင် ဒီရေတောများကိုလည်း ကောင်း၊ ကုန်းတွင်းပိုင်းဒေသများတွင် လေကာတန်းတောများကိုလည်း ကောင်း စိုက်ပျိုးထိန်းသိမ်းထားသင့်ပါသည်။

ငလျင်လှုပ်ခတ်ခြင်းများသည်လည်း ကမ္ဘာမြေကြီး၏ အတွင်းပိုင်းတွင်ရှိသော ကျောက်ရည်ပူ(ချော်ရည်)များအပေါ် တွင်ဖုံးအုပ်ထားသော ကျောက်ချပ်ကြီးများ၏ လှုပ်ရှားမှုများမှ ထွက်ပေါ်လာခြင်းဖြစ်ပါသည်။ ထိုသို့ ငလျင်များသည် သဘာဝဖြစ်စဉ်များအပေါ် အခြေခံ၍ ဖြစ်ပေါ်နေခြင်းသာမက ရာသီဥတုပြောင်းလဲမှုမှလည်း အဆိုပါဖြစ်စဉ်အပေါ်တွင် သက်ရောက်မှုရှိနေသည်ကို တွေ့ရှိရပါသည်။ ကမ္ဘာကြီးပူနွေးလာမှု၏ အကျိုးဆက်အဖြစ် ကမ္ဘာ့ဝင်ရိုးစွန်းများတွင်ရှိနေသော ရေခဲတောင်များ အရည်ပျော်ကျကာ ကမ္ဘာ၏ကျောက်လွှာများပေါ်တွင်ရှိသော ရေထု၏အလေးချိန် မျှခြေများပြောင်းလဲလာလျက် ထိုမှတစ်ဆင့် ကျောက်လွှာများ လှုပ်ရှားလာကာ ငလျင်လှုပ်ခြင်းများ ဖြစ်ပေါ်လာပါသည်။ ထို ကြောင့် ကမ္ဘာ၏ရာသီဥတုပြောင်းလဲမှုအား လျော့နည်းပပျောက်အောင် လုပ်ဆောင်ခြင်းသည်လည်း ငလျင်လှုပ်ခြင်းအား လျော့နည်းအောင်လုပ်ဆောင်ခြင်း နည်းလမ်းတစ်ခုပင်ဖြစ်ပါသည်။ အချုပ်အားဖြင့် သဘာဝဘေးအန္တရာယ်ဖြစ်ပွားရသည့် အကြောင်းအရင်းများသည် သဘာဝ၏ဖြစ်စဉ်များကြောင့်သော်လည်းကောင်း၊ လူသားတို့၏ လုပ်ဆောင်မှုများကြောင့်သော်လည်းကောင်း၊ နှစ်ခုစလုံးကြောင့်သော်လည်းကောင်း ဖြစ်ပွားရခြင်း ဖြစ်ကြောင်း သိရှိရပါသည်။

သဘာဝဘေးအန္တရာယ်ကြုံတင်ကာကွယ်ရမည့် နည်းလမ်းများ

သဘာဝဘေးအန္တရာယ်များသည် သဘာဝအကြောင်းတရား/ဖြစ်စဉ်များကြောင့်သာ အများဆုံး

ဖြစ်ပေါ်လေ့ရှိပါသည်။ သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်လာချိန်တွင် မည်သည့်လုပ်ဆောင်မှုမှ ထိရောက်မည်မဟုတ်ပါ။ ကောင်းမွန်သော အစီအစဉ်များ ကြိုတင်စီမံထားပါက ထိခိုက်မှုများကို အတော်အသင့် ကာကွယ်နိုင်မည်ဖြစ်လေသည်။ လေ့လာတွေ့ရှိချက်များအရ သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းခြင်းအားဖြင့် သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုများအားအတော်အသင့် ကာကွယ်လျော့ချနိုင်ပါသည်။

အာရှဖွံ့ဖြိုးဘဏ် (Asia Development Bonk. ADB)၏ စစ်တမ်းများအရ မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှဒေသသည် ကမ္ဘာပေါ်တွင် သဘာဝဘေးအန္တရာယ်များခံစားရာတွင် အလားအလာအရှိဆုံး ဒေသများဟုဖော်ပြထားပါသည်။ အဘယ်ကြောင့်ဆိုသော် အရှေ့တောင်အာရှဒေသသည် အခြားသောကမ္ဘာဒေသများနှင့် နှိုင်းယှဉ်လျှင် ရှည်လျားသော ပင်လယ်ကမ်းရိုးတန်းများ၊ ထူထပ်သောလူဦးရေများအပြင် ပတ်ဝန်းကျင်အပေါ် အခြေခံသော စီးပွားရေးလုပ်ငန်းများနေသောကြောင့် ဖြစ်ပါသည်။

အထူးသဖြင့် အင်ဒိုနီးရှားနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သော ဆူနာမီ(Tsunami)နှင့် မြန်မာနိုင်ငံတွင်ဖြစ်ပေါ်ခဲ့သော နာဂစ်(Nargis)နှင့် ထိုင်းနိုင်ငံတွင်ဖြစ်ပေါ်ခဲ့သော ရေလွှမ်းမှုတို့မှာ သိသာထင်ရှားလှပါသည်။ ထို့ကြောင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လုပ်ငန်းဟူသည်မှာ တစ်ဦးတစ်ယောက်တည်း၊ အဖွဲ့အစည်းတစ်ခုတည်း၊ နိုင်ငံတစ်နိုင်ငံတည်း ဆောင်ရွက်ရုံမျှဖြင့် မအောင်မြင်နိုင်ပါ။ ကမ္ဘာနှင့်အမျှ ဖြစ်ပေါ်ကြုံတွေ့နေရသော ပြဿနာတစ်ရပ်ဖြစ်သောကြောင့် တစ်ကမ္ဘာလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရန် အထူးပင်လိုအပ်လှပါသည်။

ယနေ့အခါတွင် ကမ္ဘာနှင့်တစ်ဝှမ်း အများဆုံး ကြုံတွေ့နေရပြီး ကြောက်စရာအကောင်းဆုံးသော သဘာဝဘေးအန္တရာယ်မှာ ငလျင်ပင်ဖြစ်ပါသည်။ ငလျင်သည် များသောအားဖြင့် ကမ္ဘာ့အပေါ်ယံလွှာရှိ ကျောက်လွှာကြီးများ၏ အနားတစ်လျှောက်တွင်ရှိသော ဒေသများတွင် လှုပ်ခတ်လေ့ရှိပြီး ထိုသို့သောဒေသများကို ငလျင်ဇုန်များဟုခေါ်ဝေါ်ကြပါသည်။ ထိုသို့ ငလျင်မကြာခဏ ဖြစ်ပေါ်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ထိုကဲ့သို့သော ဒေသများတွင် နေထိုင်သူများရှိနေကြပါသည်။ ဤကဲ့သို့သော ဒေသများတွင် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများအဖြစ် ငလျင်ဖြစ်ပေါ်ပါက ဆောင်ရွက်ရမည့် လုပ်ငန်းဆောင်တာများအား ပြည်သူလူထုထံသို့ အသိပေးအကြောင်းကြားခြင်းများ၊ သင်ကြားပေးခြင်းများပြုလုပ်ထားကြပါသည်။ ငလျင်အတူတွဲ၍ ဖြစ်ပေါ်လေ့ရှိသည်မှာ (Tsunami) ဆူနာမီ ခေါ် ပင်လယ်ဒီလှိုင်းကြီးများပင်ဖြစ်ပါသည်။ အဆိုပါပင်လယ်ဒီလှိုင်းကြီးများသည် ငလျင်ပြင်းအား ရစ်ချ်တာစကေးအလိုက်မြင့်မားကာ ရစ်ချ်တာစကေး ၉ အဆင့်တွင် အမြင့် ၃၄ မီတာခန့်ပင်မြင့်မားလာနိုင်သည်ဟု ငလျင်နှင့် ဆူနာမီများများစွာ ဖြစ်ပေါ်လေ့ရှိသည့် ဂျပန်နိုင်ငံမှ သိပ္ပံပညာရှင်များက ခန့်မှန်းထားကြပါသည်။

ထို့ပြင် ငလျင်ဖြစ်ပေါ်ရာဒေသများတွင် သာမက အခြားသော ကမ္ဘာ့ဒေသများတွင်လည်း အထပ်မြင့်အဆောက်အအုံများ ဆောက်လုပ်ရာတွင် ငလျင်ပြင်းအား အနည်းဆုံး ၇ (သို့မဟုတ်) ၈ အထိ ခံနိုင်ရည်ရှိစေရန် ဆောက်လုပ်ထားကြပါသည်။ သို့မှသာ ငလျင်လှုပ်ခတ်မှုကြောင့် အဆိုပါ အထပ်မြင့်အဆောက်အအုံများ ပျက်စီးမှုမရှိစေပဲ အနီးပတ်ဝန်းကျင်နှင့် အဆောက်အအုံအတွင်းရှိ ပြည်သူများအား ကာကွယ်နိုင်မည် ဖြစ်လေသည်။ ဂျပန်နိုင်ငံတွင် ဆူနာမီနှင့် ငလျင်ကြိုတင်ကာကွယ်ရေး လုပ်ငန်းစဉ်တစ်ခုအဖြစ် ပင်လယ်ကမ်းခြေမှ အကွာအဝေးတစ်ခုတွင် ဆူနာမီ အချက်ပေးကိရိယာများ ချထားလျက် ဆူနာမီလှိုင်းများဖြစ်ပေါ်လာပါက ကမ်းခြေရှိဒေသများနှင့် လူစည်ကားရာဒေသများသို့ အလိုအလျောက်အချက်ပေးကာ ပြည်သူအများ ကြိုတင်ရှောင်ရှားနိုင်မည်ဖြစ်လေသည်။ စာသင်ကျောင်းများနှင့် စက်ရုံအလုပ်ရုံများတွင်လည်း ငလျင်ဖြစ်ပေါ်ပါက လုပ်ဆောင်ရမည့် လုပ်ငန်းများဖြစ်သော အဆောက်အအုံတို့မှ လွတ်ကင်းရာသို့ ရှောင်ရှားခြင်း၊ အလုပ်ခွင်တွင်ဖြစ်ပါက စားပွဲသို့မဟုတ် အကာအရံတစ်ခုအောက်တွင် ငလျင်မပြီးမချင်းနေထိုင်ခြင်း စသည်တို့ကို ဆက်တိုက်လေ့ကျင့်ခြင်းများ ပြုလုပ်ထားလေ့ရှိပါသည်။

ကိုးကားချက်
၁။ အာရှဖွံ့ဖြိုးတိုးတက်မှုဘဏ် (ADB) ၂၀၀၉ တင်ပြချက်။
၂။ မြင့်မားသည့်ပညာရေးဖြင့်သာ (ဒေါက်တာမောင်သင်း)။
၃။ မောင်စိမ်းလန်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး (၅-၆-၂၀၁၁)။
၄။ ဦးဝင်းကြည်(ဝင်းချစ်) အငြိမ်းစားပါမောက္ခချုပ်၊ ရာသီဥတုပြောင်းလဲမှုကာကွယ်တိုက်ဖျက်ရေးနည်းလမ်းများ။

ဆက်လက်ဖော်ပြမည်။

မြန်မာ့သစ်တောများ ထိန်းသိမ်းကာကွယ်ရန်လိုအပ်သည့်အကြောင်းရင်း

(၂၀၁၃ခုနှစ်၊ နိုဝင်ဘာလ(၂၈)ရက်နေ့တွင် BBC News မဂ္ဂဇင်း၌ ဖော်ပြထားသော Why Burma's forests must be Preserved ကိုဆီလျော်အောင် ဘာသာပြန်ဆိုဖော်ပြခြင်းဖြစ်ပါသည်။)

တောရိုင်းတိရစ္ဆာန်များကို မှတ်တမ်းတင်သည့် မှတ်တမ်းရိုက်ကူးရေးအဖွဲ့သည် ဆယ်စုနှစ် ၅စုကြာမျှ လူသူ ဝင်ထွက်မှုနည်းပါးလှသည့် မြန်မာသဘာဝတောများအတွင်းသို့ ပထမဆုံးအကြိမ်အဖြစ် ဝင်ရောက်ခွင့် ပြုခဲ့ပါသည်။

ဆယ်စုနှစ် ၅ခုကြာမျှ ပြင်ပနိုင်ငံများနှင့် အဆက်အသွယ်ပြတ်တောက်ခဲ့သော မြန်မာနိုင်ငံတွင် သဘာဝ သယံဇာတများ ပေါများကြွယ်ဝစွာရှိပါသည်။

ကမ္ဘာပေါ်တွင်ဇီဝမျိုးစုံမျိုးကွဲ ကြွယ်ဝမှုမြင့်မားလှသော်လည်း ပြုန်းတီးပျက်စီးတော့မည့် ဇီဝမျိုးစုံမျိုးကွဲများအား ဦးစားပေးထိန်းသိမ်းရမည့် Indo - Burma Hot Spot ၏ဗဟိုချုပ်နေရာတွင် တည်ရှိသော မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ဇီဝမျိုးစုံမျိုးကွဲကြွယ်ဝသောနေရာဖြစ်သည့်အပြင် မျိုးစိတ်ပေါင်းများစွာရှိသည့် သဘာဝသစ်တောများလည်း မြောက်မြားစွာရှိပါသည်။

ယင်းသစ်တောများသည် သက်ရှိအမျိုးမျိုးတို့ကို ပံ့ပိုးပေးထားသည့်အပြင် ရာသီဥတုတည်ငြိမ်မှုနှင့် ရေသံသရာလည်ပတ်မှုတို့ကို ကူညီပေးသောကြောင့် မိုင်ထောင်ပေါင်းများစွာ ကွာဝေးသော ကျွန်ုပ်တို့လူသားများအတွက်လည်း အရေးပါလှပါသည်။ နှစ်ပေါင်းများစွာ အထီးကျန်ရပ်တည်နေသော တိုင်းပြည်၏ တောရိုင်းတိရစ္ဆာန်များကို မှတ်တမ်းတင်ပြီး သဘာဝသစ်တောအခြေအနေများကို ထုတ်ဖော်ပြသမည့် ဘီဘီစီသဘာဝသမိုင်းအဖွဲ့နှင့် စမစ်ဆိုးနီးယမ်းအဖွဲ့တို့၏ ပူးပေါင်းစူးစမ်းလေ့လာမှုတွင် ကံကောင်းထောက်မစွာ ပါဝင်ခွင့်ရခဲ့ပါသည်။

ဤစူးစမ်းလေ့လာမှုသည် ယခုထက်ပို၍ အချိန်ပေးဆောင်ရွက်ခဲ့ပါက ပိုမိုအကျိုးများမည်ဖြစ်သော်လည်း မြန်မာနိုင်ငံသည် တဖြည်းဖြည်းပွင့်လင်းလာမှုနှင့်အတူ အိမ်နီးချင်းနိုင်ငံများ၊ ဖွံ့ဖြိုးပြီးနိုင်ငံများမှ သံခင်း တမန်ခင်းလုံးပမ်း ဆောင်ရွက်နေဆဲဖြစ်၍ နိုင်ငံအများစုသည် မြန်မာသဘာဝသယံဇာတ အရင်းအမြစ်ကြွယ်ဝမှုများအပေါ် အကျိုးရလဒ် မျှော်ကိုး ဆောင်ရွက်မှုများ ရှိနေမည်ဖြစ်ပါသည်။

လုပ်ငန်းများစီစဉ်ဆောင်ရွက်ခဲ့စဉ်ကာလ၌ သာမန်ပိုက်ကွန်မှ အဆင့်မြင့်ပစ္စည်းများအထိ စူးစမ်းလေ့လာခဲ့ကြရာ သစ်တောများတွင် တောရိုင်းတိရစ္ဆာန်များတွေ့ရှိရမှုမှာ အံ့အားသင့်ဖွယ်ရာတွေ့ရှိရမှုဖြစ်ပါသည်။

အရေးကြီးသော တောရိုင်းတိရစ္ဆာန်များအနေဖြင့် အာရှဆင်များအုပ်စုဖွဲ့ ကျက်စားနေခြင်းနှင့် ကျားတစ်ကောင်ချင်း ကျက်စားမှုနှင့် ပတ်သက်သည့် အချက်အလက်အပြည့်အစုံကို ရရှိလိုက်ခြင်းဖြစ်ပါသည်။ ထို့အပြင် အရှေ့တောင်အာရှ၌ မျိုးတုန်းပျောက်ကွယ်လုအဆင့်ရှိနေသော အခြားတိရစ္ဆာန်များလည်း မှတ်တမ်းတင်ကင်မရာ တပ်ဆင်ထားသည့်ဒေသများ၌ ပေါ်ပေါက်လာ၍ မှတ်တမ်းတင်ထားနိုင်ခဲ့ပါသည်။

တွေ့ရှိရန်ခက်ခဲလှသော အာရှရွှေရောင်ကြောင်မျိုး(Asian golden cat)၊ဝက်ဝံ(Sun bear)နှင့် ယင်းတို့၏သားပေါက်များ၊ မလေးကြဲ့သူတော်များ(Malayan tapirs)၊ အာရှတောခွေးမျိုးများ(Asiatic wild dog)ကိုလည်း အစရှိသဖြင့် မှတ်တမ်းတင်နိုင်ခဲ့ပါသည်။

နို့တိုက်သတ္တဝါများကို မှတ်တမ်းတင်နိုင်သကဲ့သို့ ငှက်မျိုးစိတ်(၂၇)မျိုးနှင့် အံ့မခန်းဖွယ်ရာအင်းဆက်နှင့် ပင့်ကူမျိုးများကိုလည်း မှတ်တမ်းတင်နိုင်ခဲ့ပါသည်။

နိုင်ငံမြောက်ပိုင်းရှိ ဟိမဝန္တာနှင့်ဆက်စပ်နေသောဧရိယာများမှာ သဘာဝအနေအထားအတိုင်း ထိန်းသိမ်း ကာကွယ်

ရန် အလားအလာအရှိဆုံးဒေသဖြစ်ပြီး၊ နေရာအများစုမှာ အနိမ့်ဆုံးဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ စူးစမ်းလေ့လာမှုပင် မပြုလုပ်ရသေးသဖြင့် မျိုးစိတ်များ များပြားစွာဖော်ထုတ်နိုင်မည်မှာလည်း ယုံမှားသံသယဖြစ်ဖွယ်ရာမရှိပါ။

မြန်မာနိုင်ငံတွင် ယခင်ကမှတ်တမ်းမတင်ရသေးသည့် အင်းဆက်မျိုးစိတ်များနှင့် သိပ္ပံဘာသာရပ်အတွက် မတွေ့မမြင်ဖူးသေးသော အင်းဆက်မျိုးစိတ်များကို မြန်မာနိုင်ငံမြောက်ပိုင်းတွင် တွေ့မြင်ခဲ့ရပါသည်။

လေ့လာမှတ်တမ်းတင်တွေ့မြင်ခဲ့ရသော တောရိုင်းတိရစ္ဆာန်မြောက်များစွာကို အထောက်အပံ့ပြုသည့် သဘာဝ သစ်တောများ မြန်မာနိုင်ငံတွင် တည်ရှိနေဆဲဖြစ်ပါသည်။

မည်သို့ဆိုစေ လက်လှမ်းမမီသောနေရာများဖြစ်၍ ပတ်သက်ဆက်စပ်ဆောင်ရွက်ရန်မလိုဟု မဆိုနိုင်ပါ။ အချို့အစားမည်မျှကျန်သည်ဖြစ်စေ စနစ်တကျကာကွယ်ထိန်းသိမ်းရန်လိုအပ်ပါမည်။ ပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းနိုင်မှုလုပ်ငန်းတွင် ငွေကြေးနည်းပါးစွာ အသုံးပြုနိုင်ခြင်းသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ တိုးတက်မှုကို နှောင့်နှေးစေပါမည်။

ရောက်ခဲ့သည့် နေရာတိုင်းတွင် သစ်ထုတ်ခြင်း၊ အမဲလိုက်ခြင်းများအား တွေ့မြင်နေရပါသည်။ တောမုဆိုးများ စခန်းချနေထိုင်ရာနေရာ၊ ထောင်ချောက်တပ်ဆင်ထားသည့်နေရာများကိုလည်း တွေ့မြင်ခဲ့ရပါသည်။ ဆင်းရဲနွမ်းပါးသော မိသားစုဘဝစားဝတ်နေရေးအတွက် ဆောင်ရွက်ရခြင်းဖြစ်သည်ဆိုသော်လည်း တောရိုင်းတိရစ္ဆာန်ကုန်သွယ်မှု ကျယ်ကျယ်ပြန့်ပြန့်ပေါ်ပေါက်စေနိုင်သည်ကို သတိပြုရမည်ဖြစ်ပါသည်။

မြန်မာနယ်စပ်ဒေသတစ်လျှောက် စျေးများတွင် တောရိုင်းတိရစ္ဆာန်များ၊ ၄င်းတို့၏အစိတ်အပိုင်းများ အဟန့်အတားမရှိ လွတ်လပ်စွာရောင်းဝယ်နေကြပါသည်။ ပျမ်းမျှအားဖြင့် တစ်နေ့တစ်ဦး အမေရိကန်(၂)ဒေါ်လာဖြင့် ရပ်တည်နေရသောနိုင်ငံတွင် ကျားတစ်ကောင်ဖမ်းဆီးရမိခြင်းသည် ထီပေါက်သကဲ့သို့ပင်ဖြစ်ပါသည်။

များမကြာမီကာလအထိ မြန်မာနိုင်ငံမြောက်ဖျားရှိ သဘာဝသစ်တောများမှာ တရားမဝင်သစ်ခုတ်ခြင်း၏ ဝါးမျိုခြင်းခံရလျက်ရှိပါသည်။ ပတ်ဝန်းကျင်စောင့်ကြည့်လေ့လာရေးအဖွဲ့(Global Witness)၏ ထုတ်ပြန်ချက်အရ ၂၀၀၅ခုနှစ်တွင် (၇)မိနစ်လျှင် တရားမဝင်သစ်(၁၅)တန် ကူမင်းမြို့နယ်သို့ မှောင်ခိုတင်ပို့ခဲ့ပါသည်။

တရားမဝင် သစ်ခုတ်လှဲသယ်ဆောင်ရောင်းဝယ်မှုများကို ရပ်နားပြီးဖြစ်သော်လည်း တစ်ဖက်နိုင်ငံ၏သစ်များ၊ သစ်တောထွက်ပစ္စည်းများ၊ တောရိုင်းတိရစ္ဆာန်နှင့်အစိတ်အပိုင်းများ လိုအပ်ချက်ကို ကောင်းမွန်စွာ မထိန်းသိမ်းနိုင်ခြင်းသည် မြန်မာ့သစ်တောများအပေါ် ခြိမ်းခြောက်လျက်ရှိပါသည်။

စူးစမ်းလေ့လာရေးအဖွဲ့ မြန်မာနိုင်ငံသို့ရောက်ရှိစဉ် မြန်မာ့သစ်တောများသည် အရေးကြီးသော တောရိုင်းတိရစ္ဆာန်များ၏ ရေရှည်ခိုလှုံရန်နေရာဖြစ်ရန် အလားအလာကောင်းများရှိသော်လည်း တောရိုင်းတိရစ္ဆာန်အများအပြားမှာ အရှေ့တောင်အာရှတွင် မြင့်မားသောသစ်တောပြုန်းတီးမှုများကြောင့် အခြိမ်းခြောက်ခံနေရပြီဖြစ်ပါသည်။

ဒီမိုကရေစီအသွင် ကူးပြောင်းနေသည့်မြန်မာနိုင်ငံအနေဖြင့် အရေးကြီးသည့်အလှည့်အပြောင်း တစ်ရပ်ဆီသို့ ရောက်ရှိနေချိန်တွင် ပိုင်ဆိုင်သည့်သဘာဝသယံဇာတများကို အချိန်တို အတွင်းအလွန်အကျွံထုတ်လုပ်ပြီး ကမ္ဘောဒီးယား၏ ၁၉၉၃ခုနှစ် လမ်းစဉ်ကိုလိုက်မလား။ ထိုစဉ်က ကမ္ဘောဒီးယားသည် လွတ်လပ်သည့်ရွေးကောက်ပွဲနှင့် ဆက်နွယ်ပြီး(၁၀)နှစ်တာအတွင်း မူလတောကြီးများ၏ (၅၀%)ကိုခုတ်လှဲခဲ့ပါသည်။

သို့တည်းမဟုတ် သားစဉ်မြေးဆက်အတွက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု၊ ရေရှည်အကျိုးစီးပွားအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် သဘာဝပတ်ဝန်းကျင်အပေါ် ထိန်းသိမ်းကာကွယ်ခြင်းပြုလုပ်မလား။ မိမိတို့ကမ္ဘာမြေနှင့် ကမ္ဘာ့ဒေသကြီးများအတွက် မြန်မာအစိုးရအနေဖြင့် ကောင်းမွန်မှန်ကန်သည့်လမ်းကို ခွေးချယ်လိမ့်မည်ဟု ရိုးသားစွာယုံကြည်မျှော်လင့်မိပါသည်။

ကဗျာ ကဏ္ဍ

သစ်တောတည်နေ-သာယာစေ- ကမ္ဘာမြေ

ကာရန်ပေးစွမ်း သစ်တောတန်းတို့
ဖုံးလွှမ်းတည်လို့ လေပြင်းမွှေနောက်
မုန်တိုင်းခြောက်လဲ မကြောက်သားမြဲ
သစ်ပင်ဇော်သင်း မိုးနတ်မင်းက
ဖြည်းညှင်းမျှတ သွန်းပြီးဝေစွ။

သွန်းပြီးပေးစွမ်း သစ်တောတန်းတို့
ဖုံးလွှမ်းတည်လို့ ပူပြင်းမွှေနောက်
မီးလျှံတောက်လဲ မကြောက်သားမြဲ
သစ်ပင်ပြည့်တင်း နေနတ်မင်းက
ဝပ်စင်းခယ အေးမြနေစွ။

အေးမြပေးစွမ်း သစ်တောတန်းတို့
ဖုံးလွှမ်းတည်လို့ လူသားမွှေနောက်
ဥတုဖောက်လဲ မကြောက်သားမြဲ
ရာသီစစ်ခင်း သစ်တောခွင်းက
နွေရင်းမာန်ကျ သာယာပေစွ။

သာယာပေးစွမ်း သစ်တောတန်းတို့
ဖုံးလွှမ်းတည်လို့ ကြမ္မာမွှေနောက်
ဆင်းရဲရောက်လဲ မကြောက်သားမြဲ
သစ်ပင်စိုက်ရင်း ဒုက္ခတွင်းက
လွတ်ကင်းကြံမှ ချမ်းသာလေစွ။
ချမ်းသာပေးစွမ်း သစ်တောတန်းတို့
စိမ်းလန်းတည်ဖို့ ထိန်းသိမ်းစောင့်ရောက်
သစ်ပင်မြောက်မြား မပျောက်ထားငြား
လောကတစ်ဝန်း ဘေးရှင်းရန်ပ
သာခြင်းစုံရ ကမ္ဘာမြေလှ။ ။

မျိုးမြင့်ဟန် (မြေတိုင်းဦးစီးဌာန)

သက်ရှိကမ္ဘာကျန်းမာဖို့ သဘာဝတောတွေထိန်းကြစို့

နေ့စဉ် ရေနဲ့ထင်း
သုံးစွဲခြင်းက များလာ။
တစ်နေ့တခြား တိုးပွားလာတဲ့
ကမ္ဘာရဲ့ လူဦးရေ။
သေချာတွေးကြည့်
လက်ရှိတောတောင်၊ မကုန်အောင်လေ
လူတွေအသိ၊ စည်းကမ်းရှိ။
ကြောင်းကျိုးဂေဟာ၊ ဆက်နေကြတဲ့
လောကရဲ့နိယာမ၊ သဘာဝဝန်းကျင်
သစ်ပင်သစ်တော
သန့်စင်သောရေ၊
သန့်စင်သောလေ၊
ကမ္ဘာမြေ၊ အေးချမ်းနေစေဖို့
တိုလူသားများ။ တရားအသိ
စည်းကမ်းရှိရှိ၊ ထိထိမိမိ
လူ၏တာဝန် လူကျေပွန်စို့။
ဘယ်သူသေသေ၊ ငတေမာပြီးရော
စိတ်သဘောနဲ့၊ ကိုယ့်ရဲ့ အကျိုး
ရည်မှော်ကိုးလျက်၊
အသက်သခင်၊ မြက်သစ်ပင်ကို
စည်းလျှင် ကမ်းမဲ့ မခုတ်နဲ့။
သင်...စည်းမဲ့လူသား
လူငနွားတွေ၊ မဖြစ်စေနဲ့၊
ကိုယ့်ရဲ့ ဝန်းကျင်၊ မြက်သစ်ပင်တွေ
မြရှင်စေအောင်၊ စွမ်းဆောင်ကြလျက်
တို့အသက်ကမ္ဘာ
သတ္တဝါတွေ၊ ကျန်းမာစေဖို့၊
နေရင်းဒေသ၊ သဘာဝတောတွေထိန်းကြစို့။

မုံရွာ-ချစ်သန်းထွန်း(ရေကြည်-သစ်တော)

ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား Oxford Business Groupမှ Country Director Ms.Stephanie Harlနှင့်အဖွဲ့လာရောက်တွေ့ဆုံဆွေးနွေးစဉ်။ (၁၅-၅-၂၀၁၄)

ဒုတိယဝန်ကြီးဦးအေးမြင့်မောင် ကလောမြို့နယ်အား ထင်းရှူးမြို့တော်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးစဉ်။(၂၈-၅-၂၀၁၄)

ဒုတိယဝန်ကြီး ဒေါက်တာ သက်သက်ငေ စက်ရုက် ကန်းလုပ်ငန်းများမှ ချည်ဆိုးဆေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေနှင့် ဆေးဆိုးရည်များအား စွန့်ပစ်မှုအခြေအနေများအား ကြည့်ရှုစစ်ဆေးစဉ်။ (၂-၅-၂၀၁၄)

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာရာနယ်

ရေတိမ်ဒေသများ စနစ်တကျထိန်းသိမ်းကာကွယ်ရေး အသိပညာပေးသင်တန်း။ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ် (၁၇-၅-၂၀၁၄မှ ၁၈-၅-၂၀၁၄)

အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲများနေ့ အထိမ်းအမှတ် လူထုပညာပေးဟောပြောပွဲ (အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ၂၂-၅-၂၀၁၄)

ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲ

ရောဝတီတိုင်းဒေသကြီး၊ ဟသ်ာတခရိုင်၊ လေးမျက်နှာမြို့နယ်။ (၂၁-၅-၂၀၁၄)

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ကျောက်ကြီးမြို့နယ်။ (၂၁-၅-၂၀၁၄)

ရှမ်းပြည်နယ်၊ ရပ်စောက်မြို့နယ်။ (၂၄-၅-၂၀၁၄)

ကယားပြည်နယ်၊ ဒီမောဆိုးမြို့နယ်။ (၃၀-၅-၂၀၁၄)

ကျားဖြူ သားပေါက်ငယ် အမ(၂)ကောင်
အောင်မြင်စွာ ပေါက်ဖွား

တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်) ကျားဖြူမြကွက်တွင် မွေးမြူပြသထားသော ကျားဖြူအထီး(၂)ကောင်၊ အမ(၂)ကောင်၊ စုစုပေါင်း(၄)ကောင် ပြသထားသည့်အနက် ကျားဖြူ အမ(ကြယ်ကို)သည် (၁-၅-၂၀၁၄) ရက်နေ့ (၂၃း၁၅)နာရီအချိန်တွင် သားပေါက်ငယ် အမ(၁)ကောင်ကိုလည်းကောင်း။ (၂-၅-၂၀၁၄)ရက်နေ့(၀၁း၀၀)နာရီ အချိန်တွင် နောက်ထပ်သား ပေါက်ငယ် အမ(၁)ကောင်ကိုလည်းကောင်း။ စုစုပေါင်း ကျားဖြူ သားပေါက်ငယ် အမ(၂)ကောင်ကို သဘာဝအတိုင်း ကောင်းမွန်စွာပေါက်ဖွားနိုင်ခဲ့ပြီး မိခင်ရောကလေးပါ ကျန်းမာစွာ တွေ့ရှိရပါသည်။

မြင်းကျားအမ(၀တီ)မှ မြင်းကျားအထီး တစ်ကောင်မွေးဖွား

ဆာဖာရီဥယျာဉ်(နေပြည်တော်) တွင် ပြသထားသော မြင်းကျား အထီးသုံးကောင်၊ အမ ငါးကောင်အနက်မှ မြင်းကျားမ (၀တီ)သည် (၁၉-၅-၂၀၁၄)နံနက် (၆း၃၀) နာရီတွင် မြင်းကျားငယ် အထီးတစ်ကောင် မွေးဖွားခဲ့ကြောင်းနှင့် မိခင်နှင့်သားငယ်ပါ ကျန်းမာလျက်ရှိကြောင်း သိရှိရသည်။

ဇစ္စ် Jedon's Babbler *Chrysommaalbirostre* အား ပြန်လည်တွေ့ရှိခြင်း

နီလာမွှန် (တောရှာပိ)
B.Sc (Zoology)
Dip in Environmental Planning & Management

Yellow-eyed Babbler *Chrrysommasinense*

Jerdon'sBabbler(Chrysommaaltirostre)

Chestnut-capped Babbler(*Timallapileata*)

ပြန်လည်ရှာဖွေ တွေ့ရှိခဲ့သည့်ငှက်
Jerdon's Babbler(Chrysommaaltirostre)

Yellow-bellidPrinia(*Priniaflaviventris*)

Grass Owl(Tytocapensis)

Blue-Winged Pitta(Pitta moluccensis)

မြန်မာနိုင်ငံရှိ မြက်စင်းလွင်ပြင်များတွင် ကျက်စားတတ်သည့်ငှက်မျိုးစိတ်များအား သစ်တောဦးစီးဌာန၊ သဘာဝဝန်းကျင် နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန၊ သားငှက်ထိန်းသိမ်းရေးအဖွဲ့ (WCS) မြန်မာနိုင်ငံတစ်တစေ့ ၊ စင်္ကာပူအမျိုးသားတက္ကသိုလ် (National University of Singapore - NUS) တို့ပူးပေါင်း၍ ကွင်းဆင်းလေ့လာခဲ့ကြပါသည်၊ ကွင်းဆင်းအဖွဲ့ဝင်များဖြစ်သည့်-

(က) Mr.Frank Erwin Rheindt (NUS)
(ခ) Mr.Roberd John Tizard(WCS)
(ဂ) ဒေါ်နီလာမွှန်(ဇစ္စတောရှာပိ၊သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန၊ သစ်တောဦးစီးဌာန)
(ဃ) ဦးနိုင်လင်း(WCS)တို့သည် ပဲခူးတိုင်းဒေသကြီး၊ ဘုရားကြီးဝန်းကျင်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီမြစ်ဝှမ်းဒေသဝန်းကျင်၊ရန်ကုန်တိုင်းဒေသကြီး၊ ဥတိုအပန်းဖြေစန်းဝန်းကျင်တို့တွင် ၂၀၁၅-၅-၂၀၁၄ မှ ၁-၆-၂၀၁၄အထိ ကွင်းဆင်းလေ့လာမှုများ ဆောင်ရွက်ခဲ့ပါသည်။ မြန်မာနိုင်ငံရှိမြက်စင်းလွင်ပြင်များတွင် ဇစ္စတွေ့ရှိရသည့် Yellow-bellied Prinia မျိုးစိတ်သည် အိမ်နီးချင်းနိုင်ငံများတွင်စတွေ့ရသည့် ငှက်မျိုးစိတ်များနှင့် ရင်ဘတ်အစမွှးစေ့ငှင် အနည်းငယ်ကွာခြားမှုရှိခြင်းကြောင့် Sub Species ဖြစ်နိုင်ခွယ်ရှိခြင်း၊ Bubul မျိုးစိတ်များသည်လည်း ကွဲပြားမှုရှိနိုင်ခြောင်း သုံးသပ်မိ၍ DNAဆန်းစစ်ခြင်းအား NUSတွင်ပြုလုပ်သွားမည် ဖြစ်ပါသည်၊

ပဲခူးတိုင်းဒေသကြီးရှိ ယခင်နေရင်း ဒေသကောင်းများဖြစ်ခဲ့ကြောင်းမှတ်တမ်းများတွင်ဖော်ပြထားသည့် ဝေါသနပ်ပင်၊ မြစ်ကျိုးဒေသတစ်လျှောက်မြက်ခင်းလွင်ပြင်များ မတွေ့ရှိရတော့သဖြင့် နေရင်းဒေသအချို့ပျောက်ကွယ်နေပြီဖြစ် ကြောင်း တွေ့ရှိရပါသည်။Jerdon's Babbler၊ Yellow-eyed Babbler၊ Yellow-bellied Prinia၊ Grey-Breasted Priniaငှက်မျိုးစိတ်များ နေထိုင်ကျက်စားနိုင်သည့် မြက်ခင်းလွင်ပြင်များအားရှာဖွေခြင်းဖြင့် ပဲခူးရိုးမနှင့် ဧရာဝတီလွင်ပြင်တစ်ဝိုက်နှင့် နီးစပ်ပြီးမြက်ခင်းကောင်းများပေါများသည့် ဥတိုဒေသအားလေ့လာရန် ရွေးချယ်ခဲ့ရပါသည်။ ဥတိုဒေသအလွန် အဖျောက်မြို့မှ ၅ မိုင်ခန့်တွင် ဧရာဝတီမြစ် စီးဆင်းနေသဖြင့် Jerdon's Babbler ကျက်စားနိုင်သည့်နေရင်းဒေသ ဖော်ပြချက်မှာမှန်ကန်ကြောင်း တွေ့ရှိရပါသည်။အဆိုပါမြက်ခင်းလွင်ပြင်များ ပျောက်ကွယ်သွားမည်ဆိုပါကJerdon's Babbler မျိုးစိတ်၏နေရင်းဒေသများ ပျောက်ကွယ်ပြီးမျိုးသုဉ်းပျောက်ကွယ်ရန် အလားအလာရှိသည့် အခြေအနေရှိပါသည်။

Jerdon's Babbler သည်မျိုးသုဉ်းရန် အန္တရာယ်ကျရောက်နိုင်သောမျိုးစိတ် (Vunerable) အဆင့် ရှိပြီး မြန်မာနိုင်ငံတွင် ၁၉၄၁ ခုနှစ်တွင်တွေ့ရှိခဲ့ကြောင်း မှတ်တမ်းများ အရသိရှိခဲ့သော်လည်း ယင်းနောက်ပိုင်းတွင် တိကျသည့် တွေ့ရှိချက်အထောက်အထားများ ၇၃ နှစ်ကြာ ဖော်ပြနိုင်ခြင်း မရှိသည့်မျိုးစိတ်ဖြစ်သဖြင့် ဤခရီးစဉ်တွင် တွေ့အောင်ရှာနိုင်ရန် အရေးကြီးကြောင်းMr.Frank မှ ပြောနေခဲ့ပါသည်။ ဘုရားကြီးဒေသတွင်တွေ့ရှိခြင်း မရှိခဲ့သဖြင့် ဥတိုတွင်တွေ့လျှင်ကောင်းမည်ဟုစဉ်းစားနေရင်း ငှက်မျိုးစိတ်များရှာဖွေကြည့်ရှုရင်းဖြင့် ဥတိုသို့ ရောက်ရှိခဲ့ပါသည်။ ဥတိုသို့ရောက်ရောက်ချင်း ပစ္စည်းများချပြီးနောက် ဥတိုမျှော်စင်ပေါ်သို့တက်၍ တွေနိုင်လောက်သည့် နေရာအား ရှာဖွေပြီးနောက် ကွင်းထဲဆင်းခဲ့ကြပါသည်။ ညနေ ၅း၃၀ခန့်တွင် Bright headed Cisticola အားတွေ့ရှိအပြီးတွင် အဆိုပါ Jerdon's Babbler အထီး၊ အမတစ်စုံအား ဥတိုဒေသရှိမြက်ခင်းလွင်ပြင်တွင်တွေ့ရှိပြီး မာတ်ပုံမှတ်တမ်းတင်နိုင်ခဲ့ပါသည်။ တွေ့လိုသည့်ငှက်အားတွေ့ရသဖြင့် လေ့လာရေးတစ်ဖွဲ့လုံးပျော်ရွှင်စွာဖြင့် ထိုနေ့ကငါးဟင်းချက်စားခဲ့ကြပါသည်။နောက်တစ်နေ့တွင်ယင်းငှက်ဖမ်းမိရေးအတွက် နံနက်စောစော အိပ်ရာမှထ၊ Mist Net စဖုံထောင်ပြီး Recording မှ Jerdon's Babbler အသံအားဖြင့်မြွားခေါ်ရာ ပိုက်နားသို့ ရောက်လာခဲ့ပြီးဖမ်းမိခဲ့ပါသည်။ ၃၁-၅-၂၀၁၄ ရက်နေ့တွင် Mist net တွင် Jerdon's Babbler Chrysommaalbirostre အားမိခဲ့ပြီးအတိုင်းအတာ၊ အလေးချိန်နှင့် သွေးနမူနာလည်းစုဆောင်းနိုင်ခဲ့ပါသည်။ထို့အပြင် အသံအား Recording ဖြင့်သွင်းယူခဲ့ပါသည်။Jerdon's Babbler နှင့်အနီးစပ်ဆုံးတူညီသည့် Yellow-eyed Babbler အားဘုရားကြီးဝန်းကျင်နှင့်ဥတိုဝန်းကျင်တွင် ဖမ်းဆီးရမိခဲ့ပြီးသွေးနမူနာယူနိုင်ခဲ့ပါသည်။ ဥတိုစခန်းသည် ရန်ကုန်စည်ပင်သာယာရေးကော်မတီပိုင်ဖြစ်ပြီး ယခုအခါကိုရီးယားနိုင်ငံသားတစ်ဦးအား ငှါးရမ်းထားကြောင်း တွေ့ရှိခဲ့ရပါသည်။ ဥတိုဟိုတယ်မှာလည်း ပြုပြင်ထိန်းသိမ်းမှုအားနည်းလျက်ရှိပါသည်။ မြက်ခင်းများအားစိုက်ပျိုးမြေအဖြစ်သို့ပြောင်းလဲလိုက်မည်ဆိုပါက နေရင်းဒေသများပျောက်ကွယ်ရန်အလားအလာရှိပါသည်။ တောပါးသည့် ကမ္ဘာလုံးဆိုင်ရာခြိမ်းခြောက်ခံနေရသည့် ငှက်မျိုးစိတ်များသည် ကွင်းပြင်ဂေဟစနစ်များ၏လက္ခဏာဖြစ်သည့် နေရင်းဒေသအပေါ်ထိ ခိုက်မှုများနှင့် စိုက်ပျိုးရေးလုပ်ငန်းသုံးဓာတုပစ္စည်းများ၏ ခြိမ်းခြောက်မှုများအား ရင်ဆိုင်နေရပါသည်။ မြန်မာနိုင်ငံတွင် ရှေးယခင်ကမှတ်တမ်းတင်နိုင်ခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာ ခြိမ်းခြောက်ခံနေရသည့်ငှက်မျိုးစိတ် အများအပြားသည် ယခုအခါတွေ့ရှိမှတ်တမ်းတင်နိုင်ခြင်း မရှိတော့ပါ။ နိုင်ငံအဆင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာမဟာဗျူဟာနှင့် လုပ်ငန်းစီမံချက်(NBSAP)တွင် ဖော်ပြပါရှိသည့် ဒွေhJerdon's Babbler *Chrysommaalbirostre* မျိုးစိတ်မှီခိုရာ ဥတိုဝန်းကျင်ရှိမြက်ခင်းတောများမှာ ထိန်းသိမ်းရန်လိုအပ်လှပါသည်။

ဤခရီးစဉ်တွင် Bulbul မျိုးစိတ်များ ကျက်စားနိုင်သည့်တောကောင်းသည့်နေရာများအား ရှာဖွေရာပဲခူးလေဆိပ်ဝန်းကျင်အားရွေးချယ်ခဲ့သော်လည်း လက်တွေ့တွင် ကျက်စားဒေသအခြေအနေမှာ ကောင်းမွန်မှုမရှိသဖြင့် သစ်တောကောင်းများရှိသည့် လှော်ကားဥယျာဉ်အား လေ့လာရန်ထပ်မံရွေးချယ်ခဲ့ပါသည်။ ထို့ကြောင့်မျိုးစိတ်များ ထိန်းသိမ်းရာတွင် နေရင်းဒေသများအား ထိန်းသိမ်းရေးမှာ အလွန်အရေးပါကြောင်းတွေ့ရှိခဲ့ရပါသည်။ မြန်မာနိုင်ငံသည် ငှက်မျိုးစိတ် ၁၀၅၆ မျိုးရှိသောကြောင့် အရှေ့တောင်အာရှဒေသရှိငှက်မျိုးစိတ် (၂၉၀၀)၏ ၃၆. ၄%၊ ကမ္ဘာ့ငှက်မျိုးစိတ် (၉၆၀၀)၏ ၁၁% တွေ့ရှိနိုင်သော နိုင်ငံတစ်ခုဖြစ်ခြင်းကြောင့် အရှေ့တောင်အာရှတွင် ဒုတိယငှက်မျိုးစိတ်အများဆုံးပိုင်ဆိုင်သော နိုင်ငံတစ်ခုဖြစ်ပါသည်။ မြန်မာနိုင်ငံတောင်ပိုင်းဧရာဝတီနှင့် စစ်တောင်းလွင်ပြင်တစ်ဝိုက်ရှိ မြက်ခင်းလွင်ပြင်များသည် ငှက်မျိုးစိတ်များ ရှင်သန်ရပ်တည်နိုင်ရေးအတွက် အရေးပါလှပါသည်။မြေအသုံးချမှုစနစ်များပြောင်းလဲခြင်းမပြုစေဘဲ ထိန်းသိမ်းသွားရန်လိုအပ်ပါကြောင်း၊ ဆက်စပ်ဌာနဆိုင်ရာများနှင့် ဒေသခံများအားလည်း မြက်ခင်းများသည် အရေးပါသောနေရင်းဒေသများဖြစ်ကြောင်းအသိပညာပေးသွားရန် လိုအပ်ပါကြောင်း တင်ပြလိုက်ပါသည်။

+++++++

ကျေးရွာ သစ်တော
ထင်းမျောအိမ်တိုင်
လှိုင်လှိုင်ရဖို့ စိုက်ပျိုးစို့။

ကာတွန်းကဏ္ဍ

သစ်တောသစ်ပင်
ချစ်ခင်တဲ့သူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက်
ရှေတိုက်ကိုစိုး ။

မျောက်လွဲကျော်(လက်ဖြူ)

White-handed Gibbon *Hylobates lar* (Linnaeus, 1771)

ခင်မာသင်း (တောအုပ်)
ဝန်းကျင်/သားငှက်

ထိန်းသိမ်းမှု အဆင့်အတန်း
(Conservation Status)
IUCN Red list 2012: Endangered
CITES Appendix: I
PWPA ; လုံးဝကာကွယ်

ပျံနှံ့ရာဒေသ

မြန်မာနိုင်ငံ တနင်္သာရီဒေသရှိ သစ်တောများတွင် တွေ့ရှိရသည်။

ဝိသေသလက္ခဏာများ

ဦးခေါင်းပိုင်းနှင့် ခန္ဓာကိုယ်ပိုင်း အရှည် ၄၅ - ၆၀ စင်တီမီတာ ရှိသည်။

မျက်နှာအနက်ရောင်ရှိပြီး၊ မျက်နှာကို အဖြူရောင် အမွေးများဖြင့် ပတ်လည်ဝန်းရံထားသည်။ ခြေဖျားပိုင်း၊ လက်ဖျားပိုင်းတို့သည် အဖြူရောင်ဖြစ်သည်။ ညိုဝါရောင် အမွေးရှိသောအကောင်မျိုးနှင့် အနက်ရောင်အမွေးရှိသော အကောင်မျိုးအဖြစ် အသွင်နှစ်မျိုးကွဲပြားသော သတ္တဝါမျိုး ဖြစ်သည်။

ကျက်စားဒေသ

အမြဲစိမ်းမုတ်သုန်သစ်တောနှင့် ရွက်ကြွေတောများ တွင် နေထိုင်ကျက်စားသည်။ နေ့ဘက်ထွက်သည့် သတ္တဝါ အမျိုးအစားဖြစ်ပြီး၊ ကုန်းမြေပေါ်ရှိ သစ်တောများတွင် နေ ထိုင်ကျက်စားလေ့ရှိသည်။

အစားအစာ

သစ်သီး၊ သစ်ဖူး၊ သစ်ရွက်နှင့် အင်းဆက်ပိုးများကို စားသောက်လေ့ရှိသည်။

" ကံ သို့လ် သည် "

လောကတစ်ခွင် ဝင်လာသမျှ
သခါရမှာ တဒင်္သာ
သင်နှင့်ငါမို့ ဒီတဒင်္
နေရစဉ်လေး ဆွေစဉ်မျိုးဆက်
အကျိုးပက်၍ တိုးတက်သစ်ပင်
ချစ်ရင်စိုက်လော့ .....

ဦးဟောင်းလွမ်း (ဦးစီးအရာရှိ)
အင်ဃာ/စိမ်းလန်း

ဇီဝလောင်စာစီမံကိန်းအတွက် ကွင်းဆင်းလေ့လာခြင်း ခရီးစဉ်မှတ်တမ်း(၂)

ဒေါ်မြင့်မြင့်စန်း
သုတေသနလက်ထောက်-၂

ထို့နောက် စာရေးသူတို့ တည်းခိုသည့် ကံဆယ်ဝိုလ်တဲသို့ ကားဖြင့်ပြန်လာကြပါသည်။ နေပူသေးသဖြင့် ခေတ္တနားကာ ရေချိုးပြီး ညစာကို ၆း၀၀ နာရီတွင်စားကြပါသည်။ ယနေ့စုဆောင်းလာသော အချက်အလက်များကို ပြန်လည်စာရင်းသွင်းကြပါသည်။ စာရေးသူကတော့ အပြန်တွင်ရေးရမည့် ခရီးသွားအစီရင်ခံ စာကို နေ့အလိုက်ရေးရင်း ယခုမှတ်တမ်းကိုပါ တစ်ထိုင်တည်းရေးပါသည်။ သူတို့သွင်းပြီးသော စာရင်းချုပ်ကို စာရေးသူက ကွန်ပျူတာဖြင့် ဖြည့်သွင်းပြီး ညအိပ်ရာဝင်ကြပါသည်။ နိုဝင်ဘာလ ၁၈ရက်နေ့ နံနက် (၇း၀၀)နာရီတွင် နံနက်စာစားကာ တောအုပ် ဦးတိုးလင်းလင်းကိုနှင့်အဖွဲ့က ဆိုင်ကယ်များဖြင့် ကံဆယ်ရွာထဲရှိ ကျေးရွာဥက္ကဋ္ဌရုံးသို့ ခေါ်ဆောင်သွားကြပါသည်။ ကျေးရွာ ဥက္ကဋ္ဌ ဦးသန်းဦးက ရွာသူရွာသားများအား ခေါ်ဆောင်ထားသဖြင့် အဖွဲ့ခေါင်းဆောင် ဦးကျော်ဝင်းမောင်က မိမိတို့အဖွဲ့လာရခြင်းအကြောင်းကို ရှင်းပြပါသည်။ ဆက်လက်၍ စာရေးသူတို့က တစ်ဦးချင်း ခေါ်ဆောင်ကာ မေးခွန်းများမေးပါသည်။ ဦးကြီးတစ်ယောက်က မိမိပိုင်ဆိုင်မှုများကို အကုန်မပြောပါ။ ဝါးဘိုးဝါး အရုံပေါင်း (၁၀၀)ပိုင်ဆိုင်ပြီး ဝါးတစ်လုံးလျှင် (၄၀၀၀)ကျပ်ဖြင့် ရောင်းချကြောင်း ရာသီအလိုက် ဝင်ငွေကို ပြောပြပါသည်။ အဆိုပါ ကျေးရွာသည် တောနှင့်ဝေးပြီး တောကိုမှီခိုခြင်းမရှိပါ။ ဆန်စက်များရှိသဖြင့် စက်မှထွက်ရှိသော စပါးခွံများကို လောင်စာအတွက် အသုံးပြုကြကြောင်း၊ အချို့မှာ ၃ ကေခန့်ကျယ်ဝန်းသော ခြံထဲတွင် ဥယျာဉ်ခြံသဖွယ် အပင်မျိုးစုံ စိုက်ပျိုးထားပြီး အဆိုပါ အပင်ကြီးများမှ သစ်ကိုင်းအခက်အလက်များကို ထင်းအဖြစ် အသုံးပြုကြကြောင်း ၊ ဝယ်စရာလဲ မလိုကြောင်း ပြောပြပါသည်။ ထို့နောက် အုပ်စုဖွဲ့ကာ သယ်ဇာတမြေပုံကို ရေးဆွဲ ကြပြီးနောက် အဆိုပါ ဝါးဘိုးဝါးစိုက်သောခြံများသို့ စာရေးသူတို့အဖွဲ့အားလုံး သွားကြပါသည်။ ဝါးဘိုးတောမှာ ကျယ်ဝန်းလှပြီး အရိပ်များဖြင့် အေးမြလှပါသည်။ ခြံထဲတွင် ဘင်္ဂ၊ ရုံး၊ ကျွန်း၊ ကြောင်လျှာ၊ သရက်၊ သင်းဝင်းပင်များမှာ အလေ့ကျ ပေါက်ရောက်နေကြောင်း တွေ့ရပါသည်။ ထိုမှ ဆန်စက်ရှိရာသို့ သွားကြပါသည်။ ထိုအိမ်မှ ဌက်ပျော်သီးအမှည့်များပေးပါသည်။ ကံဆယ်ပျိုးဥယျာဉ်ဧည့်ရိပ်သာသို့ ပြန်လာကြပြီး နေ့လယ်စာစားကြပါသည်။ယနေ့ရရှိလာသော အချက်အလက်များကို စာရင်းတွက်ကြပါသည်။ စာရင်းတွက်ကြရင်း ဖုံးလိုင်းများ မိမမိကိုစမ်းနေကြပါသည်။ စာရေးသူမှာ ထုံးစံအတိုင်း မှတ်တမ်းနှင့် အစီရင်ခံစာကို တစ်ပြိုင်နက်ရေးပါသည်။ နိုဝင်ဘာလ ၁၉ ရက်နေ့ နံနက် (၈း၀၀) နာရီတွင် နံနက်စာစားကာ တောအုပ် ဦးအောင်ဇော်ထွန်းနှင့်အဖွဲ့က ကားဖြင့် ၈ မိုင်ခန့်ဝေးသော ပိုးစုကြီးကျေးရွာအုပ်စု စပါးအိုးကျေးရွာရှိ ကျေးရွာ ဥက္ကဋ္ဌရုံးသို့ ခေါ်ဆောင်သွားကြပါသည်။ ပုသိမ် မုံရွာကားလမ်းအတိုင်း သွားရသဖြင့် လမ်းမှာအလွန်ကောင်းပါသည်။ စပါးအိုးကျေးရွာရှိ ကျေးရွာဥက္ကဋ္ဌရုံးတွင် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအေးရွှေနှင့် ရွာသူရွာသားများက စာရေးသူတို့အား စောင့်နေကြပါသည်။ ရှေးဦးစွာ အဖွဲခေါင်းဆောင် ဦးကျော်ဝင်းမောင်က မိမိတို့အဖွဲလာရခြင်းအကြောင်းကို ရှင်းပြကာ သယ်ဇာတမြေပုံကို ဝိုင်းဝန်းဆွေးနွေးကာ ရေးဆွဲကြပါသည်။ ဆက်လက်၍ စာရေးသူတို့က တစ်ဦးချင်း ခေါ်ဆောင်ကာ မေးခွန်းများမေးပါသည်။ ထို့နောက် ကျေးရွာအတွင်းရှိ ဝါးခြံများ၊ ဆန်စက်များ၊ မီးစက်စသော လက်မှုလုပ်ငန်း အသေးစားများကို လိုက်လံကြည့်ရှုကြပြီး အဆိုပါစက်များ၏ တစ်နှစ်အတွက် လောင်စာအသုံးပြုမှုများကို စာရင်းကောက်ယူကြပါသည်။ ရွာအနောက်ခြမ်းမှာ ရေမရသဖြင့် မီးစက်အသေးစားတစ်လုံးကို အများပိုင်တည်ထောင်ပေးထားပြီး ရေလိုအပ်က မိမိကိုယ်ပိုင်ဒီဇယ်ဖြင့် ရေမောင်း၍ အသုံးပြုနိုင်ကြောင်း သိရှိရပါသည်။ ရွာလယ်လမ်းမှ အနောက်ဘက်သို့ လှမ်းကြည့်လျှင် စိမ်းညို့နေသော ရခိုင်ရိုးမတောင်တန်းကို မြင်တွေ့ရပါသည်။ တောကို အမှီပြု၍ ထင်းခုတ်ခြင်းနှင့် တောဝက်၊ ဆတ်တို့ကို အမဲလိုက်၍ ရကြောင်း၊ အများအားဖြင့် လယ်ယာ၊ ဥယျာဉ်များပိုင်ဆိုင်ကြပြီး စပါး၊ မြေပဲ၊ ပဲတီစိမ်းတို့ကို အဓိကစိုက်ပျိုးကြောင်း

သိရှိရပါသည်။ မီးစက်ဆိုသည်မှာလည်း ဒီဇယ်အနည်းငယ်နှင့် စပါးခွံများကို အသုံးပြု၍ လျှပ်စစ်ရအောင် ပြုလုပ်ကာ မီးကိုမိမိလိုအပ်သလို၊ အခကြေး ငွေပေး၍ သုံးနိုင်ကြောင်း သိရပါသည်။ အဆိုပါ စက်မျိုးကို အခြားနေရာတွင် မမြင်ဖူးသေးပါ။ ထို့အပြင် အများစုမှာ ကိုယ်ပိုင်တောများရှိသဖြင့်လည်း ထင်းလောင် စာအတွက် မခက်ခဲသည်ကို တွေ့ရှိရပါသည်။ ကိုယ်ပိုင်တောများ မရှိသူများက ရခိုင်ရိုးမအထိသွား၍ ခုတ်ကြကြောင်း၊ ခုတ်၍တင်သော လှည်းပုံစံမှာလည်း အခြားနေရာများမှ လှည်းများနှင့်မတူပါ။ စာရေးသူတို့မှာ ထူးဆန်းသဖြင့် ဓာတ်ပုံရိုက်ယူခဲ့ပါသည်။ ထို့နောက် စပါးအိုးကျေးရွာရှိ သစ်တော စခန်းတွင် နေ့လယ်စာစားကာ ကံဆယ်ရည်ရိပ်သာသို့ ပြန်လည်ရောက်ရှိပါသည်။ရိပ်သာတွင် ရရှိလာသောအချက်အလက်များကို စုပေါင်း၍ ရေးသားခြင်းကို ဆောင်ရွက်ပါသည်။ ထိုအချိန်တွင် မိုးကြိုးများပစ်ခါ အခါမဟုတ် မိုးရွာသောကြောင့် စာရေးသူတို့မှာ အံ့သြကြသလို ပျော်သွားကြပါသည်။ ညနေ (၅း၀၀)နာရီတွင် တောအုပ်ဦးအောင်ဇော်ထွန်းတို့ မိသားစုက ညစာဖိတ်ကျွေးရန် လာခေါ်သဖြင့် သွားကြပါသည်။ ကြက်သားဟင်း၊ ဝက်သားဟင်း၊ ငါးကြော်ချက်၊ ချဉ်ပေါင်ဟင်း၊ ငါးငရုတ်သီးချက်နှင့် တို့စရာများ၊ ပဲစောင်းလျားသီးသုတ်တို့ဖြင့် ည့ဲခံပါသည်။ မြန်မာချက် ချဉ်ချဉ် စပ်စပ်စားလိုသော ညီမငယ် မကြည်ခိုင်မှာ ယခုမှ နေသာထိုင်သာရှိ သွားပါသည်။ ညစာစားအပြီးတွင် သင်္ဘောသီးမှည့်၊ လိမ္မော်သီး၊ ပန်းသီးတို့ ကျွေးပြန်ပါသည်။ ညပိုင်းတွင် နေ့စဉ်မှတ်တမ်းရေးသားခြင်းကို ဆောင်ရွက်ပြီး မနက်ဖြန်တွင် အင်္ဂပူမြို့နယ်သို့ ခရီးဆက်ထွက်ရန် ပစ္စည်းများ သိမ်းဆည်းကာ ညအိပ်ရာဝင်ပါသည်။ (၂၀- ၁၁-၂၀၁၃) ရက်နေ့နံနက်(၅း၃၀) နာရီတွင် အိပ်ရာမှထကြပါသည်။ ညကမိုးရွာထားသဖြင့် မနက်ခင်းမှာ အအေးပိုနေပါသည်။ထို့ကြောင့်ရေမချိုးတော့ဘဲ အဝတ်အစားသာ လဲကြပြီး ပစ္စည်းများသိမ်းဆည်းကာ တောအုပ်ဦးသိန်းဇော်မြင့်က တည်ခင်းကျေးဇူးခံသော ရေမုန့်၊ ခေါက်ဆွဲသုတ်၊ ထမနဲ၊ကော်ဖီတို့ကို စာရေးသူတို့အဖွဲ့ စားကြပါသည်။ နံနက်(၇း၀၀)နာရီတွင် သစ်တောဦးစီးဌာနမှ ကားလာကြိုသဖြင့် ပစ္စည်းများတင်၍ ထွက်ခွာခဲ့ကြပါသည်။ စာရေးသူတို့အဖွဲ့အား တောအုပ် ဦးသိန်းဇော်မြင့်၊ ဦးတိုးတိုးအောင်တို့နှင့်အတူ စီမံခန့်ခွဲပေးပါသော ဦးစီးအရာရှိ ဦးဆန်းဝင်း(၂) နှင့်အဖွဲ့တို့က အစစအရာရာ လိုလေသေးမရှိ ကူညီစီမံပေးခဲ့ကြသည့်အတွက် ဤနေရာမှအထူးကျေးဇူးတင် ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။ ထို့နောက် ကြံခင်းမြို့နယ်မှ ဦးစီးအရာရှိ ဦးဆန်းဝင်း(၂) လိုက်ပါကာ လိုက်ထရပ်ကားဖြင့် ခရီးဆက်လက်ထွက်ခွာခဲ့ကြ ပါသည်။ လမ်းတစ်လျှောက်မှာ မိုးနှင်းများကျနေသဖြင့် နောက်ခန်းတွင် လိုက်ပါလာသော စာရေးသူတို့အဖွဲ့မှာ ချမ်းတုန်နေကြပါသည်။ ကြံခင်း၊ မြန်အောင် ကားလမ်းမှာကျဉ်းပြီး ကားနှစ်စီးမောင်း၍ရရုံသာ ကျယ်ပါသည်။ ကြံခင်းနှင့် မြန်အောင်မှာ(၆)မိုင်သာဝေးပြီး တစ်နာရီခန့်မောင်းရပါသည်။ မြန်အောင်တွင် ခေတ္တရပ်နားပါသည်။ မြန်အောင်မှ ဆက်လက်ထွက်ခွာခဲ့ရာ လမ်းတစ်လျှောက်တွင် ဘုန်းကြီးကျောင်းများစွာနှင့် ဘုရားစေတီများကို မြင်တွေ့ရသဖြင့် ရှေးက ဤနေရာသည် မွန်ဘုရင်များ နေထိုင်ခဲ့သော နေရာဖြစ်ကြောင်း သိရပါသည်။ လမ်းဘေးဝဲယာတစ်လျှောက်တွင် မိုးရေများနစ်နေသော ရွှေဝါရောင် စပါးခင်းကြီးကို မြင်တွေ့နေရပါသည်။ အင်ပင်ရွာအနီးတွင် အင်ပင်စိုက်ခင်းကို တွေ့ရပါသည်။ထို့နောက် ထူးကြီးမြို့၊ မယ်ဇလီကုန်းမြို့များကို ဖြတ်ကျော်ပြီး အင်္ဂပူမြို့နယ်သို့ နံနက် (၁၀း၃၀)နာရီတွင် ရောက်ရှိကြပါသည်။ အင်္ဂပူမြို့နယ်၊ သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဝင်းကျော်နှင့်တွေ့ဆုံကာ ကွင်းဆင်းသုတေသနပြုလုပ်မည့် ကျေးရွာများနှင့်ပတ်သက်ပြီး ရွာများအခြေအနေကို မေးမြန်းခြင်း၊ ရွာများရွေးချယ်ခြင်း၊ ခရီးစဉ်ရေးဆွဲခြင်းတို့ကို ဆွေးနွေးကြပါသည်။ ထို့နောက် နေ့လယ်စာကို ပွိုင့်စားသောက်ဆိုင်တွင် ဦးစီးအရာရှိ ဦးဝင်းကျော်နှင့်အဖွဲ့က ကျွေးပါသည်။ ပွဲဦးထွက်အနေဖြင့် စားဖိုမှူးအားစတင်၍ မေးခွန်းများမေးရန် ဦးစီးအရာရှိက ခေါ်ပေးပါသည်။ နံနက်စာစားပြီးနောက် အင်္ဂပူမြို့နယ်၊ သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးဟန်အုန်းနှင့်အဖွဲ့က လိုက်ပါကာ မြို့လယ်ရှိ ရပ်ကွက်(၁)အုပ်ချုပ်ရေးမှူး ရုံးသို့ သွားရာ အုပ်ချုပ်ရေးမှူးက စာရေးသူတို့အဖွဲ့ကို ကြိုဆိုပါသည်။ ထို့နောက် အုပ်ချုပ်ရေးမှူးကိုယ်တိုင်လိုက်ပါကာ ရပ်ကွက်(၁)အတွင်းနှင့်ရပ်ကွက်ရှိ အသေးစား၊ အလတ်စား၊ အကြီးစားလုပ်ငန်း များဖြစ်သော မုန့်ဖတ်စက်၊မုန့်ဟင်းခါးဆိုင်၊ လက်ဖက်ရည်ဆိုင်၊ ထမင်းဆိုင်၊ စားသောက်ဆိုင်၊ အုတ်ဖုတ်စက်၊ ဆန်စက်များ ရှိရာသို့ သွားရောက်မေးမြန်းကြပါသည်။ အင်္ဂပူမြို့ပေါ်ရှိ ရပ်ကွက်များ၌ ထင်းကို ပေါက်ခြမ်းကိုသာဝယ်၍ သုံးစွဲကြကြောင်း၊ ပေါက်ခြမ်း ဆိုသည်မှာ မိမိတို့၏ ဥယျာဉ်ခြံအတွင်းရှိ မန်ကျည်း၊ ကုက္ကိုပင်၊ မဏိဩဂပင်များကို အပင်လိုက် ဝယ်ယူခြင်း၊ ထိုမှတစ်ဆင့် သစ်ခွဲသားများခွဲ (ပေါက်ခြမ်း) ရောင်းချခြင်း ဖြစ်ကြောင်း တွေ့ရှိရပါသည်။ တောကိုမှီခို၍ တောမှထုတ်လုပ်ခြင်းမရှိပါ။ မန်ကျည်းသစ်ခွဲသားများသည် စွေးကောင်းပြီး မီးသွေးလည်း ရပါသည်။ ဆင်ခြေဖုံးရပ်ကွက်များတွင် နေထိုင်ကြသော ရပ်ကွက်သူရပ်ကွက်သားများအား ရိုးသားစွာ ဖြေဆိုပေးကြသည့်အတွက် စာရေးသူတို့မှာ အလွန်ကျေးဇူးတင်ရှိပါသည်။ အင်္ဂပူမြို့အတွင်းပိုင်းမှာ အလွန်ကျဉ်းပါသည်။ အများစုမှာ ဌာနဆိုင်ရာရုံးများသာဖြစ်ပြီး အိမ်များမှာ ငဝန်မြစ်ကမ်းနဖူးပေါ်တွင် မေးတင်၍ မြစ်နှင့် အလျားလိုက် ဆောက်လုပ်ထားကြပါသည်။ ညစာကို မမကြီးထမင်းဆိုင်တွင် ကျွေးပါသည်။ ညပိုင်းတွင် မှတ်တမ်းရေး

သွင်းခြင်းကို ဆောင်ရွက်ပါသည်။ အင်္ဂပူမြို့နယ်၊ သစ်တော ဦးစီးဌာန၊ ဧည့်ရိပ်သာတွင် ညအိပ်ရပ်နားပါသည်။

နိုဝင်ဘာလ ၂၁ ရက်နေ့ နံနက် (၈း၀၀)နာရီတွင် နံနက်စာစားကာ တောအုပ်ကြီး ဦးဟန်အုန်းနှင့်အဖွဲ့က ဆိုင်ကယ်များဖြင့် ၈ မိုင်ခန့်ဝေးသော နောက်မီးကျေးရွာ အုပ်စု၊ နောက်မီးကျေးရွာရှိ ကျေးရွာဥက္ကဋ္ဌအိမ်သို့ ခေါ်ဆောင်သွားကြပါသည်။ လမ်းမှာမြေနီလမ်း ဖြစ်သော်လည်း ကျောက်ခဲတုံးကြီးများလည်း ရှိပါသည်။ ထိုအပေါ်မှ မောင်းသွားရသဖြင့် စာရှုသူတို့ရေ၊ တွေးရှုမျက်စိထဲမှာ မြင်ကြည့်လိုက်ပါအုံး။ တစ်နာရီနီးပါးကြာသော ထိုလမ်းမှာ စာရေးသူတို့ ဘယ်လိုထိုင်စီးသွားရသလဲဆိုတာလေ။ ခန္ဓာကိုယ်ထဲက ကလီစာတွေ နေရာများပြောင်းသွားသလားထင်မှတ်ရ အောင်ပါဘဲ။ တစ်ဖက်ရွာ(ညောင်ကျီးဖက်က ကားလမ်းစ ဖောက်နေတာမို့) နောက်မီးရွာအဝင်အထိ ကျောက်သယ် ကားကြီးများ လက်ချက်ကြောင့် လမ်းမှာ ချိုင့်ခွက်ကြီးများ အပြင် မိုးရွာထားသဖြင့် ချော်နေရာ၊ စာရေးသူကို တင်၍ စီးလာသော တောအုပ်မှာ လက်ကိုခိုင်အောင် ကိုင်ကာ မောင်းနေရပါသည်။ နေကပူ၊ လေ ကတိုက်၊ လမ်းကကြမ်းနှင့် ဘေးဘက်ဝဲယာ၌ စပါးခင်းများမို့ လဲကျလိုက်လျှင် အသည်း ယားစရာပင်။ လမ်းတွင် ချောင်းတစ်ခုကိုအဖြတ်၌ ပိုက်ကို ထောင့်လေးထောင့်၌ ကြိမ်အပျော့(၄)ချောင်းနှင့် ကန့်လန့် ဖြတ်တုတ်ကာအလယ်တွင် ဝါးလုံး ၂ လုံးကိုပူးတုတ်ပြီး ကြိုး ဖြင့်ထိန်းထားနိုင်သော ငါးဖမ်းပိုက်(ဒိုင်းကွန်း)များကို ချောင်းအလယ်၌ တန်းစီ၍ တွေ့ရပါသည်။ ငါးဖမ်းသူမှာ ကမ်းပေါ်မှနေ၍ ငါးကိုဖမ်းခြင်းဖြစ်ရာ ရေလဲမစို တစ်နေကုန် ချောင်းရေအတွင်းမှ ငါးကိုထိုင်စောင့်၍ ယူရုံဖြစ်ရာ အလွန်ကောင်းသည့် နည်းစနစ်ဖြစ်ပါသည်။ ဤကဲ့သို့သော ငါးဖမ်းပိုက်များကို စာရေးသူတို့ ယခုမှမြင်ဖူးခြင်း ဖြစ်ပါသည်။ လမ်းကြမ်းကြမ်းကို ဖြတ်ကျော်လာရင်း နောက်ဆုံး တွင် နောက်မီးရွာသို့ ရောက်ရှိလာပါသည်။ ကျေးရွာဥက္ကဋ္ဌက ကြိုဆိုပြီး သိလိုသည့် အချက်အလက်များကို ပြန်လည် ဖြေကြားပေးကြပါသည်။ နောက်မီးကျေးရွာသည် အိမ်ခြေ (၃၀၀)၊ လူဦးရေ စုစုပေါင်း (၁၂၇၅) ဦးရှိပါသည်။ ငါး လုပ်ငန်းနှင့် လယ်၊ ကိုင်းစိုက်ပျိုးခြင်း၊ သင်ဖြူးဖျာရက်လုပ် ခြင်း၊ ပန်းပဲထုခြင်းစသော လုပ်ငန်းများကို လုပ်ကိုင်ကြပါ သည်။ အချို့မှာ နေစရာမြေကွက်မရှိ၍ တာလမ်းပေါင် ပေါ်တွင် အိမ်များဆောက်လုပ်နေထိုင်သည်ကို တွေ့ရပါ သည်။ အများအားဖြင့် လယ်၊ ကိုင်း၊ ဥယျာဉ်များ ပိုင်ဆိုင် ကြပြီး စပါး၊ မြေပဲ၊ ပဲတီစိမ်း၊ မတ်ပဲ၊ ပဲလွန်းဘို တို့ကို အဓိကစိုက်ပျိုးကြပါသည်။ အချို့မှာ ဘောက်ခေါ် ကျပန်း အလုပ်များဖြစ်သည့် ငါးဒိုင်းကွန်ဖမ်းခြင်း၊ ကောက်ရိတ်ခြင်း၊ ပဲရိတ်ခြင်း၊ မြေပဲနုတ်ခြင်း၊ သင်ဖြူးဖျာ ရက်လုပ်ခြင်းတို့ကို လုပ်ကိုင်ကြပါသည်။ စပါးစိုက်သူနည်းသဖြင့် ထိုရွာတွင် ဆန်စက်မရှိပါ။ စပါးခွံများကို လောင်စာအဖြစ် အသုံးမပြု နိုင်ကြပါ။ ထို့နောက် တက်ရောက်လာသော ရွာသူရွာသား များအား စုပေါင်း၍ သယ်ဇာတမြေပုံကို ရေးဆွဲကြပြီး မေးခွန်းများ မေးမြန်းပါသည်။ စာရေးသူတို့အဖွဲ့သည် ကျေးရွာအတွင်းရှိ ပန်းပဲဖိုများ၊ သင်ဖြူးဖျာရက်လုပ်ခြင်း စသောလက်မှုလုပ်ငန်းများနှင့် သင်ပင်ခြံများကို လိုက်လံ ကြည့်ရှုကြပါသည်။ သင်ပင်ကို စာရေးသူတို့ ယခုမှတွေ့ဖူးခြင်း ဖြစ်ပါသည်။ သင်ပင်မှာ မသိလျှင် အာတာလွတ်အရွက်နှင့် ဆင်တူသော်လည်း အမြင့်ပေငါးပေမှ ခြောက်ပေခန့်အထိ ရှိပြီး လေးနှစ်တစ်ကြိမ်ခုတ်ရကြောင်း၊ အပွင့်ပွင့်ပြီးလျှင် သင်မျှင်များ ရင့်သွားသဖြင့် ခွာ၍မရတော့ကြောင်း၊ အပွင့် မှာ အဖြူရောင်ရှိကြောင်း ပြောပြပါသည်။ သင်ပင်များကို ရွာထဲရှိ မြေနိမ့်ပိုင်း မြေကွက်များတွင် အတန်းလိုက်(သို့) အုံလိုက် စိုက်ပျိုးထားပါသည်။ ရွာထဲရှိ သင်ပင်များကုန်သွား လျှင် အခြားရွာများသို့ စက်လှေနှင့် အလုပ်သမားငှါးပြီး ခုတ်ရကြောင်း၊ ရရှိလာသော သင်အူပင်များကို ကိုယ်တိုင် (သို့) လူငှါး၍ ရက်လုပ်ရကြောင်း ရှင်းပြပါသည်။ အဆိုပါ ကျေးရွာမှာ ဝေနမြစ်နှင့် နီးသဖြင့် ထို မြစ်မှတက်လာသော မြစ်ရေကြောင့် နှစ်စဉ် ရေနစ်မြေတွင် ပါဝင်နေပါ သည်။ ထို့ကြောင့် အပင်အများစုမှာ စိုက်ပျိုး၍ မရနိုင်သလို တော ဟူ၍လည်းမရှိပါ။ထို့ကြောင့် ရွာသူရွာသားများမှာ ရှေးယခင် ကရှိနေခဲ့သော ဥယျာဉ်ခြံများ၊ ကိုယ်ပိုင်ခြံများမှ အပင်ကြီး များကိုမွေးထားကာ တစ်လှည့်စီ အပင်တစ်ဝက်ခန့်က ခုတ် လဲကာ ထင်းလောင်စာအတွက် အသုံးပြုကြကြောင်း သိရှိရ ပါသည်။ရွာမှာ မီးမရရှိပါ။ နေ့လယ် (၁၂း၀၀)နာရီတွင် နောက်မီးရွာမှ ပြန်လည်ရောက်ရှိပြီး နေ့လယ်စာစားကြကာ ခဏအနားယူကြပါသည်။ စာရေးသူတို့အဖွဲ့အားလုံး တစ်ကိုယ် လုံး ကိုင်ရိုက်ထားသလိုဖြစ်၍ ဆေးများလိမ်း ကြရပါသည်။ ညပိုင်းတွင် ယနေ့ရရှိလာသောအချက်အလက်များကို စာရင်း တွက်ကြပါသည်။ စာရေးသူကတော့ မှတ်တမ်းနှင့် အစီရင် ခံစာကို ရေးပါသည်။ဧည့်ရိပ်သာတွင် ရပ်နားပါသည်။

ဆက်လက်ဖော်ပြပါမည်။

အေဝမ်းမီးဖိုလေးပြောင်းသုံးကြည့်ရအောင်

ဦးဝင်းဦးနိုင်(သုတေသန)

လူတစ်ဦးချင်းစီတွင် မတူကွဲပြားသော အလေ့အထ (အကျင့်)တစ်ခုစီတော့ ရှိကြစမြဲဖြစ်ပါသည်။ ကောင်းမွန်သော အလေ့အထဖြင့် လူမှုဘဝတစ်လျှောက် ရပ်တည်နေထိုင်သွားကြသူများရှိသကဲ့သို့ သူတစ်ပါးကို မထိခိုက်သော်လည်း မိမိအတွက်ကောင်းကျိုး မပြုသည့် အလေ့အထများကို သတိလက်လွတ်တစိုက်မတ်မတ် လက်ခံကျင့်သုံး နေတတ်သူများလည်း ရှိတတ်ကြပါသည်။

ကောင်းမွန်သည့် အလေ့အထဟုဆိုရာဝယ် ယေဘုယျသည် အသက်အရွယ်ကြီးလာသည် အထိ သူတစ်ပါးအား ကူညီဖေးမလိုစိတ်ရှိခြင်း၊ ဇွဲလုံ့လဝီရိယရှိခြင်းနှင့် ဘာသာတရား ကြည်ညိုလေးစားခြင်းစသည်တို့ဖြစ်နိုင်သကဲ့သို့ အစားအသောက်၊ အနေအထိုင်၊ အပြုအမူနှင့် ပတ်သက်၍လည်း ရှိတတ်ပါသည်။ သို့သော် အချို့သော လူပုဂ္ဂိုလ်တို့အနေဖြင့် မိမိအတွက်လည်း ကောင်းကျိုးမပြု၊ သူတစ်ပါးအတွက်လည်း အကျိုးမရှိစေသည့် အလေ့အထများကို လူဘဝသက်တမ်းတစ်လျှောက် တွယ်ငြိကပ်ပါလာတတ်ကြသဖြင့် ကောင်းမွန်သည့် အလေ့အထတစ်ခုသို့ ပြောင်းလဲကျင့်သုံးရမည်ကို အမှန်တကယ် သိသော်ငြားလည်း လက်တွေ့တွင်မူ လက်ခံကျင့်သုံးရန် ဝန်လေးနေတတ်ကြပါသည်။

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံ ဖြစ်သည့်အလျှောက် သန်း(၆၀)သောပြည်သူအားလုံး၏ ၇၀ ရာခိုင်နှုန်းသည်လည်း ကျေးလက်ဒေသတွင် နေထိုင်ကြသူများဖြစ်ကြပါသည်။ အခြေအနေအကြောင်းအမျိုးမျိုးကြောင့် ဒေသတွင်းနိုင်ငံများနှင့်နှိုင်းယှဉ်ပါက နိုင်ငံ၏လူမှုစီးပွားရေးစနစ် နောက်ကျကျန်ရစ်ခဲ့မှုနှင့်အတူ ကျေးလက်နေပြည်သူလူထု၏ လူမှုစီးပွား ရေး ဖွံ့ဖြိုးတိုးတက်မှုသည်လည်း နှေးကွေးခဲ့ရပါသည်။

နိုင်ငံတော်အစိုးရသည် စီးပွားရေးကဏ္ဍ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာစေရန် အရှိန်အဟုန်ဖြင့်အဖက်ဖက်မှ အားသွန်ခွန်စိုက် ကြိုးစားဆောင်ရွက်နေကြသည့် အတွက် ယခုအခါ ယခင်ကထက် တစ်နေ့ထက်တစ်နေ့ ဖွံ့ဖြိုး တိုးတက်လာနေပြီဖြစ်သော်လည်း လောင်စာစွမ်းအင်ကဏ္ဍအပိုင်းတွင်မူ လိုအပ်ချက်နှင့်အညီ အပြည့်အဝ ဖြည့်ဆည်းပေးနိုင်ခြင်းမရှိသေးသည်ကို တွေ့ရှိရပါသည်။

ကျေးလက်နေပြည်သူများ၏ လူနေမှုအဆင့်အတန်းမြင့်မားလာစေရေးအတွက်လျှပ်စစ်မီးရရှိရေးသည် အဓိကဖြစ်သော်လည်း လတ်တလော အတိုင်းအတာအားဖြင့် မရှိမဖြစ် ပူပန်နေရသည်မှာ မိသားစု နေစဉ်ချက် ပြုတ်စားသောက်နိုင်ရန်အတွက် ထင်း/လောင်စာတစ်မျိုးမျိုးအား လွယ်ကူအဆင်ပြေစွာ ပံ့မှန်ရရှိနေရေးပင် ဖြစ်ပေသည်။ သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် မိမိတို့နှင့် သက်ဆိုင်သည့်ကဏ္ဍအလိုက် စွမ်းအင်ဆိုင်ရာ လိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးနေသကဲ့သို့ ပတ်ဝန်းကျင်ထိန်းသိမ်း ရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအောက်ရှိ သစ်တောဦးစီးဌာနအနေဖြင့်လည်း ကျေးလက်နေပြည်သူများအတွက် ထင်းလောင်စာ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် အလို့ငှါ နှစ်စဉ် ကျေးရွာသုံးထင်းစိုက်ခင်းများ တည်ထောင်ပေးခြင်းနှင့် အစုအဖွဲ့ပိုင် သစ်တောများဖွဲ့စည်းတည်ထောင်ခွင့်ပြုကာ မိမိတို့ကျေးရွာအတွက် လိုအပ်သော ထင်းလောင်စာအား စနစ်တကျ ထုတ်ယူအသုံးပြုစေခြင်းနှင့် တစ်ဖက်မှလည်း ထင်းလောင်စာကုန်ကျမှု လျော့နည်းသက်သာစေသည့် အေဝမ်းမီးဖိုများအား ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိပါသည်။

ထင်းလောင်စာကုန်ကျမှု ၄၀ ရာခိုင်နှုန်း လျော့နည်းသက်သာစေသည့် အေဝမ်းမီးဖိုကဲ့သို့သော မီးဖိုမျိုးသည် ထင်းလောင်စာရှားပါးသည့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသအတွက်မူ မစိမ်းလှပေ၊ သို့သော် ထင်းလောင်စာ အားအထိုက်အလျောက် လွယ်ကူအဆင်ပြေစွာရရှိနေသေးသည့် ဒေသများတွင်မူ အနည်းငယ်စိမ်းနေသေးသည်ကို တွေ့ရှိနေရပါ သည်။ ဤသို့ဖြစ်နေရသည်ကို လေ့လာကြည့်မည်ဆိုပါက ယခုကဲ့သို့သော မီးဖိုမျိုးများရှိနေခြင်းကိုမသိသေးခြင်းဖြစ်နိုင်သကဲ့သို့ အလွယ်တကူ ဝယ်ယူရရှိ နိုင်ရန် ခက်ခဲခြင်းမျိုးလည်း ဖြစ်နိုင်ပါသည်။ သို့သော် အဓိကမသုံးစွဲဖြစ်ရသည့်အကြောင်းမှာမူ မိမိတို့ရှေးအစဉ်အဆက် အသုံးပြုလာသည့် ရိုးရာဖိုခနောက် မီးဖိုအသုံးပြုနေသည့် အလေ့အထအား အလွယ်တကူပြောင်းလဲ အသုံးမပြုလိုသေးခြင်းပင် ဖြစ်

ပါသည်။ပတ်ဝန်းကျင်အခြေအနေကောင်းများမှာပင် ပြောင်းလဲအသုံးပြုသည့်အစဉ်အလာကောင်း ပေါ်ပေါက်လာရန် သက်ဆိုင်ရာနယ်မြေတာဝန်ခံများက ယခုပင်လျှင် စည်းရုံးလှုံ့ဆော်သင့်ပါကြောင်း တင်ပြအပ်ပါသည်။

ထင်းလောင်စာကုန်ကျမှု ၄၀ ရာခိုင်နှုန်းလျှော့နည်းသက်သာစေသည့် အောပ်မီးဖိုနှင့် ပတ်သက်၍ လည်း အခါအားလျော်စွာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစီအစဉ်မှလည်းကောင်း၊ နိုင်ငံပိုင်သတင်းစာများမှလည်း ကောင်း၊ ထုတ်လွှင့်ပြသဖော်ပြခဲ့သည်ကို ကြည့်ဖူး ကြမည်ဟု ထင်ပါသည်။ ထင်းလောင်စာကုန်ကျမှု ၄၀ ရာခိုင်နှုန်း လျှော့နည်းသက်သာသည်ဆိုသည်မှာ ပထမအချက်အနေဖြင့် အောပ်မီးဖိုအား ကျေးလက်နေ ပြည်သူအများစု သုံးစွဲနေသည့် ရိုးရာဖိုခနောက်မီးဖိုနှင့် နှိုင်းယှဉ်ဖော်ပြထားခြင်းဖြစ်ပြီး ဒုတိယအချက်အနေဖြင့် အိမ်ထောင်စုတစ်စု အနေဖြင့် ဖိုခနောက်မီးဖိုကို အသုံးပြုချက်ပြုတ်မည်ဆိုပါက တစ်နေ့တာ ထင်းလိုအပ်ချက်မှာ (၅)စီးဖြစ်သော်လည်း အောပ်မီးဖိုကဲ့သို့သော စွမ်းအားမြင့်မီးဖိုမျိုးကို အသုံးပြု ချက်ပြုတ်မည်ဆိုပါက ထင်း(၃)စီးသာ လိုအပ်တော့မည် ဖြစ်ပြီး ယခင်ကထက် ထင်း(၂)စီး လျှော့နည်းသက်သာနိုင်မည်ကို ဆိုလိုခြင်းဖြစ်ပါသည်။

ထို့အပြင် မီးခိုးထွက်ရှိမှုလျှော့နည်းသက်သာခြင်း၊ ချက် ပြုတ်ရာတွင် လွယ်ကူလျင်မြန်စေခြင်းနှင့် မီးဖိုချောင်စရိတ်သက်သာစေခြင်းစသည့် အကျိုးကျေးဇူးများနှင့်လည်း ပြည့်စုံကောင်းမွန်စေရန် တီထွင်ထုတ်လုပ်ထားသော မီးဖိုဖြစ်ပေသည်။ အလျဉ်းသင့်၍ ကိန်းဂဏန်းအရ တွက်ချက်မှုဖြင့်ဖော်ပြရလျှင် မြန်မာနိုင်ငံရှိ အိမ်ထောင်စုတစ်စုသည် တနှစ်လျှင် ပျမ်းမျှထင်း(၂. ၅)တန် သုံးစွဲသည့် အတွက် အောပ်မီးဖို(၁)လုံး အသုံးပြုခြင်းကြောင့် တစ်နှစ်ထင်း(၁) တန်သက်သာစေနိုင်မည်ဖြစ်ပါသည်။ တစ်ဖက်တွင်လည်း သစ်တောဦးစီးဌာန၏ ခန့်မှန်းတွက်ချက်မှုများအရ (၁၀) နှစ်သား ထင်းစိုက်ခင်းတစ်ဧကမှ ထင်းတန်(၅၀)မှ (၆၀) ကြား ထွက်ရှိနိုင်ကြောင်း သိရှိရသဖြင့် တစ်နှစ်ပျမ်းမျှ ၅. ၅ တန်ခန့်ထွက်ရှိမည်ဟု ခန့်မှန်းနိုင်ပါသည်။ ထိုသို့တစ်နှစ်ပျမ်းမျှထင်းထွက်ရှိမှု ပမာဏသည် အိမ်ထောင်စု(၅)စုမှ အောပ် မီးဖို(၅)လုံးကို (၁)နှစ် အသုံးပြုခြင်းဖြင့် လျှော့နည်းသက်သာစေသည်နှင့်တူပါသည်။ (တစ်နှစ်သက်သာ-ဘတန်×အိမ်ထောင်(၅)စု)÷(၅)တန်ဖြစ်ပါသည်။ အိမ်ထောင်စု(၅) စုတို့မှ အောပ်မီးဖို(၅)လုံးကို ပုံမှန်သုံးပေးခြင်းအားဖြင့် စိုက်ခင်း(၁)ဧကကို တည်ထောင်ထိန်းသိမ်းရာရောက်မည်ဖြစ်ပါသည်။

ဤနေရာတွင် ထင်းစိုက်ခင်းတစ်ဧက တည်ထောင်ရာ၌ ငွေကြေးရင်းနှီးမြှုပ်နှံရမှုသာမက သဘာဝဘေးဒဏ်နှင့် ကျွဲ၊ နွားတိရစ္ဆာန်များ ဖျက်ဆီးမှုကြောင့် ပျက်စီးဆုံးရှုံးနိုင်မှုကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်သည့်အတွက် တစ်နှစ် ထင်း ၅. ၅ တန်ရရှိရန် မလွယ်ကူသော်လည်း အောပ်မီးဖို(၅)လုံး တစ်နှစ်သုံးစွဲခြင်းအားဖြင့် ထင်းလောင်စာကုန်ကျမှုပမာဏ တစ်နှစ်(၅. ၆)တန် လျှော့နည်းသက်သာမည်မှာ အမှန်ပင်ဖြစ်ပေသည်။

စာရေးသူအနေဖြင့် အစပိုင်းတွင်ဖော်ပြခဲ့သည့် အလေ့အထဟူသည့် စကားနှင့်ပတ်သက်၍ ပြန်လည် ဆက်စပ်တင်ပြရပါလျှင် ကျေးလက်နေပြည်သူလူထုအများစု ယနေ့တိုင် အသုံးပြုနေဆဲဖြစ်သော ရိုးရာဖိုခနောက် မီးဖိုသည် မီးဘေးအန္တရာယ်စိုးရိမ်ရခြင်း၊ မီးအပူဟပ်ခြင်း၊ မီးခိုးထွက်ရှိမှုများသဖြင့် ရေရှည်တွင်သုံးစွဲသူအား ကျန်းမာရေး ထိခိုက်လာနိုင်ခြင်းနှင့် ထင်းဝယ်ယူအသုံး ပြုရသူများအတွက်လည်း ငွေကြေးကုန်ကျမှုများခြင်း အစရှိသည့်ဆိုးကျိုးများ ရှိနေသည်ကို သုံးစွဲနေသူများကိုယ်တိုင် သတိပြုမိကြသော်လည်း အစဉ်အဆက် ပြုမူကျင့်သုံးလာသည့် အလေ့အထ(အကျင့်) တစ်ခုအား အလွယ်တကူစွန့်လွှတ်ရန်ကိုမူ ဝန်လေးနေသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် အထက်ပါဆိုးကျိုးများမှ ကင်းဝေးစေသည့် အောပ်မီးဖို ကဲ့သို့သောမီးဖိုမျိုးအား ပြောင်းလဲအသုံးပြုကြည့်ခြင်းအားဖြင့် ကောင်းမွန်သည့် အလေ့အထတစ်ခုသို့ အချိန်မီပြုပြင် ပြောင်းလဲကျင့်သုံးသင့်ပေသည်။

သို့မှသာ မိမိ မိသားစုအတွက် လူမှုစီးပွားရေးအရတွက်ခြေကိုက်မှုသာမက နိုင်ငံပိုင်သစ်တောများမှ ထင်းလောင်စာအတွက် ထုတ်ယူအသုံးပြုနေရခြင်းမှလည်း အထိုက်အလျောက် ကာကွယ်ပေးသွားနိုင်မည် ဖြစ်ပါသည်။ မြေရှိမှသစ်ပင်စိုက်နိုင်သည်မဟုတ်ပါ၊ အထက်တွင် ဖော်ပြသကဲ့သို့ အောပ်မီးဖို(၅)လုံး၊ တစ်နှစ်သုံးစွဲရုံမျှဖြင့် စိုက်ခင်း တစ်ဧကထူထောင်ပြီးသားဖြစ်သည်ကို သတိပြုမိကြစေချင်ပါသည်။ နိုင်ငံနှင့်အဝှမ်း အောပ်မီးဖိုများ ထောင်၊ သောင်း ချီ၍ အသုံးပြုလာကြလျှင်မူ ဆိုဘွယ်ရာမရှိတော့ပေ။

အချုပ်အားဖြင့်ဆိုရသော် နိုင်ငံတော်အနေဖြင့် ထင်းလောင်စာလိုအပ်ချက်သည် အချိန်ကာလတစ်ခုအ ထိ တည်ရှိနေဦးမည်ဖြစ်ပါသည်။ သို့သော် လျှပ်စစ်နှင့် ထင်းအစားအခြားလောင်စာများ တွင်တွင်ကျယ်ကျယ် အသုံးမပြုနိုင်မီကြားကာလတစ်ခုတွင် နိုင်ငံပိုင်သစ်တောများအား ထိခိုက်မှုအနည်းဆုံးဖြင့် ကာကွယ်ထိန်းသိမ်းသွားနိုင်ရန်အတွက် အစဉ်အလာသုံး ရိုးရာဖိုခနောက် မီးဖိုများနေရာ၌ ထင်းလောင်စာကုန်ကျမှု လျှော့နည်းသက်သာစေသည့် စွမ်းအားမြင့် အောပ်မီးဖိုများအား ပြောင်းလဲသုံးစွဲကြည့်ခြင်းဖြင့် ကောင်းမွန်သည့် အလေ့အထတစ်ခုသို့ ယခုပင်လျှင် စတင်ကျင့်သုံးသင့်ပါကြောင်း အကြံပြုရေးသားတင်ပြအပ်ပါသည်။

++++++++++

ကျွန်တော်နဲ့ ဂျီသားဟင်း

ဇာဏီဟိန်း(သီပေါ)

ကြာတော့ကြာခဲ့ပါပြီ လွန်ခဲ့သည့် (၁၁)နှစ်ခန့်က စာရေးသူအပါအဝင် လားရှိုးခရိုင်ပြန်ဆက်၊ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး စသည့်အဖွဲ့စုံနှင့် ကျေးလက်ဒေသများသို့ ပညာပေးဟောပြောပွဲများကို တစ်လလျှင်နှစ်ကြိမ် ကွင်းဆင်းဆောင်ရွက်နေခိုန်ဖြစ်သည်။

နံနက်(၇)နာရီတွင် စာရေးသူတို့အဖွဲ့ လားရှိုးမှ ကား(၂)စီးဖြင့် လားရှိုးမြို့နယ်၊ လားရှိုး၊ နမ့ဖူကားလမ်း နံဘေးကုန်းမြင့်ပေါ်တွင်ရှိသည့် လွယ်တောက်ကျေးရွာ မူလတန်းကျောင်းသို့ ထွက်ခဲ့ပါသည်။

လွယ်တောက်ရွာသည် လားရှိုးမှ (၁၅)မိုင်ခန့် ဝေးသည်။ နံနက်(၈း၃၀)တွင် လွယ်တောက်ရွာသို့ ရောက်ခဲ့သည်။ ရွာလေးမှာ တောင်ကုန်းမြင့်လေးပေါ်တွင်ရှိပြီး ရွာ၏ပတ်ဝန်းကျင် ပတ်ပတ်လည်တွင် တောင်စဉ်တောင်တန်းများဝိုင်းပတ်နေပြီး စိမ်းလန်းသောသစ်တောများ ဖုံးလွှမ်းနေသည့် လွယ်တောက်ရွာလေးသည် ပတ်ဝန်းကျင်ရှုခင်းအလှနှင့် မြင်ရသူတို့ စိတ်ကြည်နူးအောင် စွဲဆောင်ထားပါသည်။ ရွာလယ်တွင် ခရစ်ယာန်ဘုရားရှစ်ခိုးကျောင်းလေးကိုတွေ့ရပြီး ကချင်လူမျိုးများနေထိုင်သည့် ရွာလေး ဖြစ်ပါသည်။ တောင်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ကြပါသည်။

လွယ်တောက်အခြေခံပညာကျောင်းရှေ့တွင် စာရေးသူတို့အဖွဲ့အား ရွာလူကြီး၊ သင်းအုပ်ဆရာကြီးနှင့် ရွာသူရွာသားဆရာ/ဆရာမ၊ ကျောင်းသား/ကျောင်းသူ များက အပြုံးကိုယ်စီနှင့်စောင့်ကြိုနေပါသည်။ စာရေးသူ တို့မှာလည်း ပြန်လည်၍ ပြုံးပြန္ဒတ်ဆက်ကြပါသည်။

နံနက်(၉)နာရီတွင် ကျောင်းခန်းမ၌ ပညာပေးဟောပြောပွဲစတင်ပါသည်။ ပထမပိုင်းတွင် အဖွဲ့ခေါင်းဆောင် လာရှိုးခရိုင်ပြန်ဆက် ဦးမောင်မောင်အုန်း က ကျေးလက်နေပြည်သူများ အသိပညာဖွံ့ဖြိုးရေးအတွက် ကျေးလက်ဒေသများ စာကြည့်တိုက်လုပ်ငန်းဖွံ့ဖြိုးရေးနှင့် ယခုအခမ်းအနားတွင် စာအုပ်များလည်း လှူဒါန်းသွားမည်ဖြစ်ကြောင်း ဟောပြောပါသည်။

ဒုတိယပိုင်းအနေဖြင့် အမျိုးသမီးရေးရာမှ အဖွဲ့ဝင် ကွန်ပျူတာတက္ကသိုလ် ကျောင်းအုပ်ဆရာမကြီး ဒေါက်တာ နန်းစိုးစိုးအောင် က အမျိုးသမီးများ ရိုးရာဃဉ် ကျေးမှုထိန်း သိမ်းရေးအကြောင်းကို ဟောပြော၍ ကျောင်းအတွက် ကျွန်းဘီဒိုတစ်လုံးကို လှူဒါန်းသွားပါသည်။ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့ ဒေါ်အေးအေးဝင်းက အမျိုးသမီးများနှင့် ကျန်းမာရေးကဏ္ဍ အကြောင်း ဟောပြောပါသည်။

နောက်ဆုံးစာရေးသူအနေဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအကြောင်း မြေ၊ ရေ၊ လေ ညစ်ညမ်း မှု၊ သစ်တောများပြုန်းတီးလာသည့်အတွက် လူသားတို့ ကို အကျိုးပြုနေသည့် ဇီဝမျိုးစုံမျိုးကွဲများ မျိုးတုံးပျောက်ကွယ်လာမှု၊ သစ်တောများ ပြုန်းတီးမှုတွင် ထင်းလောင်စာအသုံးပြုရာတွင် လူဦးရေတိုးတက်လာသည်နှင့်အမျှ သုံးစွဲမှုများလာမှု၊ ရွှေ့ပြောင်းတောင်ယာစနစ်ကို ကျယ်ပြန့်စွာလုပ်ကိုင်လာမှုများကြောင့်ဖြစ်ကြောင်း၊ ထို့ကြောင့် ရွှေ့ပြောင်းတောင်ယာစနစ်အစား လေ့ကားထစ်စိုက်ပျိုးရေးစနစ်အသုံးပြုရေး၊ သစ်ပင်သစ်တောများ ရောနှောစိုက်ပျိုးရေး၊ ဒေါ်ချပ်ကင်သဘာဝမြေဩဇာ အသုံးပြုရေးနှင့် ပြုလုပ်နည်းအကြောင်း၊ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရာတွင် လွယ်တောက်ရွာပတ်ဝန်းကျင်တွင် တောင်စဉ်တောင်တန်းတစ်လျှောက် သစ်တောများဖုံးလွှမ်းနေသေးသည်ကို တွေ့ရကြောင်း၊ ထိုသစ်တောများကို ဆက်လက်၍ ထိန်းသိမ်းထားဖို့လိုကြောင်း အထူးသဖြင့် တောလိုက်ရာတွင် တောလိုက်သူများလိုက်နာရမည့် သစ်တောရေးရာဝန်ကြီးဌာနမှ တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်ရေး ဥပဒေထုတ်ပြန်၍ ထိန်းသိမ်းထားကြောင်း၊ လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များ၊ သာမန်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များ၊ ရာသီအလိုက်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များအကြောင်းကို ဟောပြောရာတွင် ကာကွယ်ထားသည့် သဘာဝအပင်တစ်မျိုးမျိုးကို သတ်မှတ်ထားသည့် နေရာဒေသအတွင်း ခွင့်ပြုချက်မရှိဘဲ ထုတ်ယူခြင်း၊ စုဆောင်းခြင်း(သို့မဟုတ်) တစ်နည်းနည်းဖြင့် ပျက်စီးစေခြင်း (ဥပမာ) သစ်ခွထုတ်ယူခြင်းတို့ဖြစ်ကြောင်း ဟောပြောပါသည်။

နိဂုံးချုပ်အနေဖြင့် တိရစ္ဆာန်အမှန့် သားပေါက်များပစ်ခတ်ဖမ်းဆီးခြင်း မပြုလုပ်ရန်၊ အထူးသဖြင့် တိရစ္ဆာန်များမိတ်လိုက်ခိုန်၊ ဇီးရိုသည့်အခိုန်များကို တောလိုက်ခြင်းရှောင်ရန်၊ တောရိုင်းတိရစ္ဆာန်များကို အစာဖြင့်လည်းကောင်း၊ အသံတုဖြင့်လည်းကောင်း(ဝါးရွက်နှစ်ရွက်ကို ထပ်ပြီး ပါးစပ်ဖြင့်မှုတ်လျှင် 'ပီ' 'ပီ' 'ပီ' -ကိုသားငယ် အော်သံထွက်သည်) ကိုအမက သူ့ကလေးထံအသံကြားရာ အပြေးရောက်လာမှ ထောင်ဖမ်း၍ပစ်ခတ်ခြင်း မပြုလုပ်ရန် သတ်မှတ်ကာလမှာ ဇွန်လ(၁၅)ရက်မှ စက်တင်ဘာလ (၃၀)ရက်အထိ ကာကွယ်ထားသော တိရစ္ဆာန်များမှာ (၁ရယ်၊ ကျီ) တိရစ္ဆာန်များဖြစ်ကြောင်း ပြောကြားလိုက်ပါသည်။

စာရေးသူပြောပြီးသည်နှင့် ရွာလူကြီးက ကျေးဇူးတင်စကားပြောပါသည်။ ယခုလို ကျွန်တော်တို့ ရွာသူရွာသား၊ ကျောင်းသူ/ကျောင်းသားများကို အသိပညာဖွံ့ဖြိုး တိုးတက်အောင် စေတနာထားပြီး ဟောပြောခြင်း၊ စာအုပ် နှင့် ပရိဘောဂများကို လှူဒါန်းပေးကြသည့်အတွက် ကျေးဇူးကမ္ဘာအထူးတင်ပါကြောင်း ယခုဟောပြောပွဲမှာတော၊တောင်အနီးမှာနေ၊ တောတောင်ထဲမှ သယံဇာတ တွေကို(နွေ၊ မိုး၊ ဆောင်း)ပတ်လုံးထုတ်ယူပြီး အသက်မွေးဝမ်းကျောင်း မြုခဲ့ကြတာ ဘိုးဘွားတွေလက်ထက်ထဲကဖြစ်ပေမယ့် သစ်တောတွေကို ကာကွယ်ထိန်းသိမ်းဖို့ အရမ်းကာရော သစ်ပင်မခုတ်ဖို့၊ တောထဲက သဘာဝတိရစ္ဆာန်တွေကို ထိန်းသိမ်းဖို့ အကြောင်းတွေ၊ တောလိုက်တဲ့အခါမှာ ဘယ်အချိန်မှာလိုက်ရမယ်၊ ဘယ်အချိန်မှာ မလိုက်ရဘူးဆိုတဲ့ အသိတရားတွေကို အခုမှပဲ ကျွန်တော်တို့သေချာသိခဲ့ရပါတယ်။

ဒီမှာ ကျွန်တော်နဲ့တကွ ရွာသူရွာသားတွေက ဆရာဇာဏီဟိန်းကို တစ်ခုတောင်းပန်ချင်ပါတယ်၊ အဲဒါကတော့ မနေ့ကဆရာတို့လာမယ်ဆိုတာ စာရပါတယ်၊ စာရရချင်း ကျွန်တော်တို့ရွာသားတွေ အစည်းအဝေးထိုင်ပါတယ်၊ မနက်ဖြန် ည့ေသည်တွေလာရင် ကျွေးမွေးဖို့ကိစ္စ ညှိနှိုင်းကြပါတယ်၊ ထမင်းကျွေးဖို့ဆုံးဖြတ်ကြတယ်၊ ခက်တာက ဘာဟင်းနဲ့ကျွေးမှာလဲ၊ မြို့တက်ဝယ်ဖို့ အခိုန်မရတော့ဘူး ဖြစ်နေတယ်၊ ဒီမှာတင် ကာလသားခေါင်းက ရွာလူကြီးဘာမှမပူပါနဲ့ အခုညနေ(၄)နာရီဆို အခိုန်ရပါသေးတယ်၊ ရွာရှေ့ကတောင်တန်းပေါ်က တောထဲမှာ တောလိုက်မယ် ဒီအခိုန်တောကောင်ပေါတယ်ဆိုပြီး ရွာရှိလူငယ်(၁၀)ဦးခန့် ဒူးလေးတွေယူပြီး တောလိုက်ကြတယ်၊ ညနေ(၆)နာရီကျော်မှ ရွာကိုပြန်ရောက်တော့ ကျီတစ်ကောင်ရခဲ့ပါတယ်။ ကျီက ဇီးရိုနေတဲ့ ကျီမကြီးဖြစ်နေတယ်။ အဲဒါတောလိုက်တဲ့လူငယ်တွေကို ကျွန်တာဝေပေး ပြီး အခုဆရာတို့စားဖို့အတွက် ကျီပေါင်တစ်ပေါင်ချွန်ထားပြီး ချက်ထားတာပါ။ အခုအခမ်းအနားပြီးရင် ဆရာတို့သုံးဆောင်ဖို့စီစဉ်ထားပါတယ်။ အဲဒါ ကျွန်တော်တို့မသိလို့ စေတနာအမှားနဲ့ တောလိုက်မိတဲ့အတွက် ခွင့်လွှတ်ပါလို့ တောင်းပန်ပြောကြားသွားပါတယ်။

ကျွန်တော်တို့အဖွဲ့မှာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ပြုံးစိစိဖြစ်နေကြပါတယ်။ ကျွန်တော့်မှာ ရယ်ရမလို ငိုရမလို မျက်နှာထားနှင့် ထမင်းဝိုင်းတွင် ရွာလူကြီးကို မသိလို့စေတနာနှင့် လုပ်မိတာ ခွင့်လွှတ်ပါတယ်။ အခုလိုရိုးသားဖြူစင်စိတ်ထားနဲ့ မိမိရဲ့လုပ်ဆောင်ချက်ကို ပွင့်ပွင့်လင်းလင်း ပြောတာကိုပဲ ကျွန်တော်က အထူးလေးစားမိပါတယ်။

ကျွန်တော့်အတွက် ပဲပုတ်ထောင်း၊ မုန့်ညင်းဟင်း ရည်ရှိရင်ရပါပြီဗျာ၊ ကိုသားဟင်းတော့ ကျွန်တော် မစားတဲ့အတွက် မစားတော့ပါဘူးဟု ပြောလိုက်ပါတယ်။

ထိုစဉ်အဖွဲ့တွေက 'ဆရာဇာဏီဟိန်း ကိုသားဟင်း ကအရသာသိပ်ရှိတယ်ဗျာ - လာပါဗျာ - ကျွန်တော်တို့ ဝိုင်းကို' တဲ့ ရယ်မောစွာစနေပါတော့သည်။

(လယ်တောက်ရွာ ဟောပြောပွဲ အမှတ်တရ)

" ကျွန်တော့်မိန်းမကို သိပ် မနိုပ်စက်ပါနဲ့ "

စာရေးသူတို့ရဲ့ သစ်တောတက္ကသိုလ်မှာ လူစုခွဲလူစင်များပြီး ကျောင်းသား ကျောင်းသူတွေ သိပ်ချစ်ကြတဲ့ ဆရာကြီးတစ်ဦးရှိပါတယ်။ ကျောင်းသား ကျောင်းသူတွေကို စင်ဗျား-ကျွန်တော်နဲ့ပြောလေ့ရှိသလို သူ့ရဲ့ တစ်ဦးတည်းသော သားကိုလဲ စင်ဗျား-ကျွန်တော်နဲ့ပဲ ပြောပါတယ်။ အဲဒီသား က သူ့အမေကို ဟိုဟာ လုပ်ခိုင်း၊ ဒီဟာလုပ်ခိုင်းနဲ့ ခိုင်းလေ့ရှိပါသတဲ့။ ခိုင်းတာတွေ နည်းနည်းများလာတဲ့အခါ "စင်ဗျား-ကျွန်တော့် မိန်းမကို သိပ်မနှိပ်စက်ပါနဲ့" --"စင်ဗျား မိန်းမရမှ စင်ဗျား မိန်းမကို ခိုင်းပါ" လို့ ဆရာကြီးက သူ့သားကို ပြောလိုက်ပါတယ်"--တဲ့ ။

ရေဆင်းက ဝေဝင်း

အရှေ့အန္တာတိကရှိ ရေခဲများအရည်ပျော်လာခြင်းသည် ပင်လယ်ရေမျက်နှာပြင် မြင့်တက်မှုကိုဖြစ်ပေါ် စေကြောင်း ကွန်ပျူတာဖြင့် အနီးစပ်ဆုံးပုံဖော်ကြည့်ခြင်း

ဖြူးအီလိုင်၊ ဦးစီးအရာရှိ (တိုးချဲ့)

ရေခဲလွှာချပ်များအောက်ရှိ မြေလွှာခွဲခြမ်းစိတ်ဖြာမှုမှ ရရှိခဲ့သည့်အချက်အလက်များကို ကွန်ပျူတာဖြင့် အနီးစပ်ဆုံး ပုံဖော် ကြည့်ခဲ့ရာမှ အရှေ့အန္တာတိကကမ်းခြေရှိ အလွန်သေးငယ်သော ရေခဲများ အရည်ပျော်၍ သမုဒ္ဒရာတွင်း စီးဝင်ခြင်းမှသည် လာမည့် နှစ်ထောင်ပေါင်းများစွာတွင် ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှုကို ဖြစ်ပေါ် စေမည်ဖြစ်ကြောင်း တွေ့ရှိခဲ့ရပါသည်။ အရှေ့အန္တာတိက Wike မြစ်ဝှမ်းသည် ကျောက်ဆောင်ကျောက်သားထူထပ်ပြီး ပင်လယ်ရေခဲပြင်အကြီးဆုံးနေရာလည်းဖြစ်ပေသည်။ ကမ်းရိုးတန်းတစ်လျှောက်ရှိ ရေခဲများသည် အတွင်းပိုင်းရှိ ရေခဲများအရည်မပျော်အောင် ထိန်းသိမ်းပေးနေပါသည်။ အန္တာတိက တိုက်အပေါ် ဘက်ရှိ လေထုအေးနေစဉ်တွင် ပူနွေးနေသော သမုဒ္ဒရာရေကြောင့် ကမ်းရိုးတန်းရှိရေခဲများသည် အရည်ပျော်ဆုံးရှုံးနေပါသည်။ ကမ်းရိုးတန်းရေခဲများ အရည်ပျော် ဆုံးရှုံးမှု တစ်ကြိမ်ဖြစ်ပေါ် တိုင်း ပင်လယ်ရေမျက်နှာပြင်ကို (၃၀၀-၄၀၀ cm)အထိ မြင့်တက်လာစေသည်ဟု ဆိုပါသည်။ ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှုကြောင့် ကမ်းရိုးတန်းရှိရေခဲများ အရည်ပျော်နှုန်းထက် အဆပေါင်း(၈၀)ရှိမည်ဟု ဆိုပါသည်။ IPCC ၏ သိပ္ပံဆိုင်ရာ ဆန်းစစ်ချက် အစီရင်ခံစာပါ ပင်လယ်ရေမျက်နှာပြင် ပြောင်းလဲမှုအခန်းကဏ္ဍ၏ အဓိက စာရေးသူနှင့် ကမ္ဘာရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်စေမည့် မဟာဗျူဟာရေးဆွဲရေး PIK သုတေသနအဖွဲ့၏ ခေါင်းဆောင် ဖြစ်သူ Levermann က လက်ရှိအချိန်၌ အရှေ့အန္တာတိက၏ မတည်မငြိမ်ဖြစ်မှုသည် အနောက်ပိုင်းထက်(၁၀)ဆ ပိုမို ဖြစ်နိုင်ချေရှိသည်ဟုဆိုပါသည်။ IPCC ၏ စက်တင်ဘာလတွင် နောက်ဆုံးထုတ်ဝေခဲ့သည့်အစီရင်ခံစာ၌ ယခုရာစုနှစ် အတွင်းအန္တာတိက၏ စုစုပေါင်း ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှုသည် ၁၆ cm ထိရှိနေပြီး ဤသို့ဆက်လက် ဖြစ်ပေါ် နေပါက အန္တာတိကရေခဲပြင်ကြီးတစ်ခုလုံး ဆုံးရှုံးမှုဖြစ်ပေါ် လာတော့မည်ဟု သုံးသပ်မိပါကြောင်းနှင့် ဤသုံးသပ်ချက်သည် အရှေ့အန္တာတိက အခြေအနေပေါ် တွင် ပိုမိုမှန်းဆတွက်ချက်ခြင်း ဖြစ်နိုင်ပါကြောင်း ဆိုထားပါသည်။

မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်ခြင်းနှင့် ရေခဲအရည်ပျော်ခြင်း

ရေခဲများအောက်ရှိ ကျောက်ဆောင်ပေါများသော မြေပြင်သည် ပင်လယ်ရေမျက်နှာပြင်အောက်တွင် ကြီးမားသော ကုန်းတွင်းချိုင့်ဝှမ်းကို ဖြစ်ပေါ် စေပါသည်။ ရေခဲတောင်စွန်းများအား ချိုင့်ဝှမ်းဘက်သို့တွန်းပို့မှုကြောင့် ကမ်းရိုးတန်းရှိ ရေခဲထုသည် ပိုမိုမြင့်မားလာပြီး အဆုံးတွင်ကွဲထွက်ခြင်းနှင့် အရည်ပျော်ခြင်း ဖြစ်ပေါ် စေပါသည်။ အပူချိန်မြင့်တက်လေ ရေခဲများကွဲထွက်အရည်ပျော်နှုန်း ပိုမိုမြန်ဆန်လေဖြစ်သည်။

နှစ်ပေါင်း ၅၀၀၀ မှ ၁၀၀၀၀ ကြား ရေခဲများကွဲထွက်အရည်ပျော်မှုသည် အရှေ့အန္တာတိကတိုက်တွင် ဖြစ်ပေါ် လာမည်ဟု ပုံဖော်တွက်ချက်မှုများတွင် တွေ့ရှိနေရပါသည်။ ရာသီဥတုပူနွေးမှုဖြစ်ပေါ် ခြင်း ရပ်တန့်သွားသည့်တိုင် ရေခဲများကွဲထွက် အရည်ပျော်မှုသည် ဆက်လက်ဖြစ်ပွားမည်ဆိုပါက ချိုင့်ဝှမ်းကြီးအတွင်းရှိ ရေခဲများလုံးဝမရှိတော့အောင် ဖြစ်သွားပေမည်။ MathiosMengel က မှန်လုံအိမ်ဓာတ်ငွေ့များ ထပ်ခါထပ်ခါထုတ်လွှတ်ခြင်းကြောင့် ရေခဲအရည်ပျော်ခြင်းကို ရပ်တန့်စေနိုင်မည် မဟုတ်ကြောင်းနှင့် ဤအချက်သည် အငြင်းပွားဖွယ်ရာ အကြောင်းရပ်အဖြစ်ရှိနေမည် ဖြစ်ကြောင်းပြောကြားခဲ့ပါသည်။ ထိုကဲ့သို့ အလွန်အမင်းပင်လယ်ရေမျက်နှာပြင် မြင့်တက်မှုကြောင့် ကမ္ဘာ့မျက်နှာပြင်တွင် ပြောင်းလဲမှုများဖြစ်ပေါ် လာနိုင်ပြီး ကမ်းရိုးတန်းမြို့တော်များဖြစ်သော မွန်ဘိုင်း၊ တိုကျိုနှင့် နယူးယောက်မြို့များသည် ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှုဒဏ်ကို ကြုံတွေ့ခံစားရဖွယ် အရှိဆုံးဖြစ်သည်ဟု အင်တာနက်သတင်းတွင် ဖော်ပြထားပါသည်။

ဘာသာပြန်ဆိုသူ - မေဇင်မြင့် (တောအုပ်ကြီး)

ကမ္ဘာကြီးပူနွေးမှုသည် ကမ္ဘာတစ်ဝန်းတွင် တစ်ပြေးညီမဟုတ်ပဲ ဒေသတစ်ချို့တွင် မကြာသေးမီက အေးခဲနေခဲ့ခြင်း

သုတေသနအသစ်သည် လွန်ခဲ့သောနှစ် ၁၀၀က ကုန်းမြေမျက်နှာပြင်ပူနွေးမှုလမ်းကြောင်းများကို ပထမဆုံး လေ့လာပြသ၍ မတူညီသောကမ္ဘာ့နေရာများတွင် မည်သည့်အချိန်၊ နေရာ၌ စတင်ပူနွေးခဲ့သည် သို့မဟုတ် အေးခဲ့သည်ကို တိကျစွာသရုပ်ပြခဲ့ကြောင်း မေလ(၄)ရက်နေ့ အင်တာနက်သတင်းအရ သိရှိရပါသည်။ သုတေသနက ကမ္ဘာကြီးသည် အမှန်တကယ်ပင် ပူနွေးလာကြောင်း ညွှန်ပြခဲ့ပြီး သမိုင်းမှတ်တမ်းများအရ ပူနွေးမှုသည် နေရာတိုင်းတွင် တူညီသောနှုန်းဖြင့် ပူနွေးခဲ့ခြင်းမဟုတ်ကြောင်းသိရှိရသည်။

FSU မှ မိုးလေဝသနှင့် ဇလဗေဒလက်ထောက်ပါမောက္ခ Zhaohua Wu က ကွန်ပျူတာတို့သည် ကမ္ဘာကြီးပူနွေးမှုကို ထင်သလောက်နားမလည်ကြကြောင်း ပြောကြားခဲ့သည်။ Wu နှင့် ရာသီဥတုသုတေသီများအဖွဲ့သည် ခွဲခြမ်းစိတ်ဖြာ နည်းလမ်းတစ်ခုကို အသုံးပြုကာ အန္တာတိကမဟိဝင်ပဲ တစ်ကမ္ဘာလုံး အတွက် ၁၉၀၀ခုနှစ်မှ ယနေ့အချိန်ထိ မြေမျက်နှာပြင် အပူချိန်လမ်းကြောင်းများကို အသေးစိတ်စစ်ဆေးခဲ့ကြပါသည်။ ယခင်က ပြုလုပ်ခဲ့သော သိပ္ပံပညာရှင်များ၏ ကမ္ဘာကြီးပူနွေးမှု လေ့လာချက်၌ ရာသီဥတုသုတေသနတွင် သုံးခဲ့သည့် ခွဲခြမ်းစိတ်ဖြာနည်းလမ်းများမှာ အကန့်အသတ်ရှိခဲ့သောကြောင့် ပူနွေးမှုတစ်ပြေးညီမဖြစ်ခြင်းကို နေရာဒေသ၊ အချိန်ကာလအားဖြင့် သတင်းအချက်အလက်မပေးနိုင်ခဲ့ပေ။

ယခုသုတေသီများ၏ တွေ့ရှိချက်အရ သတိပြုမိလောက်သော ပူနွေးမှုသည် အာတိတ်ဒေသကို ဝိုင်းရံနေသောဒေသများတစ်ဝိုက်နှင့် ကမ္ဘာနှစ်ခြမ်းစလုံး၏ အပူပိုင်းဒေသနှင့် ကပ်လျက်ရှိသောဒေသများတွင် ပထမဆုံးစတင်ခဲ့ကြောင်းသိရပါသည်။ သို့သော် ယနေ့အချိန်အထိ စုစုပေါင်းပူနွေးမှုအများဆုံးသည် မြောက်ပိုင်းအလယ်လတ္တီကျူးများတွင် ဖြစ်ကြောင်းသိရသည်။ သုတေသီများသည် ကမ္ဘာ့နေရာဒေသတချို့တွင် ရာသီဥတုအေးခြင်း အမှန်တကယ်ဖြစ်ပွားခဲ့ကြောင်းလည်း တွေ့ရှိခဲ့ကြသည်။ ကမ္ဘာကြီးပူနွေးမှုသည် တစ်ပြေးညီမဖြစ်ပဲ အေးသောဒေသများရှိသလို ပူနွေးသောဒေသများလည်း ရှိနေပါသည်။ဥပမာအားဖြင့် ၁၉၁၀ခုနှစ်ခန့်မှ ၁၉၈၀ခုနှစ်အထိ ကာလအတွင်း ကမ္ဘာ့အခြားဒေသများတွင် ပူနွေးနေခဲ့သော်လည်း အီကွေတာ၏ တောင်ဘက်၊ အင်းဒီးစ်တောင်တန်းများ၏အနီးရှိ ဒေသတချို့သည် အမှန်တကယ်ပင် အေးနေခဲ့ပြီး ၁၉၉၀ ခုနှစ်များ၏ အလယ်ထိတိုင်အောင် ပြောင်းလဲမှုလုံးဝမရှိခဲ့ပေ။ အီကွေတာအနီးနှင့်တောင်ဘက်ရှိ အခြားနေရာဒေသများသည် ကျန်သောဒေသများနှင့်ယှဉ်လျှင် သိသိသာသာပြောင်းလဲမှုမရှိခဲ့ကြောင်းသိရပါသည်။

မိကျောင်း၏ မျက်ရည်အား လိပ်ပြာနှင့် ပျားများကသောက်သုံးခြင်း

လိပ်ပြာနှင့် ပျားများသည် ရှားပါးသော ဓာတ်သတ္တုများနှင့် ပရိုတိန်းအကူအညီကို ရှာဖွေနေကြပုံပေါ်ပါသည်။ ၂၀၁၃ ခုနှစ်၏ သာယာသော ဒီဇင်ဘာနေ့တစ်နေ့တွင် ၄င်းတို့သည် Costa Rica အရှေ့မြောက်ပိုင်းရှိ Rio Puerto မြစ်ကမ်း ပါး ပေါ်တွင် အနားယူနေသော မျက်မှန်တပ် caiman ၏ မျက်ရည်များထဲတွင် အဖိုးတန်အာဟာရကို တွေ့ရှိခဲ့ပြီဖြစ်သည်။

လေ့တစ်စီးပေါ်တွင် ကျောင်းသားများ၊ ဓာတ်ပုံပညာရှင်များနှင့်အတူ အဏ္ဏဝါဂေဟဗေဒပညာရှင် Carlos de la Rosa သည် ဖြေးညင်းတိတ်ဆိတ်စွာလိုက်ပါရင်း ရုပ်ရှင်ရိုက်ကူးနေခဲ့ပါသည်။ ထိုအဖွဲ့သည် Caiman ငြိမ်သက်စွာ အပန်းဖြေနေစဉ် ၄င်း၏ မျက်လုံးထောင့်များတွင် အင်းဆက်များ အတောင်တဖျပ်ဖျပ်ခတ်နေသည်ကို စိတ်လှုပ်ရှားစွာဖြင့် စောင့်ကြည့်

ဓာတ်ပုံယူနေခဲ့ကြသည်။ De La Rosa သည် အဆိုပါ မမျှော်လင့်ဘဲတွေ့ခဲ့သည့်ဖြစ်စဉ်ကို ၂၀၁၄ ခုနှစ် မေလထုတ် အမေရိကဂေဟအဖွဲ့အစည်း၏ Frontires in Ecology and the Environment ဂျာနယ်တွင် တင်ပြခဲ့ပါသည်။

Costa Ric edKifiH San Pedro ရှိ အပူပိုင်း ဒေသကွင်းဆင်းလေ့လာရေးအဖွဲ့အစည်း La Selva ဇီဝ ဗေဒဌာန၏ ညွှန်ကြားရေးမှူးဖြစ်သော De La Rosa သည် အဘယ်ကြောင့် အင်းဆက်များက မိကျောင်း၏ မျက်ရည်ကို ထုတ်ယူရသည်ကို သိချင်စိတ် ပြင်းပြစွာ အနီးကပ်စောင့်ကြည့်ခဲ့ပါသည်။

ဆားသည် သမုဒ္ဒရာထဲတွင်ပေါများသော်လည်း ကုန်းမြေပေါ်တွင်တော့ တစ်ခါတစ်ရံတွင် ရှားပါး သော အဖိုးတန်သယံဇာတတစ်ခုဖြစ်ပါသည်။ အထူးသဖြင့် သတ်သတ်လွတ်စားသူများအတွက်ဖြစ်သည်။ ရွှံ့အိုင်များထဲမှ ဓာတ်သတ္တုပါသော ရေကို လိပ်ပြာများက နည်းနည်းချင်းသောက်နေသည်ကို မြင်ရသည်မှာ အထူးအဆန်းမဟုတ်ပါ။ မြေကြီး ထဲတွင် ဓာတ်သတ္တု ရှားပါးနေခ်ိန်တွင် တိရစ္ဆာန်များသည် တစ်ခါတစ်ရံတွင် ဆားနှင့် အခြားရှားပါးဓာတ်သတ္တုများ၊ ပရိုတိန်းများကို ချွေးများ၊ မျက်ရည်များ၊ ဆီးနှင်း၊ သွေးတို့မှပင် စုဆောင်းရယူကြပါသည်။

De La Rosa သည် အမေဇုန်သစ်တောထဲရှိ လိပ်ပြာများနှင့် ပိုးဖလံများက ရေလိပ်များနှင့် Caimans များနှင့် မျက်ရည် များကို သောက်သုံးနေကြသည်ကို တွေ့ပြီးဖြစ်ပါသည်။ ပျားများတွင် မျက်ရည်သောက်ခြင်းအလေ့အထ/အမူအကျင့် " Lachry Phagow" ကို ဇီဝဗေဒပညာရှင်များက မကြာသေးမီကမှ လေ့လာပြီးခဲ့ခြင်းဖြစ်ပါသည်။

၂၀၁၂ ခုနှစ် အစီရင်ခံစာ၌ အီကွေတာနိုင်ငံ yasuni အမျိုးသားဥယျာဉ်ထဲမှ အဝါရောင်အစက်အပြောက်ပါသော မြစ်ရေလိပ်၏မျက်ရည်ကို ပျားတစ်ကောင်က နည်းနည်းချင်းသောက်နေသည်ကို ဖော်ပြခဲ့ဖူးကြောင်းသိရပါသည်။ သို့သော် ဤအမူအကျင့်သည် မည်သို့မည်ပုံအဖြစ်များပါသလဲ။

De La Rosa သည် ကွင်းဆင်းဌာနတွင် သုတေသနအသေးလေးတစ်ခုလုပ်ခဲ့ပါသည်။ ၎င်းသည် imlderness စိတ်ပါဝင်စားသူများ၊ ရှောင်တခင်ခရီးသွားဧည့်သည်များ၊ အသက်မွေးဝမ်းကျောင်းဓာတ်ပုံပညာရှင်များနှင့် သိပ္ပံပညာရှင် များ၏ online မှတ်တမ်းစုစည်းမှုတွင် မျက်ရည်သောက်သုံးခြင်း၏အထောက်အထားကို ၎င်းမျှော်လင့်ထားသည်ထက် ပိုတွေ့ရှိခဲ့သဖြင့် အံ့အားသင့်ခဲ့ပါသည်။ ယခုအခါတွင်မူ ဤဖြစ်စဉ်သည် ဇီဝဗေဒပညာရှင်များ ယူဆထားခဲ့သလောက် မရှားပါးနိုင်ဘဲ မှန်ကန် ကြောင်းသက်သေပြအတည်ပြုရန် ခက်ခဲနေခြင်းမျှသာဖြစ်ကြောင်း ၎င်းက ထင်မြင်ပါသည်။

Good တွင် ရုပ်ပုံများက ရှာဖွေမှုပြုလုပ်ပြီးနောက်တွင် ဤကိစ္စသည် မထူးဆန်းကြောင်း လိပ်ပြာများနှင့် ပျားတစ်ခို့က မျက်ရည်သောက်သုံးသည်ကို လူတော်တော်များများက မှတ်တမ်းတင်ထားပြီးသားဖြစ်ကြောင်း De La Rosa ကပြောကြားခဲ့ ပါသည်။ သိပ္ပံနည်းကျစာအုပ်စာပေများကို ရှာဖွေခြင်းအားဖြင့် ထိုင်းနိုင်ငံတွင် လူသား၏မျက်ရည်များကို ပျားများက သောက် သုံးခြင်းကို အသေးစိတ်လေ့လာနိုင်ခဲ့ပြီး အီကွေတာမှပျားနှင့် မြစ်ရေလိပ်အကြောင်းကို "Trails and Tribulalions" ဇာတ်လမ်းကို ၂၀၁၂ အောက်တိုဘာလတွင် ထုတ်လုပ်နိုင်ခဲ့ပါသည်။ ဤအတွေ့အကြုံသည် ကမ္ဘာပေါ်တွင် ဂေဟဗေဒ ပညာရှင်များအတွက် အံ့သြဖွယ်ရာ များစွာရှိနေသေးကြောင်း သတိပေးနေခြင်းပင်ဖြစ်ကြောင်း De La Rosa ကပြောကြားခဲ့ ပါသည်။ လေ့လာရန်များစွာ ကျန်ရှိပါသေးသည်။ De La Rosa သည် မကိုက်တတ်သော (midge) များဆိုင်ရာ အထူးပြု ဇီဝဗေဒပညာရှင်ဖြစ်ပြီး သဘာဝသမိုင်းပညာရှင်တစ်ဦးလည်းဖြစ်သောကြောင့် ရှာဖွေတွေ့ရှိမှုအသစ်များကို မျက်ခြည်မပြတ် နားစွင့်နေပါသည်။ La Salva ရှိ သိပ္ပံပညာရှင်များသည် ရေနေအင်းဆက်ပိုးမျိုးစိတ်ရာနှင့်ချီ၍ ရှာဖွေတွေ့ရှိထားပြီးဖြစ်ကာ ၎င်းတို့အား အမည် ပေးရန်နှင့် ဖော်ပြရန်ကျန်ရှိနေပါသည်။

De La Rosa က ဓာတ်ခွဲခန်းတွင် Cexta Rica မှ တွေ့ရှိသည်။ မဖော်ပြရသေးသော မျိုးစိတ် (၄၅)စိတ်ကျော် ရှိကြောင်းနှင့် ၎င်း၌ကျန်ရှိသည့်တွင် တခြားအလုပ်များမလုပ်ဘဲ သက်ရှိမျိုးခွဲပညာရှင်များနှင့်အတူ ထိုမျိုးစိတ်များအား ဖော်ပြ ရန်ကြိုးစားလျှင်ပင် ပြီးဆုံးမည်မဟုတ်ကြောင်းပြောကြားပါသည်။

အာတိတ်ရေခဲအရည်ပျော်ခြင်းသည် အသစ်ဝင်ရောက်လာသော မျိုးစိတ်များအတွက် လမ်းကြောင်းအသစ်များ ပွင့်စေခြင်း

နှစ်ပေါင်း ၂သန်းအတွင်း ပထမဆုံးအကြိမ် အဖြစ် အာတိတ်ပင်လယ်ရေခဲပြင်အရည်ပျော်မှု သည် ပစိဖိတ်မြောက်ပိုင်းနှင့် အတ္တလန္တိတ် သမုဒ္ဒရာမြောက်ပိုင်းကို ဆက်သွယ်ပေးနေပါ သည်။ အသစ်ပွင့်သွားသော လမ်းကြောင်းများကြောင့် ကမ်းရိုးတန်းများနှင့် အာတိတ်ရေပြင်တို့တွင် မျိုးစိတ်အသစ်များစွာဝင်ရောက်လာကြောင်းကို Smithsonian Environmental Research Center က မေလ ၂၈ ရက်နေ့ထုတ် Nature Climate Change ဂျာနယ်တွင် အခိုင်အမာပြော ကြားခဲ့ကြောင်း အင်တာနက်သတင်းအရ သိရှိရပါသည်။

အာတိတ်တွင် သင်္ဘောလမ်းကြောင်းသစ်နှစ်ခုဖြစ်ပေါ် ခဲ့ပါသည်။ ကနေဒါကို ဖြတ်သွားသော အနောက်မြောက်ဘက် လမ်းကြောင်းနှင့် မြောက်ဘက်ပင်လယ်လမ်းကြောင်းသည် ရပ်ရှားနှင့်နော်ဝေကမ်းရိုးတန်းတစ်လျှောက် မိုင်(၃၀၀၀) ရှည်လျားပြီး Barents နှင့် Bering ပင်လယ်များကို ဆက်စပ်ပေးနေပါသည်။ အာတိတ်ဒေသ၏ သဘာဝသယံဇာတများ စူးစမ်းခြင်းနှင့် သမုဒ္ဒရာ ဖြတ်၍ ကုန်သွယ်မှုတို့အတွက် အခွင့်အလမ်းသစ်များမြင့်မားသော်လည်း ကုန်သွယ်သည့် သင်္ဘောများက တစ်ခါတစ်ရံတွင် မျိုးစိတ် အသစ်များကို သယ်ဆောင်လာကြပါသည်။ ယခင်ရပ်နားခဲ့သော ဆိပ်ကမ်းများမှ သက်ရှိသတ္တဝါများသည် သင်္ဘောကိုယ်ထည်၏ အောက်ဘက်တွင် တွယ်ကပ်နိုင်သလို သင်္ဘောကိုယ်ထည်ထဲရှိ ရေစည်များထဲတွင်လည်း ဝင်ရောက်နေနိုင်ပါသည်။ ယခုအခါ ရာသီဥတုပြောင်းလဲမှုကြောင့် ရေခဲအရည်ပျော်သဖြင့် သင်္ဘောများအနေဖြင့် သမုဒ္ဒရာများကြား အသစ်ဖြစ်လာသော လမ်းအတိုမှ ဖြတ်သန်းလာနိုင်ကြပြီး မျိုးစိတ်အသစ်ဝင်ရောက်မှုများကိုလည်း ပိုမိုများပြားလာစေပါသည်။

အာတိတ်ကိုကျော်ဖြတ်၍ သင်္ဘောကုန်ကူးခြင်းသည် တစ်ကမ္ဘာလုံးအတိုင်းအတာဖြစ်သော အခန်းကဏ္ဍအနေဖြင့် အပြောင်းအလဲဖြစ်စေကြောင်း၊ အာတိတ်၏ စီးပွား ရေးဆိုင်ရာ ဆွဲဆောင်မှုကြီးမားကြောင်း၊ ထိုဒေသ၏ သဘာဝသယံဇာတကြွယ်ဝမှုများကို ပိုမိုလက်လှမ်းမီလာမှုကြောင့် သို့မဟုတ် ကုန်ကျစရိတ်သက်သာပြီး ပိုလျင်မြန်သော သမုဒ္ဒရာဖြတ်ကူးသည့် ကုန်သွယ်မှုကြောင့် အာတိတ်သင်္ဘောကုန်ကူးခြင်းသည် ကမ္ဘာ့စျေးကွက်များကို ပြန်လည်ပုံဖော်လာမည်ဖြစ်ကြောင်း ခေါင်းဆောင်စာရေးဆရာ Whitman Miller ကပြောပါသည်။ ထိန်းချုပ်မှုမရှိပါက ထိုလုပ်ဆောင်ချက်များသည် အသစ်ဝင်ရောက်သော မျိုးစိတ်များအလဲအလှယ်ဖြစ် ခြင်းကို ကြီးကြီးမားမားပြောင်းလဲစေမည်ဖြစ်ပြီး အထူးသဖြင့် အာတိတ်၏ တစ်ဖက်၊ မြောက်အတ္တလန္တိတ်နှင့် ပစိဖိတ် သမုဒ္ဒရာမြောက်ပိုင်းတို့တွင် ဖြစ်လာနိုင်ကြောင်း ၎င်းကပြောပါသည်။

အနောက်မြောက်လမ်းကြောင်းကိုဖြတ်၍ ပထမဆုံးသော စီးပွားရေးဆိုင်ရာ ပင်လယ်ရေကြောင်းခရီးသည် ၂၀၁၃ စက်တင်ဘာလတွင် ကျောက်မီးသွေးတင်ဆောင်ပြီး British Columbia မှ ဖင်လန်နိုင်ငံသို့သွားသော သင်္ဘော ဖြစ်ပါသည်။ တစ်ခြိန်တည်းမှာပင် မြောက်ဘက်ပင်လယ်လမ်းကြောင်းမှ သွားလာခြင်းသည်လည်း ၂၀၀၉ ခုနှစ်ကတည်း ကစ၍ လျင်မြန်စွာ မြင့်တက်လာခဲ့ပါသည်။ သိပ္ပံပညာရှင်များက မြောက်ဘက်မှသွားလာမှုကို လက်ရှိနှုန်းဖြင့်ခန့်မှန်းကြရာ နောက်ထပ် ရာစုနှစ်၏ ၄ ပုံ ၁ ပုံအတွက် နှစ်စဉ် ၂၀ ရာခိုင်နှုန်း ဆက်လက်မြင့်တက်နေနိုင်ကြောင်းနှင့် ထိုခန့်မှန်းချက်တွင် အာတိတ်သို့ ရွက်လွှင့်သော သင်္ဘောများကို ထည့်သွင်းမစဉ်းစားထားကြောင်း သိရပါသည်။

လွန်ခဲ့သော နှစ်ပေါင်း(၁၀၀)ကျော်က သမုဒ္ဒရာများအချင်းချင်းကြား သင်္ဘောကူးလျှင် ပနားမား သို့မဟုတ် ဆူးအက်တူးမြောင်းများမှ ဖြတ်ကူးခဲ့ကြပါသည်။ နှစ်ခုစလုံးသည် ပူနွေးသောရေပြင်ဖြစ်ပြီး အေးသောဒေသများမှဝင်ရောက်လာသော မျိုးစိတ်များကိုသေစေခြင်း သို့မဟုတ် ပြင်းထန်စွာအားနည်းစေနိုင်ပါသည်။ ပနားမားတူးမြောင်းတွင် သင်္ဘောများ၏ ကိုယ်ထည်ပေါ်မှ မျိုးစိတ်များသည်လည်း ရေငန်မှ ရေချိုသို့ ကူးချိန်တွင် ဆားဓာတ်ရုတ်တရက်အပြောင်းအလဲကို ရင်ဆိုင်ရပါသည်။ အာတိတ်လမ်းကြောင်းတွင် အေးသော ပင်လယ်ရေငန်များသာရှိပါသည်။ မျိုးစိတ်များသည် အအေးဒဏ်ကို ခံနိုင်မှသာလျှင် အာတိတ်ရေကြောင်းလမ်းခရီးတွင် ရှင်သန်ရန် အလားအလာရှိပါသည်။ ဆိုလိုသည်မှာ ရေကြောင်းခရီးပို၍တိုလျှင် ခရီးစဉ်တစ်လျှောက်တွင် မျိုးစိတ်များများအသက်ရှင်လျက်ကျန်နေဖွယ်ရှိပါသည်။

ဖော်ပြပါ ရေလမ်းကြောင်းများသည် မြောက်အတ္တလန္တိတ်နှင့် မြောက်ဘက် ပစိဖိတ်ကမ်းရိုးတန်းများအတွက် အဓိကထိခိုက်မှုဖြစ်စေသော်လည်း အာတိတ်သည်လည်း ဆွဲဆောင်မှုရှိသော ခရီးပန်းတိုင်တစ်ခုဖြစ်လာနေပါသည်။ ခရီးသွားလုပ်ငန်း တွင်ကျယ်လျက်ရှိပြီး ၎င်းနှင့်အတူ သဘာဝသယံဇာတများပါဝင်လာမည်ဖြစ်သည်။ အာတိတ်ဒေသသည် ခန့်မှန်းခြေအားဖြင့် ကမ္ဘာ၏မထုတ်ယူရသေးသောရေနံ၏(၁၃)ရာခိုင်နှုန်းနှင့် ကမ္ဘာ့သဘာဝဓာတ်ငွေ့၏(၃၀)ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားပါသည်။ မကြာမီအနာဂတ်တွင် Greenland ၏ ရှားပါး earth metal ထောက်ပံ့မှုသည် တစ်ကမ္ဘာလုံးလိုအပ်ချက်၏ ၂၀ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းအထိ ဖြည့်စွမ်းပေးနိုင်လိမ့်မည်ဟုခန့်မှန်းထားကြပါသည်။ ယခုအချိန်ထိတိုင်အောင် အာတိတ်ဒေသသည်အလွန်အကျွံသင်္ဘောသွားလာခြင်း၊ ကမ်းစပ်ဖွံ့ဖြိုးမှုနှင့် လူကြောင့်ဖြစ်သော ကျူးကျော်ဝင်ရောက်မှုများမရှိဘဲ သီးခြားဖြစ်နေခဲ့ပါသည်။ သို့သော် လာမည့်ဆယ်စုနှစ်များအတွင်း အလွန်အမင်းပြောင်းလဲသွားနိုင်ခြေရှိကြောင်း သိပ္ပံပညာရှင်များက ပြောကြားခဲ့ပါသည်။

သတင်းကောင်းမှာ အာတိတ်ဂေဟစနစ်သည် အခြားဂေဟစနစ်များနှင့် နှိုင်းယှဉ်ပါက မပျက်စီးဘဲရှိနေသေးပြီး ယခုတိုင်အောင် ကျူးကျော်ဝင်ရောက်မှုနည်းပါးကြောင်း၊ ဆန်းသစ်သော ဤလမ်းကြောင်းသည် ပွင့်နေခဲ့သာလျှင်ဖြစ်ကြောင်း၊ ယခုအချိန်သည် မျိုးစိတ်သစ်များကျူးကျော်ဝင်ရောက်မှု ရုတ်တရက်တိုးတက်လာခြင်းကို တားဆီးပေးကာထိုဝင်ရောက်မှုများကြောင့်ဖြစ်သည့် ဂေဟဗေဒ၊ စီးပွားရေးနှင့် ကျန်းမာရေးဆိုင်ရာ အကျိုးသက်ရောက်မှုများကို အနည်းဆုံးဖြစ်အောင်လျှော့ချပေးသည့် ထိရောက်သော စီမံအုပ်ချုပ်မှု ရွေးချယ်စရာများကို တိုးတက်အောင်လုပ်ရမည့် အချိန်ဖြစ်ကြောင်း တွဲဘက်စာရေးဆရာ Greg Ruiz ကပြောကြားခဲ့ပါသည်။

ဂေဟစနစ်ဝန်ဆောင်မှုများနှင့် ရာစုနှစ်အလယ်ပိုင်းကို စောင့်မျှော်ခြင်း

လူဦးရေတိုးတက်လာသည်နှင့်အမျှ လူအဖွဲ့အစည်းသည် စွမ်းအင်၊ အစားအစာ၊ စက္ကူ အိုးအိမ်စသည်ဖြင့် အရာအားလုံးနီးပါး ပိုမိုလိုအပ်လာပေသည်။ ထိုလိုအပ်ချက်များ ပြည့်မီအောင် ဆောင်ရွက်ခြင်းသည် မြေအသုံးချမှု ပုံစံတွင် အပြောင်းအလဲများဖြစ်လာစေနိုင်ပါသည်။ မူလက မြက်ခင်းပြင်များ၊ သစ်တောများနှင့် ရေတိမ်ဒေသများအား သီးနှံစိုက်ပျိုးမြေများ၊ သစ်ပင်စိုက်ခင်းများ၊ လူနေဒေသများနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုများအဖြစ်သို့ ပြောင်းလဲလိုက်ခြင်းများ ဖြစ်လာနိုင်သည်။ တစ်ဖန် ထိုသို့ပြောင်းလဲပစ်မှုများ ကြောင့် သဘာဝဂေဟစနစ်များ၏ ကျန်းမာရေးနှင့် ရေကောင်းရေသန့်၊ လေကောင်းလေသန့်၊ တောရိုင်းတိရစ္ဆာန်ကဲ့သို့ အဖိုးတန်ဝန်ဆောင်မှုများ ထောက်ပံ့ပေးနိုင်စွမ်းကို ဆုတ်ယုတ်လာစေနိုင်ပါသည်။

Proceedings of the National Academy of Sciences တွင်ပုံနှိပ်ခဲ့သောစာစောင်(၂)ခုတွင် Bren School of Environment Science & Management မှ ပါမောက္ခ Andrew Plantinga က လူသား၏ လိုအပ်ချက်များ ထောက်ပံ့ခြင်းနှင့် ထိုလိုအပ်ချက်များဖြည့်နိုင်ရန် ကူညီနေသည့် သဘာဝစနစ်များကို ထိန်းသိမ်းခြင်းတို့ကြားမှ မျှခြေတစ်ခုကို ပြောပြခဲ့ပါသည်။ စာစောင်တစ်ခုတွင် ပါမောက္ခ Plantinga သည် US ၌ မြေအသုံးချမှုပြောင်းလဲခြင်း၏ အနာဂတ်နှင့် အရေးကြီးသည့် ဂေဟစနစ်ဝန်ဆောင်မှုတချို့ ထောက်ပံ့ရာတွင်ဖြစ်လာနိုင်သော အကျိုးသက်ရောက်မှုကိုလည်း ပုံစံပြုလုပ်ခဲ့ပါသည်။ ဆက်စပ်သောစာစောင်ထုတ်ဝေမှုတစ်ခုတွင် သုတေသီများက မြေပိုင်ရှင်များက ဂေဟစနစ်ဝန်ဆောင်မှုများ ထောက်ပံ့လာအောင် အကောင်းဆုံးတိုက်တွန်းရန်အတွက် မက်လုံးပေးသည့် ဖွဲ့စည်းတည်ဆောက်မှုများကို ဖော်ထုတ်ခဲ့ကြပါသည်။

ပထမစာတမ်း၏ လေ့လာမှုသည် contiguous U.S အတွက် မြေအသုံးချမှု ပုံစံအသစ်အကြောင်းရှင်းလင်းပြသခဲ့ပါသည်။ ထိုမြေအသုံးချမှုပုံစံအသစ်သည် သစ်တောဖုံးလွှမ်းမှုကိုအားပေးရန်၊ သဘာဝရေမြေတောတောင်များအား ထိန်းသိမ်းရန်နှင့် မြို့ပြခဲ့ထွင်လာခြင်းကို လျှော့ချရန် ဒီဇိုင်းဆွဲထားသော အခြေခံအနာဂတ်ဖြစ်စဉ်နှစ်ခုနှင့် ရွေးချယ်စရာ မူဝါဒသုံးခုတို့ကိုအသုံးပြု၍ ၂၀၀၁ ခုနှစ်မှ ၂၀၅၁ ခုနှစ်အထိ လမ်းကြောင်းများကို ကြိုတင်ခန့်မှန်းပါသည်။

" ၁၉၉၀ ခုနှစ်များ၏ လမ်းကြောင်း " အခြေခံအနာဂတ်ဖြစ်စဉ်များက မြေအသုံးချမှုလမ်းကြောင်းများသည် ၁၉၉၀ ခုနှစ်များအတွင်းကအတိုင်း ဆက်လက်ဖြစ်ပွားကာ သီးနှံစိုက်မြေ၊ ကျွဲနွားစားကျက်မြေနှင့် စားကျက်မြေပြင်ကျယ်များနည်းပါးလာပြီး သစ်တောများနှင့် မြို့ပြများပိုများလာမည်ဟု ယူဆပါသည်။ " မြင့်မားသော သီးနှံလိုအပ်ချက် " ပုံစံသည် စိုက်ပျိုးရေးကုန်ပစ္စည်းလိုအပ်ချက်သိသိသာသာကြီးထွားလာမှုနှင့် စိုက်ပျိုးမြေခဲ့ထွင်စေသည့် ဆက်စပ်ဖိအားများအကြောင်းကို ရှင်းပြခဲ့ပါသည်။ သုတေသီများက ထိုအနာဂတ်ဖြစ်စဉ်များကို ရွေးချယ်စရာအခြေခံများအဖြစ်သုံးခဲ့ပါသည်။ ၄င်းတို့သည် ထိုရွေးချယ်စရာအခြေခံများကိုဆန့်ကျင်၍ ရွေးချယ်စရာမြေအသုံးချမှု မူဝါဒ(၃)ခုဖြစ်သော သစ်တောနှင့် ဆိုင်သော မက်လုံးများ၊ သဘာဝနေရင်းဒေသများ၊ မြို့ပြတိုးချဲ့မှုကိုထိန်းချုပ်ခြင် တို့၏ အကျိုးသက်ရောက်မှုများကို ခွဲခြမ်း စိတ်ဖြာခဲ့ကြပါသည်

ဆိုင်ရှင်မြင်သွားဦးမယ် ! . . .

ရေဆင်းက ဝေဝင်း

လွန်ခဲ့သော နှစ်(၄၀)လောက်က မြို့ကြီးတစ်မြို့မှာ ဖြစ်ခဲ့တဲ့ အဖြစ်အပျက်လေးတစ်ခုပါ။ အဲဒီကာလတုန်းက အဲဒီမြို့ကြီးမှာ ဒံဃပါက်ထမင်းဆိုင်ရယ်လို့ မရှိသေးဘဲ၊ တနင်္ဂနွေတစ်နေ့တည်းမှာပဲ ဒံဃပါက်ရောင်းတဲ့ဆိုင်တစ်ဆိုင်ပဲရှိပါတယ်တဲ့။ ဒံဃပါက် မစားဘူးသေးတဲ့ မြို့စံသူငယ်ချင်းနှစ်ယောက် အဲဒီဆိုင်ကိုသွားပြီး ဒံဃပါက်နှစ်ပွဲမှာလိုက်ပါတယ်။ စားပွဲထိုးက ဒံဃပါက်နှစ်ပန်းကန် လာချပေးတဲ့အခါ –တစ်ယောက် ဒံဃပါက်ထမင်းပန်းကန်ကို ရွှန်းနဲ့ပွကြည့်ပြီး "ဗဟုကောင်– ဒံဃပါက်ထမင်းထဲမှာ ကြက်သားတုံးကြီးပါလာတယ်ကွ ! ပွတာပဲ၊ ထမင်းနဲ့သာသာလေးပုံးထားပြီး မသိမသာစား–စတဲ့ကြာ ဆိုင်ရှင်မြင်သွားပြီး ပြန်ယူနေဦးမယ်" လို့ သူ့ သူငယ်ချင်းကို တိုးတိုးလေး ကပ်ပြောပါသတဲ့။ – – – – –

Introduction to African Ebony - *Diospyros crassiflora* Hiern

Win Maung Aye
Occupation= Staff Officer
Watershed Management Division

I would like to introduce the readers of MOEAF's journal about the African Ebony which is endemic tree species of West Africa. In the world timber market, it possesses the high market demand. Ebony has many utilization values and it has been over harvested. Now it is described as the endangered species of the IUCN Red List of threatened species. Here, what I would like to say that we can't sustainably harvest the timber if we don't know the species characteristics. Ebony found as isolated trees or in a small groups of 2 to 3. It is slow growing species and natural regeneration is so poor. The restoration or rehabilitation activities of Ebony were not effectively implemented after the exploitation in Africa. The lesson learned from African Ebony is not new for us but we must always be aware that the major exported timber species was turned to endanger one because of over exploitation and ineffective restoration.

Taxonomy- It belongs to **Order**- Ebenales; **Family**- Ebenaceae; **Genus**- Diospyros; **Species**- *D.crassifl*ora

Common Name -African ebony (United Kingdom), Afrikanisches Ebenholz (Germany), Ebene (Benin), Evila(Gabon), Epinde-Pinde (Cameroon), Mopini (Congo)

Distribution- It is endemic to Western Africa and occurs from southern Nigeria east to the Central African Republic, and south to Gabon and DR Congo. It occurs in lowland semi-deciduous and evergreen forest up to 1000 m altitude but usually avoids the most humid forest types and found as isolated trees or in small groups of 2–3.

Botanical Description- Dioecious medium-sized tree up to 25 m tall; bole cylindrical or fluted, branchless for up to 15 m, up to 120 cm in diameter, without buttresses; bark surface with fine longitudinal fissures, blackish grey to black, inner bark black and brittle in outer layer, pale salmon pink with creamy streaks in inner layer. Leaves alternate, simple and entire; stipules absent; petiole up to 1.5 cm long ; blade lanceolate-elliptical to oblong-elliptical, 10–21 cm × 4–10 cm. Inflorescence an axillary fascicle , often on older branches, 3–6-flowered for male inflorescence, 1–2-flowered for female one. Flowers unisexual, regular, nearly sessile ; male flowers with numerous stamens up to 1.5 cm long, with very short filaments, ovary rudimentary; female flowers with rudimentary stamens, ovary superior, globose, c. 5 mm in diameter, 8–10-celled, styles 4–5. Fruit an ellipsoid to obovoid berry, up to 10 cm × 6.5 cm, sparsely hairy to glabrous, yellowish when ripe, up to 10-seeded. Seeds oblong,up to 5 cm × 2 cm × 1.5 cm, glossy brown to black.

Wood Charcteristics- The heartwood is jet-black to black-brown or dark brown with black streaks. It is

distinctly demarcated from the sapwood, which is pinkish to pale red, and up to 12 cm thick. The grain is straight, occasionally interlocked or curly, texture fine. The wood is heavy with a density of 900–1010 kg/m³ at 12% moisture content. The rates of shrinkage are high, about 5.5% radial and 6.5% tangential. Once dried, the wood is often poorly stable in service. At 12% moisture content, the modulus of rupture is 130–179 N/mm², modulus of elasticity 15,500–18,900 N/mm², compression parallel to grain 58–88 N/mm², shear 17 N/mm, Janka side hardness 14,320 N and Monnin hardness 7.0. The wood surfaces take an excellent polish; has a tendency to split upon nailing. The wood is moderately durable, being moderately resistant to termite attack, but susceptible to pinhole borers and marine borers attacks. It is extremely resistant to preservative treatment. Saw dust may cause allergic contact dermatitis in wood workers. The stem bark showed significant in-vitro antibacterial and antifungal activities.

Growth and Harvesting- It is well coppice but slow growing species. In natural forest in Cameroon the mean diameter growth was 4.5 mm/year for trees with a mean height of 14.5 m and a mean age of 50 years. However, two trees measured over a period of 10 years in central Gabon had an average annual growth rate of only 1 mm in diameter. In a 50-years-old plantation in Cameroon, dominant trees were on average 24 m tall and 22 cm in bole diameter, whereas the standing volume was estimated at 320 m³/ha. In Cameroon flowering of trees has been recorded from February to May, in Gabon from September to October. Fruits ripen about 6 months later. They are eaten by animals, which probably serve as seed dispersers. In Cameroon attacks of jumping plant-lice and other leaf-defoliating insects have been recorded.

Utilization- The black heartwood is used for heavy flooring, interior trim, ship building, vehicle bodies, furniture, cabinet making, musical instruments, precision equipment, turnery, carvings, knife-handles and brush backs. The sapwood and sometimes also the heartwood is used for poles, posts, vehicle bodies, agricultural implements, toys, novelties, sporting goods, combs, ladders, boxes, crates, crossbows, veneer and plywood. The wood is also used as firewood. In traditional medicine, a bark decoction is drunk and used as a wash to treat ovarian problems, and the bark powder is applied to heal sores and wounds. The leaf sap is applied as eye drops to treat eye inflammations. In Gabon the bark is used to treat yaws.

Conservation Status - Due to heavily over exploited with few remaining stands in the most remote areas of its range, and its poor natural regeneration, it is classified as endangered in the IUCN Red List of threatened species EN A1d ver 2.3 (1994).

Production and Trade - Trees are harvested by the selective logging system. In Gabon and the Central

African Republic the minimum bole diameter allowed for felling is 40 cm, in DR Congo and Cameroon 60 cm. Due to the high density of the wood logs do not float in water and cannot be transported by river. The wood is the true ebony of commerce from Africa and has been for a long time an important export product from Nigeria, Cameroon and Gabon. In the 1960s around 70 m^3 of wood were exported annually from Cameroon and 56 m^3 in 1972, and in 1960 Gabon exported 130 m^3 and in 1994 35 m^3. The total volumes exported from these countries are unknown, but are low at present because of dwindling stands.

References-

- Bues, C. T. et al.; *Microscopic identification of selected timbers from tropical and subtropical regions*; TU Dresden, Dresden.

- PROTA 2010; *Timber record for* ***Diospyrous crassiflora*****, Hiern**, Plant Resource of Tropical Africa (PORTA). Website link http://database. prota.org/PROTAhtml/Aucoumea%20klaineana_En.htm

- ITTO 2010; *Annual review and assessment of the world tropical timber situation 2009.*

- http://www. iucnr- edlist.org/apps/redlist/details/33048/0

REDD-Plus INFORMATION -10 –

Agro- forestry in the Context of REDD-Plus

By

U Sein Thet (Project Coordinator, ITTO REDD – Plus Project)

The one-day dialogue jointly organized by Asia Indigenous Peoples Pact (AIPP) and the UN-REDD Programme was held on 31 August 2012 in Bangkok, Thailand. The main objectives of the dialogue were to inform participants on the UN-REDD Programme's Asia-Pacific regional and global activities; discuss the views, concerns and priorities of indigenous peoples regarding the UN-REDD Programme's work in the region; and discuss and plan activities and mechanisms to improve the engagement of indigenous peoples in the UN-REDD Programme activities.

There were 74 participants representing indigenous peoples, governments and civil society organizations from Bangladesh, Cambodia, Indonesia, Lao PDR, Malaysia, Myanmar, Nepal, Philippines, Papua New Guinea, Solomon Islands, Sri Lanka, Thailand and Vietnam, as well as representatives of three UN agencies [UNDP,FAO and UNEP] under the UN-REDD Programme.

The Key points that emerged during the workshop were the urgency to develop appropriate and customized information materials based on local conditions [to bridge the gap on the lack of information in many indigenous and local communities in REDD+ countries]; concerns about land grabbing in the name of conservation, the need for policy reforms at the national level, especially in recognizing land and forest tenure rights, the central role of communities in forest conservation, and the need to engage, not sideline indigenous peoples,

A common and important problem that indigenous peoples encounter is the violation of their rights to lands, territories and natural resources. This problem is getting more and more serious as natural resource extraction is expanding into even the remotest areas, and it is particularly bad in countries where there are no national laws recognizing indigenous peoples' land rights. What's more, in many countries not even the existence of indigenous peoples is recognized in laws and policies. The denial of the right to land and resources, as well as the right to their use and management, is one of the causes of biodiversity loss among indigenous peoples, and it leads to tremendous hardship among many indigenous communities.

. REDD+ is being implemented in developing countries in the tropics and sub-tropics and is focusing on forest areas – in many places,

the traditional and customary territories of indigenous peoples. These forests have been inhabited by indigenous communities for hundreds if not thousands of years. Indigenous peoples have used, managed and shaped these forests in different ways. Rather than destroying them, traditional land use and management practices have led to more diverse landscapes, and thus to an increase in biodiversity.

There may also be new opportunities that may help the indigenous peoples in their struggles if the fundamental rights of indigenous peoples are respected and if control of the design and management of REDD+ projects is in the hands of indigenous peoples. The positions of indigenous organisations on REDD+ therefore differ considerably. Some groups vehemently oppose the idea of treating forests mainly as a carbon storage, and they reject any form of forest carbon trading. Others accept that there could be benefits, and demand that indigenous peoples' positions are included in international and national processes.

There are various constraints and problems encountered in forest management. Due to the increase in population and demands on forest products and for agriculture, unauthorized human interventions in the forms of ***shifting cultivation***, agricultural expansion and illicit logging etc. result in forest depletion and degradation with declining production. Myanmar has a wide variety of natural ecosystems ranging from land and forest ecosystems to marine, coastal and mountain ecosystem. These various ecosystems provide rich biological resources to the country.

It is evident that shifting cultivation is a major cause of forest depletion and degradation. It is, on the other hand, not merely an economic practice and a way of life evolved in consonance with the physiographic set up. To address this issue, a national level multi-sectoral programme of highlands reclamations has been developed and actions are underway. The program clearly encourages the upkeep of traditional land use system, customary rights and cultural values. In cooperation with other sectors, FD has been implementing activities as follow;

(i) Community forestry based on agroforestry systems;
(ii) Provision of improved technologies, complementing traditional forest-related local knowledge;
(iii) Recruiting shifting cultivators into routine forestry operations such as plantation establishment;
(iv) Enhancing income- generating opportunities; and
(v) Provision of awareness raising campaigns and extension services.

Sustainable forest management involves systematic planning of the commercial wood production while meeting the basic needs for food, water, shelter, fuel, fodder and other purposes. It also includes setting up protected areas systems (PAS) for protection of plants and wildlife or for recreational or environmental purposes. In addition, it covers the rehabilitation of wastelands and degraded forests, the integration of trees in the farming landscape and the promotion of agroforestry. It is an integrated approach, requiring collaboration among government agencies, non-governmental organizations (NGOs) and above all, people, especially those living in and around the forests.

People living in and near forests traditionally obtain significant portions of their diets from forests. Forest foods are particularly important in predominantly subsistence economies in remote areas. In agricultural areas, the most widespread direct contribution of forestry to food production is through food-producing trees on farm and fallow land and around homes. The extent of this contribution varies widely. At one end of the spectrum are the sophisticated "home gardens" At the other extreme, is the single mango tree, or other fruit tree, planted in the family backyard.

The decline in productivity of agriculture and more pressure on land at hilly areas can cause many watershed management problems in future, related to soil and water losses. This vicious cycle is to be interrupted before the situation of the **border** areas people has further deteriorated, by improving living

standards of the people through agri-sylvo-pastoral and conservation measures, employment opportunities, income generating and infrastructural development. Cropping systems which enable the farmers to provide permanent cultivation with sustainable yield on a given area of land and a good return to labour will be the key of proposed agroforestry interventions.

Agroforestry practices in Myanmar have been developed especially by farmers, as can be seen from existing evidence and elsewhere throughout the country. In some places, these trees are more than a hundred years old. There is a number of land-use practices in Myanmar, which can be classified as agroforestry such as **farm based agroforestry** (trees in and round agricultural fields, etc.) and **forest based agroforestry** (shifting cultivation, etc).

In most shifting cultivation areas of evergreen and deciduous forests, agroforestry systems offer and cheaper and less risky alternative than intensive food crop production or monoculture. Since several agroforestry models have been developed and tested for their economic and field acceptability by several research institutions all over the world, it is worth while considering some models which already popular and would need some necessary modifications as required for the rural development and REDD+ in Myanmar.

Integral Agroforstry, which is simultaneous and continuous integration of forest and food crops a potential strategy for stabilizing shifting cultivation and sustaining productivity could be introduced at rural area on degraded forest fallow lands. Regeneration with the aid of ***Taungya*** method developed in Myanmar in the mid 1800s has been more effective in arresting the rapid advance of shifting cultivation. ***Taungya*** means literally hill cultivation and is the Myanma name given to the shifting cultivation. The regeneration with the aid of ***Taungya*** (Agroforestry) or the ***Taungya*** plantations of Myanmar were started since 1869 and still practicing in Myanma forestry regeneration programme. But this method of T***aungya*** consists of simultaneous wood and food crops at the early stage and pure forest towards the end. To improve this system and to create permanence of the farm site, it really needs ***integral agroforestry.***

The Second Wave Reform Strategy is now being initiated and implemented in Myanmar. The country still have challenges to overcome on strengthening surveillance and response strengthening better cooperation and collaboration for " People centered Approach. Currently, the international community already has started exploring the investment opportunities in Myanmar. In this regard, series of forums, seminars and business meeting are taking place between Myanmar officials, citizen entrepreneurs and foreign businesspersons and diplomats eager for a business partnership or a business initiative through financial capital they will bring into our country. In fact, local and foreign investments are a very important issue of Myanmar that is ever accelerating and promoting its reform process till it grows powerful enough to cover every corner and every sector, as the country needs significant progress in multiple aspects. We must also invite criticism and suggestions lift unnecessary restrictions and controls, carry out staff capacity-building programmes and facilitate work procedures and foreign currency flow so that our country will be ready for any foreign partnership, foreign joint-venture or foreign firm wishing to make investments and do business with us on mutual interest. So, an environment friendly to foreign direct investment and international businesses is a must for our country, especially on Agro-forestry in the context of REDD-Plus.

References; - Lessons from REDD+ Initiatives in Asia. AIPP/WGIA, AIPP Printing Co.LTD,2012.

- U sein Thet (2013):- Policy Review on Forestry Sector; ARDC, March 2013, Yangon.

မြန်မာ့သစ်လုပ်ငန်းကဏ္ဍ

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် နှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဖြေလ
ကျွန်းသစ်လုံးအတန်းအစားအလိုက် ပျမ်းမျှစျေးနှုန်းနှင့် ဝင်ငွေအခြေအနေ(တင်ဒါ)

စဉ်	အတန်းအစား	၂၀၁၃-၂၀၁၄ ခုနှစ် တစ်နှစ် လုံး၏ ပျမ်းမျှ တစ်တန်နှုန်း	၂၀၁၄ခုနှစ် ၊ ဖြေလ	
			တန်ချိန်	ပျမ်းမျှ တစ်တန်နှုန်း
၁။	သစ်ပါးလွှာပထမတန်း (First Quality)	–	–	–
၂။	သစ်ပါးလွှာ ဒုတိယတန်း (Second Quality)	–	–	–
၃။	သစ်ပါးလွှာတတိယတန်း (Third Quality)	–	–	–
၄။	သစ်ပါးလွှာစတုတ္ထတန်း (Fourth Quality)	–	–	–
၅။	စက်ခွဲအတန်းအစား(၁) (Sawing Grade-1)	၄၉၉၁	၁၅	၃၈၈၉
၆။	စက်ခွဲအတန်းအစား(၂) (Sawing Grade-2)	၄၁၆၃	၁၄	၃၀၁၀
၇။	စက်ခွဲအတန်းအစား(၃) (Sawing Grade-3)	၃၂၂၆	၅၃	၂၈၄၀
၈။	စက်ခွဲအတန်းအစား(၄) (Sawing Grade-4)	၂၆၀၀	၁၅	၂၂၆၆
၉။	စက်ခွဲအတန်းအစား(၅) (Sawing Grade-5)	၂၀၃၆	၂၃	၁၆၆၆
	စုစုပေါင်းရောင်းချငွေ		၁၂၄	
	စုစုပေါင်းဝင်ငွေ (အခမဲ့ကုန်ခေါ်လာသည်း)			၀၊၃၃၆

မေတ္တာရပ်ခံချက်–

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဂျာနယ်သို့ စာမူများပေးပို့သော ဆောင်းပါးရှင်များအား အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် ကျေးဇူးတင်လွှာနှင့်တကွ စာအုပ်များပေးပို့နိုင်ရန် ဆောင်းပါးများပေးပို့ပါက မိမိတို့၏ ကလောင်နာမည်အပြင် မူရင်းအမည်၊ လိပ်စာများနှင့် ဆက်သွယ်ရမည့် ဖုန်းနံပါတ်များပါ ထည့်သွင်းဖော်ပြပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

နောက်ကျောဖုံးမှ အဆက်

ခင်မာသင်း (တောအုပ်)
ဝန်းကျင်/သားငှက်ဌာန

၁၉၉၄ ခုနှစ်တွင် ရွှေသမင်စာရင်းကောက်ယူခဲ့ရာ မြို့နယ်ပေါင်း (၂၈) မြို့နယ်တွင် ရွှေသမင်ကောင်ရေ (၂၂၀၀) ခန့်တွေ့ရှိရကြောင်း၊ ၁၉၉၇ ခုနှစ်တွင် ရွှေသမင်စာရင်း ကောက်ယူခဲ့ရာမြို့နယ်ပေါင်း(၂၃)မြို့နယ်တွင် ပျံ့နှံ့ကျက်စားသည် ကိုတွေ့ရှိရကြောင်း၊ ၂၀၀၃ ခုနှစ်တွင် ထပ်မံ စာရင်းကောက်ယူခဲ့ရာ မြို့နယ်ပေါင်း (၁၈) မြို့နယ်တွင် ပျံ့နှံ့ကျက်စားသည်ကို လေ့လာတွေ့ရှိမှတ်တမ်းတင်နိုင် ခဲ့ပါသည်။

ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် ရွှေစက်တော်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတို့တွင် မတ်လနှင့် ဧပြီလအတွင်း၌ သမင်စာရင်းကောက်ယူခြင်းကို နှစ်စဉ် ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၃ ခုနှစ်၊ ရွှေသမင်စာရင်းကောက်ယူမှုမှတ်တမ်းအရ ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် သမင်ကောင်ရေ (၁၁၂၆) ကောင်နှင့် ရွှေစက်တော် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် (၁၅၇၀) ကောင်ခန့်၊ စုစုပေါင်း ရွှေသမင်ကောင်ရေ (၂၆၉၆) ကောင်ခန့်ရှိပါမည်။

မြန်မာ့ရွှေသမင်များ၏ ပြင်ပလက္ခဏာများမှာ ဦးခေါင်းပိုင်းနှင့် ခန္ဓာကိုယ်ပိုင်းအရှည် ၁၅၀ - ၁၈၀ စင်တီမီတာရှိသည်။ အမြီးမှာ ၂၂ - ၂၅ စင်တီမီတာရှည်သည်။ ခန္ဓာကိုယ် အမွေးအရောင်မှာ အဝါရောင်ရောသည့် နီညိုရောင်ဖြစ်သည်။ ဝမ်းဖက်ပိုင်း အဖြူရောင်နှင့် ရာသီအလိုက် အမွေးရောင်အနည်းငယ် ကွဲပြားသည်။ သမင်အထီးများတွင် လည်ဆဲမွေး ခပ်ထူထူဖြစ်ပေါ် နေတတ်ပြီး၊ ဦးခေါင်းပိုင်းနောက်နှင့် လည်ပင်းတစ်လျှောက်တွင် အရောင်ပို၍ နက်သော လည်ဆဲမွေးရှည် အလွှာလိုက်အုပ်နေသည်။ ဦးချိုတည်ဆောက်ပုံမှာ ဆတ်၊ ချေနှင့် ဒရယ်တို့၏ ဦးချိုတည်ဆောက်ပုံနှင့် ကွဲပြားသည်။

မိတ်လိုက်ခြိန်သည် ဖေဖော်ဝါရီလမှ ဧပြီလကုန်ပိုင်းအထိဖြစ်သည်။ ကိုယ်ဝန်ဆောင်ချိန် ကာလမှာ (၈) လဖြစ်ပြီး၊ တစ်ကြိမ်လျှင် (၁)ကောင်သာမွေးသည်။ အုပ်စုဖွဲ့၍ နေသည်ကို တွေ့ရတတ်သော်လည်း မိတ်လိုက်ရာသီကုန်သည့် မေလနောက်ပိုင်းတွင် အထီးများကို အုပ်စုတွင် မတွေ့ရတော့ပါ။ သမင်များသည် အင်တိုင်းတောများနှင့် မြင်ခင်းပြင်များတွင် နေထိုင်ကျက်စားသည်။ နံနက်စောစောနှင့် ညနေခင်းတွင် ထွက်၍ အစာရှာသည့် သတ္တဝါဖြစ်သည်။ စပါးခင်းများတွင် ဝင်ရောက်၍ စပါးများစားသောက်ခြင်း၊ မြက်နုများ၊ ဖန်းခါးသီး၊ လွန်ဖိုသီး၊ မှန်ညိုသီးများနှင့် ဇီးဖြူသီးများ စားသောက်လေ့ရှိသည်။

ယခုအခါ မြန်မာ့ရွှေသမင်များ မျိုးသုဉ်းမှုအန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့နေရသည့် အဓိကအကြောင်းအရင်းများမှာ -

(က) ရွှေသမင်များအား လူတို့မှ အသား၊ ဦးချို၊ လူအသုံးအဆောင် ပစ္စည်းများပြုလုပ်ရန်အတွက် တရားမဝင် အမဲလိုက် ပစ်ခတ်သတ်ဖြတ်ခြင်း၊

(ခ) လူဦးရေတိုးပွားလာသည်နှင့်အမျှ တရားမဝင် သစ်ခိုးထုတ်ခြင်း၊ တရားမဝင်ရွှေ၊ သတ္တု၊ ကျောက် စသည်များ ထုတ်ယူခြင်း၊ လူများဝင်ရောက် အခြေချနေထိုင်ခြင်း၊ စိုက်ပျိုးမြေ၊ လယ်ယာမြေများ ကျူးကျော်ချဲ့ထွင်လာခြင်းတို့ကြောင့် ၎င်းတို့၏ နေရင်းဒေသ သဘာဝတောများ ပျက်စီးလာခြင်း၊

(ဂ) အဝေးပြေးလမ်းမကြီးများဖောက်လုပ်ခြင်း၊ ဆည်မြောင်းတာတမံများ တည်ဆောက်ခြင်းတို့ကြောင့် တိရစ္ဆာန်များ၏ ဖြတ်ကူးလမ်းများ၊ စားကျက်နေရာများ ကျဉ်းမြောင်း ရှားပါးလာခြင်းတို့ကြောင့် ဖြစ်ပါသည်။

ထို့ကြောင့် မြန်မာ့ရွှေသမင်များ မျိုးသုဉ်းပျောက်ကွယ်မှု မရှိစေရေးအတွက် အချိန်မီ ဝိုင်းဝန်း ထိန်းသိမ်းရန် လိုအပ်မည်ဖြစ်ပါကြောင်း ရေးသား တင်ပြလိုက်ရပါသည်။

++++++++++

မြန်မာ့ ရွှေသမင်

(Brow-antlered Deer- Rucervus eldii thamin)

မြန်မာနိုင်ငံတွင် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များရရှိသည့် တည်တံ့စေရေးနှင့် မျိုးသုဉ်းပျောက်ကွယ်မှုမရှိစေရေးအတွက် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေကိုပြဋ္ဌာန်း၍ ထိန်းသိမ်းကာကွယ်လျက်ရှိပါသည်။ လေ့လာမှုမှတ်တမ်းများအရ နို့တိုက်သတ္တဝါမျိုးစိတ်ပေါင်း (၃၀၀)ခန့်၊ တွားသွားသတ္တဝါမျိုးစိတ်ပေါင်း(၃၀၂)မျိုးနှင့် ငှက်မျိုးစိတ်ပေါင်း (၁၀၅၆) မျိုးမှတ်တမ်းတင်ထားရှိပါသည်။

နို့တိုက်သတ္တဝါမျိုးစိတ်ဖြစ်သော မြန်မာ့ရွှေသမင်(*Rucervus eldii thamin*)သည် မြန်မာနိုင်ငံ၏ ဒေသဂုဏ်မျိုးစိတ်ဖြစ်ပြီး၊ မြန်မာနိုင်ငံအတွင်း မျိုးသုဉ်းမည့်အန္တရာယ်မှ ကာကွယ်ရမည့် တောရိုင်းတိရစ္ဆာန်များစာရင်းတွင် လုံးဝ ကာကွယ်ထားသည့် အဆင့်တွင် ပါဝင်ပါသည်။ သမင် (*Rucervus eldii eldii*) သည် အိန္ဒိယမျိုးစိတ်ဖြစ်ပြီး အိန္ဒိယနိုင်ငံ၊ မဏိပူရပြည်နယ်၌ တွေ့ရှိရပြီး သမင်ကောင်ရေ (၂၀၀) ခန့် ရှိကြောင်း၊ သမင် (*Rucervus eldii siamensis*) သည် ထိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်နှင့် ဟိုင်နမ်ကျွန်းတို့တွင် တွေ့ရှိရပြီး သမင်ကောင်ရေ (၁၀) ကောင်မှ (၃၀) ကောင်ခန့်သာကျန်ရှိကြောင်း မှတ်တမ်းများအရသိရှိရပါသည်။

မြန်မာနိုင်ငံ တစ်နိုင်ငံလုံး သမင်စာရင်းကောက်ယူမှုမှတ်တမ်းများအရ ၁၉၇၀ ခုနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးများအတွင်းရှိ ရွှေဘိခရိုင်၊ မင်းဘူးခရိုင်၊ မိတ္ထီလာ၊ သရက်ခရိုင်နှင့် ပခုက္ကူခရိုင်များအတွင်း ရွှေသမင်စာရင်း ကောက်ယူခဲ့ရာ မြို့နယ်ပေါင်း (၃၄) မြို့နယ်တွင် ရွှေသမင်အကောင်ရေ (၄၀၀၀) ခန့်တွေ့ရှိရပါသည်။

စာမျက်နှာ (၅၁)သို့ ➤ ➤

သတင်း၊ သတင်းဇာတ်ပို့၊ ဆောင်းပါး၊ ဝတ္ထု ၊ ကာတွန်း၊ ကဗျာများအား ပေးပို့ နိုင်ပါကြောင်း
မေတ္တာရပ်ခံအပ်ပါသည်။